

www.burmeseclassic.com
ဘုန်းကြွယ်
ကျူး ယှ ၏ လျှ တိ ဝှူး ဝု
သိုင်းလောကအိမ်
ဒု-ဓာတ်သိမ်း
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြွယ်

# သိုင်းလှောင်အိမ်

BURMESE CLASSIC .com

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ဒုတိယအကြိမ်မြောက်

ည…

ည၏အမှောင်သည် တဖြည်းဖြည်း ဆုတ်ယုတ်စ ပြုလာပြီ ဖြစ်သည်။

ညသည် တိတ်ဆိတ်စွာ ရှိမနေပါ။

ဆူညံပွက်လောရိုက်နေပေသည်။

အကြောင်းမှာ…

သူဌေးကြီးလော်ဖုံး၏လူများကြောင့် ဖြစ်သည်။

အမုန်းမိစ္ဆာကား ထွက်ပြေးသွားချေပြီ။

လော်ဖုံး၏တပည့်များသည် ဆူညံစွာ အော်ဟစ်ညာသံ ပေးယင်း အမုန်းမိစ္ဆာနောက် လိုက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့သော ဝတ်စုံနက်မှာ ထိုလူများအား ငေးကြည့်နေမိသည်။

ဆူညံသော အသံများ တဖြည်းဖြည်း ဝေးကွာသွားမှ ဝတ်စုံနက်နှင့်လူမှာ သတိဝင်လာပုံရ၏။

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

သူ့အနေဖြင့် ယနေ့အဖို့ ဖိတ်စာမပေးဖြစ်တော့ပါ။

သူဌေးကြီးလော်ဖုံးအတွက် ကံကောင်းသည်ဟု ဆိုရပေမည်။

သို့သော်...

ဖိတ်စာချခြင်း မချခြင်းသည် အရေးကြီးမည် မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော်...

လော်ဖုံးသည် နောက်သုံးရက်အတွင်း သေရမည်ကို သူသိထားသည် မဟုတ်ပါလား။

ဝတ်စုံနက်သည် ကျောနပ်ဟန်ဖြင့် ဦးခေါင်းတစ်ချက် ညိတ်ကာ ထိုနေရာ၏ ဆန့်ကျင်ဘက် အရပ်ဆီသို့ ထွက်ခွာသွားလေသည်။

မကြာမီ မိုးလင်းလာပေတော့မည်။

* * *



ထင်းလင်း၊ မုရသေ့နှင့် ရွှေလက်သမားတော်တို့သည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြသည်။

သူတို့သည် ထိုမြို့ကလေးတွင် ခေတ္တနားရန် ဆုံးဖြတ်လိုက်ကြလေသည်။

ရွှေလက်သမားတော်မှာ နံနက်ရောက်လျှင် လမ်းခွဲပြီး ဘဝသစ်တောင်ကြားသို့ ပြန်သွားတော့မည် ဖြစ်သည်။

သူတို့သုံးဦးသည် တည်းခိုခန်းတွင် အခန်းတစ်ခုစီ ငှားရမ်းနေထိုင်ကာ ရွှေလက်သမားတော်အား နှုတ်ဆက်ပွဲအဖြစ် ညစာ့ခံကျွေးမွေးလိုက်ကြ၏။

ထိုနေ့က အတော်ညဥ့်နက်မှပင် ကိုယ့်အခန်းကိုယ် ပြန်လည်ရောက်ရှိကြလေသည်။

ထင်းလင်းမှာ ခုတင်ပေါ်တွင် လဲလျောင်းနေ၏။

ညဥ့်အတော်နက်နေပြီ ဖြစ်သည့်တိုင် အိပ်၍ မပျော်နိုင်သေးဘဲ ဖြစ်နေသည်။

အတွေးရေယဉ်ကြော၌ နစ်မျောနေသည်။

သူတို့၏လှုပ်ရှားမှုသည် လုံးဝအရာထင်ခြင်း မရှိပါ။

မမြင်ရသော ရန်သူကို ရမ်းသမ်းလိုက်နေရခြင်းသာ ဖြစ်ပေသည်။

သူတို့သည် အမုန်းမိစ္ဆာနှင့် ရင်ဆိုင်တွေ့လျှင်သော်မှ ထိုလူအား အမုန်းမိစ္ဆာဟုသိမည် မဟုတ်ပါချေ။

မည်သူက အမုန်းမိစ္ဆာကို သိရှိပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ...

လူများစွာ သေဆုံးခဲ့ရပြီ ဖြစ်သည်။

သူတို့အဖို့မူ လေကိုသာ ဖမ်းဆုပ်နေရသလို ရှိနေ၏။

တရားခံအား လုံးဝဖမ်းမိနိုင်ခြင်း မရှိခဲ့ပေ။

အားကိုးစရာမှာ သံမဏိအာဏာသား၏ ထောက်လှမ်းရေးသမားများသာ ဖြစ်နေသည့် အခြေအနေသို့ပင် ဆိုက်ရောက်နေပါသည်။

မိမိတို့အဖို့ကား ဘာမျှ စွမ်းဆောင်နိုင်ခြင်း မရှိသေးပါ။

တွေးယင်း ထင်းလင်းမှာ ချွေးပြန်လာလေသည်။

အိပ်ရာမှထကာ ပြတင်းတံခါးကို တွန်းဖွင့်လိုက်၏။

ပြတင်းတံခါး ပွင့်သွားသည့်အခါ လရောင်နှင့်အတူ အေးမြသော လေသည် အခန်းတွင်းသို့ ရုတ်ခနဲ တိုးဝင်လာလေသည်။

သန့်ရှင်းလတ်ဆတ်သော လေကို ထင်းလင်း တဝကြီး ရှူရှိုက်လိုက်၏။

ထို့နောက်...

ဘာရယ်မဟုတ်ဘဲ အပြင်သို့ ငေးမျှော်ကြည့်နေမိလေသည်။

ကောင်းကင်တွင် လဝန်းထိန်ထိန်သာနေ၏။

ပြည့်ရွှန်းတောက်ပနေသော လဝန်းကြီးကို ကြည့်ကာ ကြူးယွင်၏မျက်နှာလေးကို မြင်ယောင်လာလေသည်။

သူ၏ရင်ထဲ နွေးထွေးသွားသည်။



သူသည်လည်း ကြူးယွင်အပေါ် သံယောဇဉ် ဖြစ်မိပေသည်။

မာနကြီးကာ စိတ်ထားမှန်းဆရခက်သော ကြူးယွင်၏ အမှန်းများ ပြေပါစေဟု ရင်ထဲမှ ကြိတ်၍လည်း ဆုတောင်းနေမိလေသည်။

အတန်ကြာ ငေးမောနေပြီးနောက် အိပ်ရာဝင်ရန် သတိရလာသည်။

ပြတင်းတံခါးအား ပိတ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

အဝေးရှိ ခေါင်မိုးပေါ်တွင် လူရိပ်လိုလို အရာဝတ္ထုတစ်ခုကို ရိပ်ခနဲ တွေ့မြင်လိုက်ရသည်။

ထိုမြင်ကွင်းကြောင့် ထင်းလင်း မျက်မှောင်ကုပ်သွားမိလေသည်။

သူက သေချာစွာ စူးစိုက်ကြည့်ယင်းမှ...

"ဟင် လူရိပ်တစ်ခုပါလား"

ဟုတအံ့တသြဖြင့် ရေရွတ်လိုက်မိသည်။

မှန်ပါသည်။

ထိုအရာဝတ္ထုသည် လူရိပ်တစ်ရိပ်ပင် ဖြစ်ပါ၏။

ထင်းလင်း စိတ်ဝင်စားသွားသည်။

"ဒီလူရိပ်က ဘယ်သူလဲ၊ ဘာကြောင့် ညအချိန်မတော် သွားလာလှုပ်ရှားနေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းများ ဖြစ်ပေါ်လာသည်။

သူက သိချင်စိတ်အား ထိန်းချုပ်မရနိုင်တော့ပေ။

ဓားဆွဲထုတ်ပြီး ပြတင်းပေါက်မှ ခုန်ထွက်လိုက်၏။

ထို့နောက်...

လူရိပ်သွားရာဘက်သို့ ကိုယ်ဖော့ပညာ အသုံးပြုကာ ချက်ချင်းပြေးလိုက်သွားလေတော့သည်။

* * *



ကောင်းကင်ပေါ်ဝယ် တိမ်တိုက်များ ရုတ်တရက် ဖုံးအုပ်သွားသည်။

ထို့ကြောင့် ဝန်းကျင်တစ်ခုလုံး ရုတ်တရက် မှောင်အတိ ကျသွားသည်ဟု ထင်ရ၏။

မကြာမီ...

ကောင်းကင်ပေါ်၌ လဝန်းပြန်လည် ထွက်ပေါ်လာပြီး လင်းလင်းချင်းချင်း ဖြစ်လာသည်။

လရောင် ထွက်ပေါ်လာသောကြောင့် လူရိပ်နှစ်ခုသည် ရှေ့ဆင့်နောက်ဆင့် ပြေးလွှားနေသည်ကို တွေ့မြင်ရပေမည်။

ရှေ့ဆုံးမှ လူရိပ်သည် အစပိုင်း၌ ဖြည်းဖြည်းမှန်မှန်ဖြင့် သွားနေသည်။

နောက်ပိုင်းမှ...

သူ၏နောက်ဝယ် လူတစ်ယောက် နောက်ယောင်ခံ လိုက်လာသည်ကို သိရှိသွားပြီး ဖြည်းဖြည်းမှန်မှန် သွားနေရာမှ ပို၍ လျင်မြန်စွာ ပြေးလွှားသွားလေတော့သည်။

နောက်မှ လူရိပ်ကလည်း မျက်ခြည်ပြတ်မခံဘဲ ထပ်ကြပ်မကွာ လိုက်ပါလာ၏။

ဤသို့ဖြင့်...

ရှေ့ဆင့်နောက်ဆင့် ပြေးလာကြရာ မကြာမီ မြို့စွန်နားသို့ ရောက်မှန်းမသိ ရောက်ရှိလာကြတော့သည်။

ရှေ့မှ လူရိပ်မှာ အိမ်တန်းကုန်သွားသဖြင့် ခေါင်မိုးပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ခုန်ချပြီး ဆက်လက်ပြေးသွားပြန်သည်။

နောက်မှ လူကလည်း အလျှော့မပေးဘဲ ထပ်ကြပ်မကွာ လိုက်ပါသွားလေသည်။

ထိုလူကား ထင်းလင်းပင် ဖြစ်ပါသည်။

ရှေ့မှ လူရိပ်ကို မသင်္ကာသဖြင့် နောက်မှ လိုက်လာခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ပြေးယင်း လိုက်ယင်းဖြင့် မြို့တံခါးဆီသို့ ရောက်ရှိ လာခဲ့သည်။

ထိုအခါ...

ရှေ့မှ လူရိပ်သည် ရုတ်တရက် ရပ်တန့်သွားတော့၏။

အကြောင်းမှာ...

မြို့တံခါး ပိတ်ထားသောကြောင့် ဖြစ်၏။

ရှေ့မှ လူရိပ် ရပ်သွားပြီး တပြိုင်နက် ထင်းလင်း ရောက်ရှိ လာသည်။

ထင်းလင်းသည် ထိုလူနှင့် ခြေလှမ်းငါးလှမ်းခန့် အကွာတွင် ရပ်တန့်သွား၏။

ထိုလူက ထင်းလင်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

တဖန်...

ထင်းလင်းအား စိုက်ကြည့်လိုက်ပြီး...

"မင်း ဘာကြောင့် ငါ့နောက်ကို လိုက်လာရတာလဲ"

အေးစက်စက် လေသံဖြင့် မေးလိုက်သည်။



သူ၏လေသံမှာ ရန်လိုမှုအပြည့် ရှိနေ၏။

ထင်းလင်းသည် ထိုလူအား သေချာစွာ မြင်တွေ့လိုက်ရ သည့်အခါ အံ့အားသင့်သွား၏။

"ဩော်...မင်းကိုး"

သူက ထိုလူအား တွေ့ရလိမ့်မည်ဟု လုံးဝမထင်မိချေ။

အကြောင်းမှာ...

ထိုလူသည် ချောက်ထဲကျကာ သေဆုံးသွားပြီဟု ထင်မှတ် ခဲ့သော သက်ချွေးဓားဝမ်းဝေရှန်းပင် မဟုတ်ပါလား။

ဝမ်းဝေရှမ်းမှာလည်း ယခုမှပင် ထင်းလင်း၏မျက်နှာအား သဲကွဲစွာ တွေ့မြင်သွားလေသည်။

"ငါ့ကို လိုက်နှောင့်ယှက်နေတာ လက်စသတ်တော့ မင်း ဖြစ်နေတာကိုး"

နှုတ်မှ ရေရွတ်ယင်း ဝမ်းဝေရှန်း၏မျက်နှာတစ်ခုလုံး တင်း မာခက်ထန်သွားလေသည်။

ထင်းလင်းမှာ ဝမ်းဝေရှန်း မသေမှန်းသိလျှင် ဝမ်းသာသွား လေသည်။

သူက အသာအယာ ပြုံးပြယင်း...

"မင်း မသေတာ ငါဝမ်းသာပါတယ်၊ မင်း အခု ဘာလုပ်ဖို့ ညကြီးမင်းကြီး လျှောက်သွားနေရတာလဲ"

ဟုမေးလိုက်၏။

ဝမ်းဝေရှန်းက...

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်လုပ် မင်းအပူမပါဘူး"

တဆက်တည်းပင် နှုတ်ခမ်းတစ်ချက်မဲ့ကာ...

"ငါလည်း မင်းကို တွေ့ရတာ ဝမ်းသာတယ်၊ ဘာကြောင့်လဲဆိုတော့ ငါမသေတဲ့အတွက် မင်းသေရမှာမို့ပဲ"

ဟုအေးစက်စွာ ပြောလိုက်၏။

ထင်းလင်း သက်ပြင်းချလိုက်သည်။

ဝမ်းဝေ့ရှန်းအား အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီးနောက် ခေါင်းခါယမ်းလိုက်သည်။

"မင်း ဘာလို့ ငါ့ကို ရန်လိုနေတာလဲ"

ဝမ်းဝေ့ရှန်းက...

"မင်းကကော ဘာလို့ ငါ့အလုပ်တွေကို နှောင့်ယှက်ပြီး သေကြောင်းကြံရတာလဲ"

လေသံမာမာဖြင့် မေးလိုက်၏။

ထင်းလင်းက...

"ငါ ဘယ်သူ့အပေါ်မှာ ဒုက္ခရောက်ပါစေလို့ မရည်ရွယ်ဖူးဘူး၊ မင်းကိုလဲ မသတ်ပါဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရယင် မင်းနဲ့ မိတ်ဆွေတောင် ဖြစ်ချင်ပါသေးတယ်"

"ဟား..ဟား..ဟား"

ထင်းလင်း၏စကားကြားလျှင် ဝမ်းဝေ့ရှန်းမှာ သဘောကျစွာ ရယ်မောလိုက်၏။

ထင်းလင်းက ဘာမျှမပြောဘဲ ငေးကြည့်နေ၏။



အတန်ကြာ ရယ်မောပြီးမှ ဝမ်းဝေ့ရှန်းက...

"မင်းအလှည့်ကျတော့ သေမှာ ကြောက်နေသလား၊ ဒါပေမယ့် ငါကတော့ သက်ညှာမှာ မဟုတ်ဘူး"

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထင်းလင်း လက်ကာပြယင်း...

"ငါသေရမှာ မကြောက်ဘူး၊ ငါနားမလည်တာက မင်း ဘာကြောင့် ငါ့ကို တိုက်ခိုက်ချင်ရတာလဲ၊ ရန်လိုချင်ရတာလဲ"

သူ၏စကားကြောင့် ဝမ်းဝေ့ရှန်းမှာ ရုတ်တရက် ငေးငိုင်သွားမိသည်။

သို့သော်...

ချက်ချင်းပင် အံတစ်ချက်ကြိတ်ယင်း...

"ဘာကြောင့်လဲ ဟုတ်လား၊ မင်းက ငါ့ထက် ကျော်ကြားနေတယ် မဟုတ်လား"

ထင်းလင်း လေပူမှုတ်ထုတ်လိုက်၏။

"ဒီအတွက်ကြောင့်ဆိုယင် မင်းမှားနေပြီ"

"ဘာ ငါမှားတယ် ဟုတ်လား"

ထင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝမ်းဝေ့ရှန်း နှာခေါင်းတစ်ချက်ရှုံ့ကာ...

"မမှားဘူးကွ၊ မင်းသေမှ ပထမနေရာကို ငါရမှာ၊ ဒါပဲ နားလည်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ထင်းလင်း မျက်မှောင်ကုပ်လိုက်သည်။

"ပထမနေရာ ဟုတ်လား"

ဝမ်းဝေရှန်းက...

"ဟုတ်တယ်"

ထင်းလင်း၏မျက်နှာ တည်ကြည်သွားသည်။

"ငါ ဘယ်တော့မှ ပထမနေရာကို မမက်မောဘူး၊ လိုလဲ မလိုချင်ဘူး၊ ငါ့အနေနဲ့ ဆောင်ရွက်စရာတွေ ပြီးယင် သိုင်းလောကမှာ ခြေချမှာတောင် မဟုတ်တော့ဘူး"

ထိုစကားကြောင့် ဝမ်းဝေရှန်းပင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ပြီးမှ ခေါင်းယမ်းကာ...

"ဟား..ဟား..ဟား၊ သွေးရူးသွေးတန်းနဲ့ ပြောမနေနဲ့ အသင့်ပြင်ထား၊ ဟိုတစ်ကြိမ်က အနိုင်ရခဲ့ပေမယ့် ဒီတစ်ကြိမ်မှာ တော့ မင်းသေကိုသေရမယ်"

ပြောပြောဆိုဆိုဖြင့် ဝမ်းဝေရှန်းသည် ထင်းလင်းအား စတင် တိုက်ခိုက်လိုက်လေသည်။

ထင်းလင်း ရင်ထိတ်သွားသည်။

ကပျာကယာ ရှောင်တိမ်းယင်း...

"မင်းနောင်တရဖို့ ကောင်းပြီ၊ သိုင်းလောကမှာ နာမည် ကျော်ကြားချင်ယင် ရိုးသားတဲ့နည်းနဲ့ ကြိုးစားပါ၊ မင်းမှာ အရည် အချင်းရှိတာပဲ၊ တစ်နေ့ နာမည်ထွက်လာမှာပေါ့၊ ပြီးတော့ သိုင်း



လောကကို စိုးမိုးဖို့ ဘယ်တော့မှ မကြံစည်နဲ့၊ စိုးမိုးဖို့ ကြံစည်တဲ့ လူတိုင်း ကျဆုံးရတာချည်းပဲ၊ ဒါကို သတိထားပါ"

ဝမ်းဝေရှန်းက...

"ထင်းလင်း အပိုတွေ ပြောမနေနဲ့၊ မင်းက တာဝန်တွေ ပြီးယင် သိုင်းလောကထဲက ထွက်သွားမယ် ဟုတ်လား၊ အေး မှတ် ထား၊ ငါကတော့ မင်းလိုမဟုတ်ဘူး၊ ငါ့ရန်သူတွေ ရှင်းပြီးတာနဲ့ သိုင်းလောကမှာ ပထမ နေရာရရှိအောင် ငါလုပ်ပြမယ်ကွ"

"မင်းအတွေးတွေ မှားယွင်းနေပြီ"

"ငါ့အတွေးတွေ မမှားဘူးဆိုတာ အခု မင်းကိုသတ်ပြီး အရင်သက်သေပြမယ်"

စကားဆုံးလျှင် ရှေ့သို့ ခုန်ထွက်လာသည်။

တဆက်တည်းပင်...

"ယား"

ညာသံပေးကာ ထင်းလင်းအား ပြင်းထန်စွာ တိုက်ခိုက် လိုက်တော့သည်။

ထင်းလင်း စိတ်ပျက်သွားသည်။

သူက ပြန်လည်တိုက်ခိုက်ခြင်း မပြုပါ။

နောက်ဆုတ်ကာ ရှောင်တိမ်းပေးလိုက်သည်။

ဝမ်းဝေရှန်းက ထပ်မံတိုက်ခိုက်သော်လည်း ထင်းလင်းက ပြန်မတိုက်ဘဲ ရှောင်တိမ်း၍သာ နေလေသည်။

ယင်းသို့ ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ ရှောင်တိမ်းနေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည် မိမိအား သက်သက်မဲ့ အထင်သေးခြင်းသာ ဖြစ်သည်ဟု ဝမ်းဝေရှန်း ယူဆလေသည်။

ထို့ကြောင့်...

ပို၍ ဒေါသထွက်လာလေသည်။

"သေပေတော့"

အော်ငေါက်ယင်း ပို၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ ပို၍ ပြင်းထန်လာလေသည်။

ထင်းလင်း ရင်ထိတ်သွားသည်။

သူသည် ရှောင်တိမ်းနေရာမှ တစ်စထက်တစ်စ ပို၍ အကြပ်ရိုက်လာလေသည်။

ဆက်၍ ရှောင်တိမ်းနေလျှင် သူ့အား ထိခိုက်လာနိုင်ကြောင်း နားလည်မိ၏။

ထို့ကြောင့်...

နောက်ဆုတ်ရန် စဉ်းစားလိုက်သည်။

သို့သော် ဝမ်းဝေရှန်းက နောက်ဆုတ်ခွင့်မပေးတော့ပါ။

သဲကြီးမဲကြီးပင် ပိတ်ဆို့တိုက်ခိုက်တော့သည်။

ထင်းလင်း အကြပ်ရိုက်သွား၏။

သူ့အနေဖြင့် ရွေးချယ်စရာလမ်း မရှိအောင် ဖြစ်သွားရသည်။

နောက်ဆုံးဝယ်...



သူက မိမိ အသက်အန္တရာယ် မထိခိုက်အောင် မလွှဲမရှောင်သာ ပြန်လည်တိုက်ခိုက်လိုက်ရတော့သည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ဝမ်းဝေရှန်းသည် ပြင်းထန်ရက်စက်လွန်းသော သိုင်းကွက် ခုနစ်ဆယ်ခန့်ကို ထုတ်၍ အသုံးပြုတိုက်ခိုက်ခဲ့ပြန်သည်။

သို့သော်...

ထင်းလင်းအား ထိခိုက်ခြင်း မရှိချေ။

သို့ဖြစ်၍...

ပို၍ မခံချိမခံသာ ဖြစ်သွားပြီး အဆိပ်လက်နက်ပုန်းကို ထုတ်ကာ တိတ်တဆိတ် တိုက်ခိုက်တော့၏။

သူ၏အဆိပ်လက်နက်ပုန်းမှာ ဆံချည်မျှင်တမျှ သေးငယ်လှ၏။

လူ၏ကိုယ်အတွင်း စိုက်ဝင်သွားသည်နှင့် သွေးကြောထဲသို့ ရောက်ရှိသွားသည်။

ထို့အပြင်...

အဆိပ်အနည်းအများပေါ် မူတည်၍ ထိမှန်သူအား ရက်အကန့်အသတ်ဖြင့် သေဆုံးသွားစေနိုင်ပေသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ယခု သူအသုံးပြုလိုက်သော လက်နက်ပုန်းမှာ အဆိပ်ပြင်းထန်၏။

ထိသည့် ခဏ၌ပင် သေဆုံးစေရန် စီမံထားသည့် အဆိပ်လက်နက်ပုန်း ဖြစ်သည်။

ဝမ်းဝေရှန်းသည် တိုက်ခိုက်ယင်း အဆိပ်လက်နက်ပုန်းများကို ထင်းလင်း၏ရင်ဝသို့ ပစ်လွှင့်လိုက်ခြင်း ဖြစ်သည်။

"ဗွစ်..ဗွစ်"

လေတိုးသံနှင့်အတူ အဆိပ်အပ်များသည် ပလူပျံ့သွား၏။

သူတို့နှစ်ဦး၏ တိုက်ခိုက်မှုမှာ အလွန်နီးကပ်နေသည့်အတွက် ထင်းလင်းအဖို့ ရှောင်တိမ်းရန် မလွယ်ချေ။

ထို့ကြောင့်...

လက်နက်ပုန်းများသည် ထင်းလင်း၏ရင်ဝသို့ စုပြုံတိုးဝင်လာလေသည်။

ထင်းလင်းမှာ လုံးဝရှောင်တိမ်းနိုင်စွမ်း မရှိပါ။

လက်နက်ပုန်းများ ထိမှန်သွားသည်။

ထင်းလင်းမှာ စဉ်းလဲရက်စက်သော တိုက်ခိုက်မှုကြောင့် ဒေါသထွက်သွား၏။

"ယား"

ကျယ်လောင်စွာ ညာသံပေးကာ ရှေ့သို့ တရကြမ်းတိုး၍ တိုက်ခိုက်လိုက်လေသည်။

"ဟင်"



ထင်းလင်း၏တဇွတ်ထိုး ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဝမ်းဝေရှန်း ထိတ်လန့်သွားလေသည်။

သူ၏လက်နက်ပုန်းများမှာ ထင်းလင်း၏ရင်ဝသို့ ထိမှန်သွားကြောင်းကိုလည်း သူသိလိုက်သည်။

သို့သော်...

ထင်းလင်းမှာ လဲကျသွားခြင်း မရှိပါ။

ထို့အပြင် ရှေ့သို့ပင် တိုးကာ ပို၍ ပြင်းထန်စွာ တိုက်ခိုက်လာ၏။

ဝမ်းဝေရှန်း မျက်နှာပျက်သွားသည်။

ရင်ထဲ၌လည်း ထိတ်ခနဲ ဖြစ်မိသည်။

နောက်သို့ ထွက်ပြေးရန် ကြံစည်လိုက်၏။

သို့သော်...

ပြေးစရာနေရာ မရှိတော့ပါ။

ကျောနှင့် မြို့တံတိုင်း နံရံကပ်နေမိပြီ ဖြစ်သောကြောင့်တည်း။

ထိုစဉ်မှာပင်...

"ရွှီ"

လေချွန်သံတစ်ချက် ထွက်ပေါ်လာပြီး အုတ်နံရံပေါ်မှ ကြိုးတစ်ချောင်း ကျလာ၏။

ဝမ်းဝေရှန်း ဝမ်းသာသွားသည်။

ချက်ချင်းပင် ကြိုးကို အားပြုကာ အပေါ်သို့ ခုန်တက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထင်းလင်း ဒေါသထွက်သွား၏။

နောက်မှ လိုက်ရန် ကြံစည်လိုက်သော်ည်း ကြိုးမရှိတော့ပါ။

ဝမ်းဝေရှန်းမှာ ကြိုးကို သိမ်းပြီး မြို့ပြင်သို့ ခုန်ချသွားပြီ ဖြစ်သည်။

ထင်းလင်းအဖို့ အကျေမနပ် ဖြစ်နေရုံမှလွဲပြီး ဘာမှ မတတ်နိုင်တော့ချေ။

* * *



ထင်းလင်းသည် မကျေမချမ်းဖြင့် တက်ခေါက်ပြီး တည်းခိုခန်းသို့ ပြန်လာခဲ့သည်။

တည်းခိုခန်းသို့ ပြန်ရောက်သောအခါ မုရသေ့နှင့် ရွှေလက်သမားတော်တို့က သူ့အား စောင့်နေသည်ကို တွေ့ရလေသည်။

သူ့ကို တွေ့လျှင်တွေ့ချင်းပင် မုရသေ့က…

“မင်းကို မတွေ့လို့ ငါတို့ စိတ်ပူနေတာ၊ မင်း ဘယ်သွားနေတာလဲ”

ဟုဆီးကြိုးမေးလိုက်၏။

ထင်းလင်း သက်ပြင်းချယင်း…

“ဝမ်းဝေရှန်း မသေသေးဘူး”

“ဟင်”

မုရသေ့ အံ့ဩသွားသည်။

ထင်းလင်းအား ကြည့်ကာ…

“သက်ချွေးဓားဝမ်းဝေရှန်း ဟုတ်လား”

ထင်းလင်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ ကဲ အထဲရောက်မှ ပြောကြတာပေါ့”

ပြောပြောဆိုဆိုဖြင့် ထင်းလင်းသည် အခန်းထဲသို့ လှမ်းဝင်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မုန်းချင်းယှက်သွယ်မေတ္တာနွယ်

အခန်းတွင်းသို့ ထင်းလင်း ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

မုရသေ့တို့နှင့် ပိုင်းဖွဲ့ထိုင်လိုက်သည်။

မုရသေ့နှင့် ရွှေလက်သမားတော်တို့က သူ့ထံမှ စကားကို နားစွင့်နေကြ၏။

"အင်း သူဟာ နောင်တရပုံမပေါ်ဘူး၊ သူ့စိတ်ထားဟာ ပိုပြီး ကြမ်းကြုတ်လာသလိုပဲ၊ အမုန်းမိစ္ဆာကတစ်မျိုး၊ သူကတစ်မျိုး၊ သောင်းကျန်းနေယင်တော့ သိုင်းလောကဟာ ဘယ်လိုမှ အေးချမ်းနိုင်တော့မှာ မဟုတ်ဘူး"



ထင်းလင်းသည် အရက်ခွက်ကို မော့သောက်ပြီးနောက် ရင်လေးစွာ ပြောလိုက်၏။

မုရသေ့က ခေါင်းခါယမ်းယင်း...

"အင်း သူ့ကို ရှင်းပစ်တော့မှ ဖြစ်မယ်"

ထင်းလင်း ငိုင်တွေသွားသည်။

အတန်ကြာမှ သက်ပြင်းမှုတ်ချယင်း...

"ကျွန်တော် လူမသတ်ချင်ဘူး၊ ပြီးတော့ သူ့ကိုပိုပြီး မသတ်ချင်ဘူး"

ရွှေလက်သမားတော်သည် အံဆိပ်အပ်ကလေးများကို ဆေးများနှင့် စမ်းသပ်စစ်ဆေးကြည့်သည်။

သူ၏လှုပ်ရှားမှုများကို မုရသေ့နှင့် ထင်းလင်းတို့က စိတ်ဝင်တစား ကြည့်နေမိသည်။

အတန်ကြာ စမ်းသပ်ပြီးသည့်အခါ ရွှေလက်သမားတော်၏ မျက်နှာ တည်ကြည်လေးနက်လာသည်။

အတန်ကြာအောင် စစ်ဆေးပြီးမှ ခိုင်မာသော လေသံဖြင့်...

"ဒါဟာ လူသတ်မှုတွေမှာ တွေ့ရတဲ့ အဆိပ်ပဲ"

ဟုမှတ်ချက်ချလိုက်လေသည်။

"ဟင်"

"ဟာ"

ထိုစကားကြားလျှင် ထင်းလင်းနှင့် မုရသေ့တို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှလည်း ဝုန်းခနဲ ထရပ်မိလိုက်ကြလေသည်။

"သေချာရဲ့လား"

ထင်းလင်းက ဖုတ်ပူမီးတိုက် အလောတကြီး မေးလိုက်မိ၏။

ရွှေလက်သမားတော်က ရင်ကို ကော့လိုက်ပြီး...

"သေချာပါတယ်၊ ငါသေသေချာချာ စစ်ဆေးပြီးပြီ၊ ဒီအဆိပ်ဟာ လူသတ်မှုတွေမှာ တွေ့ရတဲ့ အဆိပ်ဆိုတာ အသေအချာပဲ"

ဟုအခိုင်အမာ ပြောလာ၏။

"ဒါဆို တရားခံဟာ အမုန်းမိစ္ဆာ မဟုတ်ဘူးပေါ့"

ထင်းလင်းက ပြန်မေးသည်။

မုရသေ့က...

"ဒါဟာ မေးစရာမလိုတဲ့ မေးခွန်းပဲ၊ လူသတ်တရားခံဟာ ငါတို့ ထင်သလို အမုန်းမိစ္ဆာ မဟုတ်ဘူး၊ ဝမ်းဝေ့ရှန်းဆိုတာ သေချာနေပြီ"

"ဒါဆို ဘာလို့ သူက အမုန်းမိစ္ဆာနာမည်ကို အသုံးပြုတာလဲ"

ထင်းလင်းက နားမလည်နိုင်ဟန်ဖြင့် ပြန်မေးသည်။

ရွှေလက်သမားတော်က...

"ရည်ရွယ်ချက် ရှိမှာ သေချာတယ်"

"ဒီရည်ရွယ်ချက်က ဘာလဲ"



မုရသေ့က ကြားဖြတ်မေးသည်။

ထင်းလင်းက ထင်မြင်ချက်ပေး၏။

"အမုန်းမိစ္ဆာကို သိုင်းလောကထဲ ပြန်လာအောင် လုပ်တာများလား"

"အမုန်းမိစ္ဆာကို သိုင်းလောကထဲ ဘာလို့ပြန်ထွက်လာအောင် လုပ်ရတာလဲ၊ ဆုပူအောင်လို့လား"

"မဖြစ်နိုင်ဘူး၊ ကျုပ်ယူဆတာကတော့ သူဟာ အမုန်းမိစ္ဆာ ပုန်းနေလို့မရအောင် လုပ်တာဖြစ်မယ်"

မုရသေ့၏ထင်မြင်ချက်ကို ရွှေလက်သမားတော်က ရှင်းပြသည်။

သို့သော်...

မုရသေ့ သဘောပေါက်ပုံ မရပါ။

"ဘာလို့ ပုန်းလို့ မရအောင် လုပ်တာလဲ"

"သူဟာ အမုန်းမိစ္ဆာကို မုန်းတီးနေလို့၊ ဒါမှမဟုတ် ရှင်းပစ်ချင်လို့ ဖြစ်နိုင်တာပဲ"

ရွှေလက်သမားတော်၏စကားကြောင့် မုရသေ့ကော ထင်းလင်းပါ ငိုင်ကျသွား၏။

"ဪ...ရှန်ပြီး...ရှန်ပြီး၊ သူလဲ ငါ့လိုပါပဲလား၊ မင်း ဘယ်သူလဲ၊ မင်းဟာ ငါရှာနေတဲ့ ငါ့ညီပဲလား"

ထင်းလင်း၏စိတ်ထဲမှ တီးတိုးရေရွတ်လိုက်မိ၏။

မုရသေ့က...

www.burmeseclassic.com

www.burmeseclassic.com



"တို့စကား ထိုင်ပြောနေလို့ အကျိုးမရှိဘူး၊ ဝမ်းဝေရှန်းရဲ့ နောက်ကို အမြန်လိုက်မှ ဖြစ်မယ်"

ဟုလော်ဆော်လိုက်သည်။

ရွှေလက်သမားတော် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူ နောက်ထပ် ရာဇဝတ်မှုတွေ မကျူးလွန်မီ သူ့ကို ဟန့်တားနိုင်ဖို့ အရေးကြီးတယ်"

ပြောပြောဆိုဆိုဖြင့် ရှေ့မှ ထွက်သွား၏။

ထင်းလင်းနှင့် မုရသေ့တို့လည်း နောက်မှ ကပျာကယာ လိုက်ပါသွားကြလေသည်။

* * *



ဝမ်းဝေရှန်းသည် မြေပေါ်သို့ ရောက်သည်နှင့် သူ့အား ကူညီသည့်လူကို လှည့်ပတ်ရှာဖွေကြည့်လိုက်သည်။

ရှေ့မလှမ်းမကမ်း မြက်ခင်းပေါ်တွင် မိန်းကလေးတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

ဝမ်းဝေရှန်း၏မျက်လုံးများ ဝင်းလက်သွားသည်။

"ကြူးယွင်"

သူက မိန်းကလေးကို မြင်သည်နှင့် နှုတ်မှလွတ်ခနဲ ရေရွတ်လိုက်မိသည်။

တဆက်တည်းပင်...

ကြူးယွင်ထံ လျှောက်လှမ်းသွား၏။

တဖန် ဦးညွှတ်ကာ...

"ကျုပ်ကို အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဟုပြောလိုက်သည်။

ကြူးယွင် သူ့ဘက်လှည့်လာ၏။

သူမက နှာခေါင်းတစ်ချက်ရှုံ့ကာ...

"ရှင့်ကို ကူညီချင်လို့ ကူညီတယ်များ ထင်နေသလား"

"ဗျာ"

ဝမ်းဝေရှန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ကြူးယွင်က ဆက်ပြောလိုက်၏။

"ကျွန်မက ဘယ်သူ့ကျေးဇူးမှ အတင်ခံချင်တာ မဟုတ်ဘူး၊ ရှင်က ကျွန်မအသက်ကို တစ်ခါ ကယ်ခဲ့ဖူးတယ်၊ အခု ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



ရှင့်အသက်ကို တစ်ခါပြန်ကယ်တယ်၊ ကျေပြီပေါ့၊ ရှင်နဲ့ ကျွန်မကြား မှာ ဘာအတိုင်းအတာမှ မရှိတော့ဘူး၊ ဟုတ်ပြီလား”

ကြူးယွင်သည် မှန်းဆရခက်သော စိတ်ထားပိုင်ရှင်မှန်း ဝမ်းဝေရှန်း နားလည်သွားမိသည်။

သူက တစ်ချက်ပြုံးပြကာ...

“မင်းလည်း ထင်းလင်းကို မုန်းနေတယ် မဟုတ်လား၊ မင်း သာ ငါ့ဘက်က ကူယင် ငါတို့ ထင်းလင်းကို ကောင်းကောင်းဆုံးမနိုင် တယ်”

ဝမ်းဝေရှန်း၏စကားကြောင့် ကြူးယွင် နှာခေါင်းတစ်ချက် ရှုံ့လိုက်၏။

“နှစ်ယောက်နဲ့ တစ်ယောက် အနိုင်ယူတာမျိုး ကျွန်မ ဘယ် တော့မှ မလုပ်ဘူး”

“တစ်ယောက်ချင်းဆိုယင် မင်း သူ့ကို နိုင်လို့လာ”

ဝမ်းဝေရှန်းက မခံချိမခံသာ လေသံဖြင့် မေးလိုက်၏။

ကြူးယွင်က...

“ရှင်ကော ရှုံးတာပဲ မဟုတ်လား”

ဝမ်းဝေရှန်းက စိတ်ပျက်လက်ပျက်ဖြင့်...

“ငါရှုံးတာက ဘာဆန်းလဲ၊ သူက အဆိပ်ပြီးနေတာကိုး”

ကြူးယွင် မျက်မှောင်ကြုတ်သွားကာ...

“ရှင့်ကို ဘယ်သူက ပြောသလဲ၊ သူ အဆိပ်ပြီးတယ်လို့”

ဝမ်းဝေရှန်း သက်ပြင်းချလိုက်ပြီး...



“ငါ သူ့ကို အဆိပ်အပ်နဲ့ ပစ်ခဲ့တာ ထိမှန်သွားတယ်၊ သူ့ ရင်ဝမှာ အနည်းဆုံး ငါးချောင်းထက်မနည်း ထိမှာ သေချာတယ်၊ သူရှောင်လဲ မရှောင်နိုင်ခဲ့ဘူး၊ ငါ့အဆိပ် ဘယ်လောက် အစွမ်းထက် တယ်ဆိုတာ ငါကောင်းကောင်းသိတယ်၊ ဒါပေမယ့် သူ ဘာမှမဖြစ် ဘူး၊ အဲဒီတော့ သူ့ကို အဆိပ်ပြီးတယ်လို့ မပြောယင် ဘယ်လို ပြော ရမလဲ၊ ကဲ မင်းဖြေပါဦး”

ကြူးယွင်အား ပြန်လည်မေးခွန်းထုတ်လိုက်၏။

“ခစ်”

ကြူးယွင် တစ်ချက်ရယ်မောလိုက်၏။

“မင်း ဘာရယ်တာလဲ”

ဝမ်းဝေရှန်းက မခံချိ မခံသာဖြင့် မျက်မှောင်ကြုတ်၍ မေး လိုက်သည်။

ကြူးယွင်က...

“ရှင်က တုံးတာကိုး”

“ဘာ”

“ဟုတ်တယ်၊ ရှင့်လောက် တုံးတဲ့သူ မတွေ့ဘူးလို့ ရယ်တာ ရှင့်”

“ငါက တုံးတယ် ဟုတ်လား”

ကြူးယွင် ခေါင်းညိတ်ကာ...

“ဟုတ်တယ်”

ဝမ်းဝေရှန်း ဒေါပွသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါမတုံးဘူးကွ၊ ဘာလို့ တုံးရမှာလဲ"

"ရှင်ဟာ ဇဉ်းစားဉာဏ်မှ မရှိဘဲ"

ဝမ်းဝေရှန်းမှာ စိတ်ဆိုးလာ၏။

"မင်း..မင်း၊ ငါ့ကို မစော်ကားတော့နဲ့"

ကြူးယွင်က ဂရုမစိုက်ပါ။

လေသံအေးအေးဖြင့်ပင် ပြောလိုက်သည်။

"ရှင်ပဲ စဉ်းစားကြည့်လေ၊ လောကမှာ အဆိပ်ပြင်းပြင်းကို ခံနိုင်တဲ့လူ ရှိလို့လား၊ သူ့ကိုယ်မှာ အစွမ်းထက်မြက်တဲ့ ကိုယ်ကြပ် အင်္ကျီဝတ်ထားလို့ မသေတာပေ့ါ၊ ဒါကိုတောင် အဆိပ်ပြီးတယ်လို့ ထင်နေတာ ရှင်မတုံးဘူးလား"

ဝမ်းဝေရှန်းမှာ ကြူးယွင်၏စကားကြားလျှင် မျက်လုံးပြူး သွားသည်။

သူသည် ချက်ချင်းပင် ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်သွား မိသည်။

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ယင်း...

"တောက် ငါတော်တော်တုံးတာပဲ"

မချိတင်ကဲ ရေရွတ်လိုက်၏။

ကြူးယွင်က...

"ရှင်လက်ခံပြီလား"

ဝမ်းဝေရှန်း သက်ပြင်းချလိုက်၏။

"အင်း လက်ခံပါပြီ"



တဆက်တည်းပင်...

သူ၏မျက်နှာပေါ်မှ ကျေနပ်နှစ်သိမ့်သော အပြုံးရိပ်များ ပေါ်ထွက်လာသည်။

ကြူးယွင်အား ဦးညွတ်ကာ...

"မင်းကို အတော်လေး ကျေးဇူးတင်မိပါတယ်၊ နောက်တစ် ခါဆိုယင် ထင်းလင်း ကံမကောင်းနိုင်တော့ဘူး၊ သူ့ကို အနိုင်ယူနိုင် ပြီ"

"ဘာ"

ကြူးယွင် အလန့်တကြား ထအော်လိုက်မိသည်။

ကြူးယွင်၏ အပြုအမူကြောင့် ဝမ်းဝေရှန်း အံ့သြသွားလေ သည်။ ကြူးယွင်ကို စိုက်ကြည့်မိ၏။

ကြူးယွင်၏မျက်နှာမှာ အေးစက်တင်းမာလာသည်ကို တွေ့ရသည်။

ဝမ်းဝေရှန်းက...

"မင်း ဘာဖြစ်သွားတာလဲ"

သိချင်စိတ်အား မထိန်းချုပ်နိုင်ဘဲ မေးလိုက်၏။

ကြူးယွင်က ဝမ်းဝေရှန်းကို စိုက်ကြည့်ယင်း...

"ထင်းလင်းကို ရှင်ဒုက္ခမပေးရဘူး"

ဟုအေးတိအေးစက် လေသံဖြင့် ပြောလာသည်။

ထိုစကားကြောင့် ဝမ်းဝေရှန်းမှာ ပို၍ပင် အံ့သြသွားရလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်နေတာလဲ၊ မင်းလဲ ထင်းလင်းရဲ့ ရန်သူပဲ မဟုတ်လား"

နားမလည်နိုင်ဟန်ဖြင့် မေးလိုက်မိသည်။

ကြူးယွင်က အံကြိတ်လိုက်သည်။

"ထင်းလင်းကို ရှင် ထိရဲထိကြည့်၊ ရှင့်ကို ကျွန်မ အရင် သတ်မယ်"

ဝမ်းဝေ့ရှန်းမှာ တစ်စုံတစ်ရာအား စဉ်းစားမိသွားပြီး ပြုံးလိုက်မိသည်။

"လက်စသတ်တော့ မင်းက ထင်းလင်းအပေါ် သံယောဇဉ် တွယ်နေတာကိုး"

ကြူးယွင် ပါးစပ်ပိတ်ထား၏။

ဝမ်းဝေ့ရှန်း ပခုံးတွန့်လိုက်သည်။

"မင်းတို့ ဘာပဲဖြစ်ဖြစ်၊ ဒါ မင်းတို့ကိစ္စပဲ၊ ငါစိတ်မဝင်စားဘူး၊ ငါသိတာက ထင်းလင်းကို ရအောင် သုတ်သင်ဖို့ပဲ"

ကြူးယွင်က အေးတိအေးစက်ဖြင့်...

"ဒါဆို ရှင်ဒုက္ခရောက်သွားလိမ့်မယ်"

ဝမ်းဝေ့ရှန်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်း ငါ့ကို မတားနိုင်ပါဘူး၊ ထင်းလင်းဟာ ငါ့အတွက်ပဲ ဖြစ်ရမယ်"

သူက ခပ်ပြတ်ပြတ်ပြောလိုက်သည်။

ကြူးယွင် ဒေါသထွက်လာသည်။



သူမက ဆတ်ခနဲ ထရပ်လိုက်သည်။

ထို့နောက်...

"ခွမ်း"

ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး ဝမ်းဝေ့ရှန်းကို စိုက်ကြည့်လိုက်သည်။

"ဒါဆို ရှင့်ကို အရင်သုတ်သင်ရလိမ့်မယ်"

ပြောပြောဆိုဆိုဖြင့်ပင် ကြူးယွင်သည် ဝမ်းဝေ့ရှန်းအား စတင်တိုက်ခိုက်လိုက်လေသည်။

သူမက ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်း ဖြစ်ရာ ဝမ်းဝေ့ရှန်း ဒေါသထွက်သွား၏။

သူကလည်း အထိမခံသူပီပီ ချက်ချင်းပင် ကြူးယွင်အား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ဤသို့ဖြင့်...

တစ်ယောက်တပြန် တိုက်ခိုက်ကြရာ သိုင်းကွက်နှစ်ဆယ် ကျော်မျှ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြပြီး ဖြစ်သည်။

ဝမ်းဝေ့ရှန်းမှာ ကြူးယွင်၏သိုင်းပညာအား အံ့သြလာမိသည်။

"သူ့ရဲ့သိုင်းပညာ အတော်လေး အစွမ်းထက်ပါလား"

သူက စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

ကြူးယွင်အား ပေါ့ပေါ့တန်တန် သဘောထား၍ မရ ကြောင်း နားလည်သဘောပေါက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်...

ရက်စက်ကြမ်းကြုတ်ကာ ပြင်းထန်သော သိုင်းကွက်များ ထုတ်ဖော်ကာ တရစပ် တိုက်ခိုက်လိုက်လေသည်။

ကြူးယွင်ကလည်း ပြင်းထန်စွာပင် ပြန်လည်တုံ့ပြန် တိုက်ခိုက်လိုက်သည်။

သူတို့သည် သိုင်းကွက်နှစ်ဆယ်ကျော်မျှ ထပ်မံယှဉ်ပြိုင်ခဲ့ကြပြီး ဖြစ်သည်။

သို့သော်...

မည်သူမျှ အသာမရသေးပါချေ။

ကြူးယွင် သက်ပြင်းချလိုက်၏။

ဝမ်းဝေရှန်းအား နောက်ထပ် သိုင်းကွက်ငါးဆယ်အတွင်း အနိုင်မရနိုင်ကြောင်း သဘောပေါက်သွား၏။

ထို့ကြောင့်...

နောက်သို့ ခုန်ဆုတ်ကာ ခါးကြားမှ ပလွေကို ထုတ်ယူလိုက်လေသည်။

ကြူးယွင် ရုတ်တရက် ဆုတ်ခွာသွား၍ ဝမ်းဝေရှန်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သို့သော် ကြူးယွင်၏လက်ထဲမှ ပလွေကို မြင်လျှင် ချက်ချင်းပင် သဘောပေါက်သွားသည်။

သူက ကြူးယွင်၏ပလွေအစွမ်းကို ယကူကြီးနှင့် ယှဉ်ပြိုင်စဉ်က တွေ့ဖူးထားခဲ့ပေသည်။



ထို့ကြောင့် ဆက်လက်ယှဉ်ပြိုင်ရန် နောက်တွန့်သွားသည်။

ကြူးယွင်က ပလွေကို ကိုင်ကာ နှုတ်ခမ်းတွင် တေ့မှုတ်လိုက်၏။

ဝမ်းဝေရှန်း သဘောကျစွာ ပြုံးလိုက်သည်။

"ကြူးယွင်၊ မင်းပလွေသံကို နောက်မှပဲ နားထောင်တော့မယ်"

ယင်းသို့ ပြောပြီးနောက် ဝမ်းဝေရှန်းသည် ထိုနေရာမှ တချိုးတည်း ပြေးလွှားထွက်ခွာသွားတော့သည်။

"ရပ်လိုက်"

ကြူးယွင် ဟန့်တားကာ ပြေးလိုက်သော်လည်း မမီတော့ပါချေ။

"တောက်"

သူမ ဒေါသတကြီး တက်ခေါက်လိုက်သည်။

ဝမ်းဝေရှန်း လွတ်မြောက်သွားသည့်အတွက် ဒေါသခြောင်းခြောင်း ထွက်နေမိသည်။

ဒေါသထွက်လွန်း၍ သူမ၏ခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်ခါနေ၏။

ဝမ်းဝေရှန်း ပြေးသွားရာဘက်သို့ မကျေမနပ်ကြည့်ပြီး ခြေဆောင့်လိုက်သည်။

"ငါ့ကြောင့်..ငါ့ကြောင့် ငါနှုတ်ဆော့လို့ တကယ်လိုမျိုးသူ သေသွားယင် ငါ့ပယောဂပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထင်းလင်း၏လျှို့ဝှက်ချက်ကို ပြောလိုက်ခြင်းသည် မိမိ၏ အမှားဖြစ်ကြောင်း ကြူးယွင် နောင်တရမဆုံးအောင် ဖြစ်သွားလေသည်။

"ငါ ဘာလုပ်ရမလဲ၊ သူ့ကို အချိန်မီ သတိပေးယင် ကောင်းမလား"

"အို ဘာဆိုင်လဲ၊ ငါနဲ့ ဘာဆိုင်လဲ၊ သူတောင် ငါ့ကို ဂရုမစိုက်သေးတာပဲ"

"မဟုတ်သေးပါဘူး၊ သူသေလို့ မဖြစ်ဘူး၊ သူနဲ့ ငါ ရန်ငြိုးမှ မရှိဘဲ၊ ဘာလို့ ငါက သူ့ကို ဒီသားလွတ် မုန်းတီးနေရတာလဲ"

ကြူးယွင်သည် တစ်ကိုယ်တည်း အမျိုးမျိုး တွေးတောရေရွတ်နေမိသည်။

အတန်ကြာမှပင်...

လှုပ်ရှားနေသော စိတ်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချလိုက်၏။

ယင်းမှာ...

ထင်းလင်းအား ကြိုတင်သတိပေးရန်ပင် ဖြစ်ပါသည်။

သူမက ချက်ချင်းပင် ထိုနေရာမှ တဟုန်ထိုး ပြေးထွက်လာခဲ့လေတော့သည်။

* * *

## အစီအစဉ်

ဝမ်းဝေရှန်း...

သူသည် ကြူးယွင်နှင့် ဆက်လက်တိုက်ခိုက်မနေတော့ဘဲ ပြေးလွှားထွက်ခွာလာခဲ့သည်။

ထင်းလင်း၏လျှို့ဝှက်ချက်အား သိခဲ့ရ၍ ဝမ်းသာနေမိသည်။

နောက်တစ်ခါ တွေ့လျှင် ကျိန်းသေ ရှင်းပစ်နိုင်မည်ဟု ယုံကြည်နေမိသည်။

သူက ပြေးလွှားလာယင်း တောအုပ်တစ်ခုရှိ သစ်ပင်ကြီးပင်အောက်သို့ ရောက်သည့်အခါ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းနောက်ကျတယ်"

ဟူသော အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထိုအသံ ကြားလိုက်သည်နှင့် ဝမ်းဝေရှန်း၏မျက်နှာ ဝင်းလက်သွားပြီး...

"ဆရာ ရောက်နေတာ ကြာပြီလား"

ဝမ်းဝေရှန်းသည် မေးမြန်းယင်း အသံထွက်ပေါ်လာရာ သစ်ပင်ပေါ် ခုန်တက်လိုက်၏။

သစ်ပင်ပေါ်တွင် အဆိပ်ရာဇာကို ထိုင်လျက်သား တွေ့ရသည်။

"မင်း ဘာလို့ နောက်ကျနေတာလဲ"

အဆိပ်ရာဇာက တပည့်ဖြစ်သူ ဝမ်းဝေရှန်းကို မျက်မှောင်ကြုတ်ယင်း မေးသည်။

ဝမ်းဝေရှန်း မျက်နှာရှုံ့မဲ့သွားပြီး...

"ထင်းလင်းနဲ့ တိုက်ခိုက်နေရလို့ပါ"

မကျေမချမ်း ပြောလာသည်။

အဆိပ်ရာဇာ ပြုံးလိုက်သည်။

"မင်းရှုံးလာပြန်ပြီလား"

ဝမ်းဝေရှန်းက...

"သူကံကောင်းသွားလို့ပါ၊ နောက်တစ်ခါဆိုယင်တော့ သူ သေကို သေစေရမယ်"



ဟုကြုံးဝါးလိုက်သည်။

အဆိပ်ရာဇာ မျက်မှောင်ကြုတ်သွား၏။

"ဒါဆို မင်း သီးသန့်လက်နက်ပုန်းတွေကို ထုတ်သုံးခဲ့ပြီ ထင်တယ်"

သူ၏လေသံထဲ၌ မကျေနပ်မှုများ ရောယှက်၍ နေပေသည်။

ဝမ်းဝေရှန်းက ခေါင်းညိတ်ဝန်ခံသည်။

အဆိပ်ရာဇာမှာ ပို၍ မကျေမနပ် ဖြစ်သွားပြီး...

"ဒါဆို ဘယ်လောက် ကျန်သေးလဲ"

ဝမ်းဝေရှန်းက လက်နှစ်ချောင်း ထောင်ပြလိုက်၏။

အဆိပ်ရာဇာက ဒေါသထွက်သွားပြီး...

"မင်း ဘာလို့ မထိရောက်ဘဲနဲ့ ဒီလောက်များများ ဖြုန်းလိုက်ရသလား၊ အခု အမုန်းမိစ္ဆာကို ခြေရာခံလို့ ရပြီ၊ သူနဲ့ ရင်ဆိုင်ယင် အဆိပ်အပ်နှစ်ချောင်းတည်းနဲ့ လောက်မယ် ထင်လို့လား"

အော်ငေါက်လိုက်သည်။

ဝမ်းဝေရှန်းမှာ အပြစ်ရှိသူပီပီ ခေါင်းငုံ့သွား၏။

နှုတ်မှလည်း မရဲတရဲ ပြန်မေးသည်။

"ဆရာ့ဆီမှာကော"

"မရှိဘူး"

အဆိပ်ရာဇာက တုံးတိပြေလိုက်၏။

ဝမ်းဝေရှန်း နှုတ်ဆိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ရာဇာက...

"မင်း နောက်ထပ် အမိန့်မရဘဲ ဘာမှ မလုပ်နဲ့တော့၊ ငါ့စကား နားမထောင်ယင် အားလုံး လွဲချော်ပြီး အခက်တွေ့သွားလိမ့်မယ်"

"ဟုတ်ကဲ့"

"ကဲ...သွားကြမယ်"

ဝမ်းဝေရှန်းက...

"ဘယ်ကို သွားမှာလဲ"

"အမုန်းမိစ္ဆာဆီကို"

ဝမ်းဝေရှန်း ဆတ်ခနဲ ဖြစ်သွားသည်။

"သူ့ကို တွေ့ပြီလား"

"အေး"

ဝမ်းဝေရှန်း၏မျက်လုံးများ ဝင်းလက်သွားသည်။

လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။

သူ၏သဘောထားကို အဆိပ်ရာဇာက ရိပ်စားမိသည့်အလား။

"ငါတောင် သူ့ကို နိုင်မလား၊ မနိုင်ဘူးလား မခန့်မှန်းတတ်သေးဘူး၊ ဒီတော့ မင်းအနေနဲ့ ပိုင်မှပဲ ထုတ်သုံးပါ"

"ဟုတ်ကဲ့ ဆရာ၊ ဒီအပ်နှစ်ချောင်းဟာ အမုန်းမိစ္ဆာအတွက်ပဲ ဖြစ်ရမယ်"



"မင်းအနေနဲ့ ရန်သူကို အထင်မသေးမိစေနဲ့"

ဝမ်းဝေရှန်း သက်ပြင်းသဲ့သဲ့ချလိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာ"

အဆိပ်ရာဇာ ဘာမှ ဆက်မပြောတော့ပါ။

သစ်ပင်ပေါ်မှ အောက်သို့ ခုန်ဆင်းလိုက်၏။

ဝမ်းဝေရှန်းလည်း အဆိပ်ရာဇာနောက်မှ လိုက်ပါ ခုန်ဆင်းသွားတော့သည်။

* * *

မြို့ပြင်...

ထင်းလင်းတို့လူစုမှာ မြို့ပြင်သို့ ရောက်လာ၏။

မြို့ပြင်သို့ ရောက်သောအခါ ဝမ်းဝေရှန်း၏ အရိပ်အယောင်ကိုမျှပင် မတွေ့ရတော့ချေ။

သူတို့သည် ဝမ်းဝေရှန်းကို တွေ့လိုတွေ့ငြား ဆက်လက်ရှာဖွေကြည့်ကြသေး၏။

အချိန်မှာလည်း တဖြည်းဖြည်း မိုးလင်းလာပြီ ဖြစ်လေသည်။

နေရောင်ခြည်ပင် ထွက်ပေါ်စပြုလာပြီ ဖြစ်သည်။

ထင်းလင်းတို့လူစုသည် ဝမ်းဝေရှန်းကို ရှာဖွေယင်း ဆက်လက်ထွက်ခွာလာခဲ့ရာ လမ်းဆုံတစ်ခုသို့ ရောက်ရှိလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေလက်သမားတော်က...

"တို့ လူစုခွဲမှ ဖြစ်တော့မယ်၊ ဒီကနေ တစ်လမ်းဆီ သွားပြီး ကျန့်ကျူးမြို့ကလေးမှာ ပြန်ဆုံကြမယ်၊ တကယ်လို့များ တစ်ယောက်ယောက် မရောက်လာယင် ပြန်လိုက်ခဲ့ကြပါ၊ ဘယ်လို သဘောရသလဲ"

ဟုမေးလိုက်၏။

မုရသေ့က သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

ထို့နောက်...

ထင်းလင်းကို ကြည့်ကာ...

"ကဲ ထင်းလင်း၊ မင်းက တစ်လမ်းကသွား၊ ငါတို့နှစ်ယောက်ကတော့ တစ်လမ်းက သွားမယ်"

ဟုပြောလိုက်သည်။

ထင်းလင်းက တစ်ချက်စဉ်းစားလိုက်ပြီး...

"ကောင်းပြီလေ၊ သံမဏိအာဏာသားကို ဦးတို့ပဲ အကြောင်းကြားလိုက်ပါ"

မုရသေ့ ခေါင်းညိတ်ယင်း...

"အေး စိတ်ချ၊ ကျန့်ကျူးမြို့ မရောက်ခင်မှာပဲ၊ တစ်ယောက် မဟုတ် တစ်ယောက်ကတော့ ဝမ်းဝေရှန်းကို တွေ့မှာပဲ"

ထင်းလင်းက...

"ဟုတ်တယ်၊ ဦးတို့ သတိထားကြပါ"

မုရသေ့ ပြုံးလိုက်သည်။



"ငါတို့အတွက် မပူနဲ့၊ မင်းက စိတ်ကောင်းရှိလွန်းတော့ ရန်သူရဲ့ အလွယ်တကူ လုပ်ကြံခံရမှာကို စိုးရိမ်ရတယ်၊ အမြဲသတိရှိပါ"

သတိပေးစကား ပြောလိုက်သည်။

ထင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်သတိထားပါ့မယ်"

ထို့နောက်...

မုရသေ့နှင့် ရွှေလက်သမားတော်တို့အား နှုတ်ဆက်ကာ ညာဘက်လမ်းကလေးအတိုင်း ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဆုံးဖြတ်ချက်

အခန်းငယ်တစ်ခု၏ ပြတင်းတံခါးတစ်ခုသည် ပွင့်နေ၏။

ပြတင်းပေါက်အား ဇာခန်းဆီးတစ်ခုဖြင့် ကာရံထားသည်။

လေပြည်လေညင်း ငွေ့ယမ်းတိုက်ခတ်နေသည်။

ဇာခန်းဆီးစမှာ လေတိုက်ခတ်မှုကြောင့် တဖျပ်ဖျပ် လှုပ်ရှားလွန့်နေသည်။

ခန်းဆီးစနောက်ဝယ် အမျိုးသမီးကြီးတစ်ဦး ရှိနေပေသည်။

ထိုအမျိုးသမီးမှာ အမုန်းမိစ္ဆာ ဖြစ်ပါသည်။

သူမ၏နောက်ဝယ် မိန်းကလေးတစ်ဦး ရှိနေ၏။

သူမ၏တပည့် စုစုပင် ဖြစ်ပါသည်။



အမုန်းမိစ္ဆာက တိတ်ဆိတ်ငြိမ်သက်နေသည်။

စုစုက…

"သခင်မ၊ သခင်မ နာမည်ကို အလွဲသုံးစားလုပ်တာ ဘယ်သူလဲဆိုတာ သိပြီလားဟင်"

သိလိုဇောဖြင့် မေးလိုက်သည်။

အမုန်းမိစ္ဆာ သက်ပြင်းတစ်ချက်ချကာ ဦးခေါင်းဖြည်းညင်းစွာ ညိတ်လိုက်သည်။

"သိပြီ၊ အစကတော့ သူလို့ မထင်ခဲ့မိဘူး၊ အခုမှ သိရတာ"

စုစုက…

"ဘယ်သူများလဲ သခင်မ"

သူမက စိတ်ဝင်တစားဖြင့် အလောတကြီး မေးလိုက်လေသည်။

အမုန်းမိစ္ဆာက…

"အဲဒီ လူဟာ တစ်ချိန်က သိုင်းလောကမှာ အတော် လက်စောင်းထက်ခဲ့သူပေါ့၊ လူဆိုး မဟုတ်သလို လူကောင်းလဲ မဟုတ်ဘူး၊ သူ သူဟာ သိုင်းလောကကိုတောင် ကြိုးကိုင်ဖို့ ကြံစည်ခဲ့ဖူးတယ်၊ သူ ဇာတ်မြှုပ်သွားတာ နှစ်နှစ်ဆယ်ကျော်သွားပြီ၊ သူ့နာမည်က အဆိပ်ရာဇာတဲ့"

စုစုက…

"အဆိပ်ရာဇာ ဟုတ်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အမုန်းမိစ္ဆာ ပင့်သက်ရှိုက်ယင်း...

"သူဟာ ဘာကြောင့် ဒီကိစ္စတွေ လုပ်နေသလဲဆိုတာ ငါ စဥ်းစားလို့ မရဘူး"

စုစုက တစ်ချက်စဥ်းစားယင်း...

"သခင်မနဲ့ သူ ရန်ငြိုးရှိလို့လား"

အမုန်းမိစ္ဆာ ခေါင်းယမ်းလိုက်သည်။

"ရန်ငြိုး မရှိသလို တစ်ခါမှလဲ မဆုံဖူးဘူး"

စုစု မျက်မှောင်ကြုတ်သွားသည်။

"ဒါဆို သူက ဘာလို့ သခင်မရဲ့နာမည်ကို အလွဲသုံးစား လုပ်ရတာလဲ"

အမုန်းမိစ္ဆာ တစ်ချက်မဲ့ကာ...

"ငါ့ကို ရှာဖို့ပေါ့"

"ဘာလို့ ရှာတာလဲ"

"သူ့လူတစ်ယောက်အတွက် ရှာတာ"

"အဲဒီ လူက ဘယ်သူလဲ"

အမုန်းမိစ္ဆာက...

"ငါလည်း မသိဘူး"

စုစု ပါးစပ်ပိတ်သွား၏။

အမုန်းမိစ္ဆာက ပြတင်းပေါက် အပြင်ဘက်သို့ ရီဝေသော မျက်လုံးအစုံဖြင့် လှမ်းကြည့်ကာ...

"ဓာမဏီသိုင်းသမား ထင်းကျူးလွှေ မဖြစ်ပါစေနဲ့လို့ပဲ ဆု



တောင်းနေမိတာပဲ"

သူမ၏စကားသံသည် နွမ်းလျနေ၏။

စိတ်မချမ်းမြေ့ဟန် အထင်းသား ပေါ်လွင်နေသည်။

"ဓာမဏီသိုင်းသမားထင်းကျူးလွှေ ဟုတ်လား"

စုစု စိတ်ဝင်တစား မေးလိုက်၏။

"ဟုတ်တယ်"

"သူက ဘယ်သူလဲ"

အမုန်းမိစ္ဆာ မချိပြုံးပြုံးကာ...

"တစ်ချိန်က ငါ့ရဲ့ အခင်မင်ဆုံး မိတ်ဆွေပေါ့"

စုစု ခေါင်းရှုပ်သွားသည်။

"ကျွန်မတော့ နားမလည်တော့ဘူး သခင်မ"

အမုန်းမိစ္ဆာ သက်ပြင်းချလိုက်သည်။

"ငါ ဒီအကြောင်းတွေ ပြန်မတွေးချင်တော့ဘူး၊ လောကကြီးဟာ ဆန်းကြယ်ပါတယ်လေ၊ တခါတရံမှာ အချစ်ဆုံးလူ အဖြစ်ကနေ အမုန်းတီးဆုံးလူ ဖြစ်တတ်တာပဲ မဟုတ်လား၊ အမုန်းမိစ္ဆာဆိုတဲ့ အမည်ဟာလဲ ချစ်ခြင်းမုန်းခြင်းတွေက ဖြစ်လာခဲ့တာပဲ"

သူမ၏စကားသံ တိုးညင်းကာ မျက်လုံးများ ရီဝေ၍ နေ လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အတ္တအမှောင်

ညနေဆည်းဆာအချိန် ဖြစ်သည်။

ကောင်းကင်တစ်ခုလုံး ပုဇွန်ဆီရောင်သန်းနေ၏။

တိမ်တိုက်အချို့ လေနှင့်အတူ လွင့်မျောနေပြီး အိပ်တန်းပြန် ငှက်တစ်အုပ်က အသံစာစာပေးကာ ပျံသန်းသွားကြလေသည်။

ထင်းကျူးလွှေသည် တောင်ကုန်းလေးတစ်ခုပေါ်မှ နေပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ယင်း ရင်ထဲ လွမ်းဆွေးသော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

သူက မိတ်ဆွေများနှင့်ခွဲကာ သိုင်းလောကအကျိုး ဆောင်ရွက်နေခဲ့သည်မှာ အချိန်အတန် ကြာသွားပြီ မဟုတ်ပါလား။



သူ၏မိတ်ဆွေများကို လွမ်းဆွတ်သတိရနေမိခြင်းက သူ၏ သံယောဇဉ် တရားကို ဖော်ပြနေပါသည်။

သူ၏မိတ်ဆွေများမှာ သူ၏ငယ်သူငယ်ချင်းများပင် ဖြစ်ပါသည်။

ငယ်စဉ် တောင်ကျေးကလေးဘဝကတည်းက ပေါင်းသင်းလာကြကာ ခင်မင်ရင်းနှီးခဲ့ကြသည် ဖြစ်၍ သူတို့၏သံယောဇဉ်ကြိုးနိုင်မာစွာ အမြစ်တွယ်နေခဲ့သည်မှာ ထူးဆန်းသည်တော့ မဟုတ်ပါချေ။

ထင်းကျူးလွှေသည် 'ဓာမဏီသိုင်းသမား'ဟူသော ဘွဲ့ထူးခံယူ၊ မကောင်းသူပယ် ကောင်းသူကယ် အဖြူရောင်သိုင်းသမားအဖြစ် သိုင်းလောက တာဝန်ထမ်းဆောင်ခဲ့သလို သူငယ်မိတ်ဆွေများ(ဝါ)ငယ်သူငယ်ချင်းများကလည်း သိုင်းလောက၌ ကျင်လည်ကျက်စားနေကြသူများ ဖြစ်လေသည်။

ဆည်းဆာရောင်ခြည်က တစထက်တစ အားပျော့လာသည်။

အမှောင်ရိပ်များ ဟိုနားသည်နား နေရာယူလာသည်။

မကြာမီ မိုးစုန်းစုန်းချုပ်သွားတော့မည် ဖြစ်လေသည်။

ထင်းကျူးလွှေ သက်ပြင်းချလိုက်သည်။

"မိတ်ဆွေတွေနဲ့ ပြန်လည်တွေ့ဆုံဖို့ ကျုပ်ပြန်လာနေပါပြီလေ"

ဟိုးတိုးရေရွတ်ယင်း တောင်ကုန်းလေးပေါ်မှ ဆင်းရန်

www.burmeseclassic.com

www.burmeseclassic.com



ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ကယ်တော်မူကြပါ"

တောင်ကုန်းလေးအောက်ဘက်မှ အော်ဟစ်အကူအညီတောင်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

"ဟင်"

ထင်းကျိုးလွှေ ရင်ထိတ်သွား၏။

တစ်စုံတစ်ယောက် ဒုက္ခရောက်နေပြီ ဖြစ်ကြောင်း နားလည်လိုက်၏။

သိုင်းသမားကောင်းတို့မည်သည် အခက်အခဲ ဒုက္ခကြုံတွေ့ရသူများအား ကူညီရမည် မဟုတ်ပါလား။

ထင်းကျိုးလွှေသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ တောင်ကုန်းလေးပေါ်မှ ပြေးဆင်းသွားလေတော့သည်။

* * *



အလင်းရောင်က ပို၍ အားနည်းလာသည်။

အမှောင်ရိပ်များ ပိုပြီး အားကောင်းလာလေသည်။

ထင်းကျိုးလွှေ တောင်ကုန်းလေးအောက်ဘက်သို့ ရောက်သွားသောအခါ တောအုပ်ရှေ့မှ သစ်ပင်တစ်ပင်အောက်၌ လူတစ်ယောက် လဲကျနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူ၏အဝတ်အစားများ စုတ်ပြဲကာ ဒဏ်ရာဒဏ်ချက်များ ရရှိထားပြီး သွေးချင်းချင်း နီရဲနေ၏။

ထင်းကျိုးလွှေ ပြေးသွားပြီး ထိုလူအား ဖေးမလိုက်လေသည်။

"ခင်ဗျား ဘယ်လို ဖြစ်တာလဲဗျာ"

ထိုလူမှာ ပြင်းထန်သော ဒဏ်ရာများကြောင့် သေလုမျောပါး ဖြစ်နေသည်။

"ကျုပ်..ကျုပ် တူမလေးကို ကယ်ပါဗျာ"

ထင်းကျိုးလွှေက...

"ခင်ဗျားတူမလေးက ဘယ်သူများလဲ ပြောပါဦး"

"'နန်းယဉ်'၊ သူ့ကို 'ပေကျိုးစံအိမ်'က သတ်ပစ်ဖို့ ကြိုးစားနေကြတာ"

"ဟင်"

ထင်းကျိုးလွှေ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြန်လေသည်။

ဤနယ်တပိုက်တွင် ပေကျိုးစံအိမ်သည် ထင်ရှားသော စံအိမ်တစ်ခုအဖြစ် လူတိုင်း သိထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေကျိုးစံအိမ်ပိုင်ရှင် ပေကျိုးသခင်ကြီးသည် ထင်ရှားသော သိုင်းသမားကြီးတစ်ယောက် ဖြစ်သည်။

သိုင်းလောကသားတိုင်း၏ ကြည်ညိုလေးစားခြင်း ခံရသော အဖြူရောင်သိုင်းသမားကြီးတစ်ယောက်လည်း ဖြစ်သည်။

ပေကျိုးသခင်ကြီးက နန်းယဉ်ဆိုသော မိန်းကလေးတစ်ယောက်အား အဘယ်ကြောင့် သတ်ပစ်လိုနေရပါသနည်း။

သိုင်းလောကသည် ရှုပ်ထွေးပွေလီကာ လျှို့ဝှက်ချက် များပြားလှသည်။

မည်သူမျှ မသိသေးသော ပေကျိုးစံအိမ်၏ လျှို့ဝှက်ချက်တစ်ခုနှင့် ကြုံတွေ့လိုက်ရပြီ ဖြစ်ကြောင်း ထင်းကျုံးလွေ နားလည်လိုက်လေသည်။

"ပေကျိုးစံအိမ်က ခင်ဗျားရဲ့တူမလေးကို ဘာကြောင့် သတ်ပစ်ချင်ရတာလဲ ပြောပါဦး"

ထိုလူက...

"ပေကျိုးစံအိမ်က သခင်လေးဟာ ကျုပ်တူမ နန်းယဉ်နဲ့ မေတ္တာသက်ဝင်နေပါတယ်၊ ဒါကို ပေကျိုးသခင်ကြီးက သဘောမတူဘဲ.."

ပြောယင်း ချောင်းတဟွတ်ဟွတ် ဆိုးလာလေသည်။

နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာသည်။

"ကျုပ်တို့တူဝရီးနှစ်ယောက် ပေကျိုးစံအိမ်က လူသတ်သမားတွေ လက်ထဲက ထွက်ပြေးလာခဲ့ကြတာ၊ ကျုပ်တူမလေးကို ကူညီပေးပါဗျာ"



အားတင်းကာ တောင်းပန်လေသည်။

ထင်းကျုံးလွေ စိတ်မကောင်း ဖြစ်သွားသည်။

"စိတ်ချပါဗျာ၊ ကျုပ်ကူညီပါ့မယ်"

နန်းယဉ်တို့တူဝရီးသည် ပေကျိုးစံအိမ်၏ မတရားလုပ်သည်ကို ခံခဲ့ရခြင်း ဖြစ်ကြောင်း. နားလည်လိုက်၍ ကူညီမည်ဖြစ်ကြောင်း ကတိပေးလိုက်ခြင်း ဖြစ်သည်။

ထိုလူက...

"ကျုပ်တို့တူဝရီး ထွက်ပြေးလာကြတာ၊ ပေကျိုးစံအိမ်က လူတွေ လိုက်လာလို့ ဒုက္ခရောက်ခဲ့ရတယ်၊ လူချင်းကွဲသွားတယ်၊ ကျုပ်တူမလေးဟာ.."

ပြောယင်း တဖြည်းဖြည်း အသံတိမ်ဝင်သွားသကဲ့သို့ ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

ထင်းကျုံးလွေ ပင့်သက်ရှိုက်လိုက်မိလေသည်။

"ပေကျိုးစံအိမ်နဲ့ ရင်ဆိုင်ဖြေရှင်းရတော့မှာပဲ"

သူ၏မိတ်ဆွေများနှင့် ချိန်းဆိုထားသည့် နေရာသို့ မသွားနိုင်တော့ပါ။

ထင်းကျုံးလွေက ထိုလူ၏အလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုလ်ပေးလိုက်ပြီး တောအုပ်ထဲမှ ထွက်လာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ပွဲဦးထွက်

ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာပြီ ဖြစ်သည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာသည်။

ထင်းကျူးလွေက တောင်ပူစာလေးတစ်ခုကို ဖြတ်ကျော်လိုက်စဉ်...

"ဟူး..ဟူး..ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်သုံးခု ရိပ်ခနဲရိပ်ခနဲ ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူရိပ်သုံးခုသည် မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် ထင်းကျူးလွေ ရှေ့သို့ ရောက်ရှိလာလေသည်။



ထင်းကျူးလွေ သတိပြုကြည့်လိုက်ရာ ဓားကိုယ်စီ ကျောပိုးထားသည့် ဝတ်စုံနီသုံးယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူသုံးယောက်သည် အလွန်ခက်ထန်ပြီး ရက်စက်ကြမ်းကြုတ်မည့်အသွင် ရှိလေသည်။

ထင်းကျူးလွေ အံ့သြသွားလေသည်။

"သိုင်းလောကမှာ ဝတ်စုံနီသုံးဖော်ဆိုတဲ့ ကြေးစားလူသတ်သမားသုံးယောက် သတင်းကြီးတယ်၊ သည်လူတွေဟာ ဝတ်စုံနီသုံးဖော် ဖြစ်လိမ့်မယ် ထင်တယ်"

ထိုလူသုံးယောက်၏ဓားများကို ကြည့်လိုက်ရာ ဓားရိုးတွင် အရိုးခေါင်းပုံ ထုလုပ်ထားသည်ကို တွေ့ရလေသည်။

"သည်လူတွေဟာ ဝတ်စုံနီသုံးဖော်ဆိုတာ သေချာနေပြီ"

ထင်းကျူးလွေ တွေးတောနေစဉ် ဝတ်စုံနီတစ်ယောက်က ရှေ့တိုးလာသည်။

"မင်းက သည်လမ်းအတိုင်း လာခဲ့တာ ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့သေးသလား"

"ဩော်"

ထင်းကျူးလွေသည် နန်းယဉ်ဆိုသောမိန်းကလေးကို သတိရလိုက်လေသည်။

ကြေးစားလူသတ်သမားဝတ်စုံနီသုံးဖော်က နန်းယဉ်အား လိုက်ရှာနေကြခြင်း ဖြစ်ကြောင်းလည်း နားလည်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းကျုံးလွှေ မကျေမနပ် ဖြစ်သွားလေသည်။

"မိန်းကလေးတစ်ယောက် ဟုတ်လား"

"ဟုတ်တယ်၊ မင်းတွေ့ခဲ့သလား"

"တွေ့တာပေါ့"

"ဟင်"

ဝတ်စုံနီသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

"ပြောစမ်း၊ ဘယ်မှာ တွေ့ခဲ့တာလဲ"

"တောထဲမှာ"

"ကောင်းပြီ"

ဝတ်စုံနီသုံးဖော်က ပြေးလွှားသွားရန် ဟန်ပြင်လိုက်ကြလေသည်။

"ခဏနေပါဦးဗျာ"

ထင်းကျုံးလွှေက ဟန့်တားလိုက်လေသည်။

ဝတ်စုံနီသုံးယောက်က...

"မင်း ဘာပြောချင်သေးလို့လဲ"

ထင်းကျုံးလွှေက...

"အဲသည် မိန်းကလေးက ပေကျိုးစံအိမ်က လူတွေကို မှာလိုက်ပါတယ်"

"ဘာတွေ မှာလိုက်တာလဲ မြန်မြန်ပြောစမ်း"

"ပေကျိုးစံအိမ်ကလူတွေ မတရားလုပ်နေတာကြောင့် ဆုံးမလိုက်ပါတဲ့"



"ဘာ"

ဝတ်စုံနီသုံးဖော် ဒေါသထွက်သွားကြလေသည်။

"မင်းသေချင်ပြီ ထင်တယ်"

ဝတ်စုံနီတစ်ယောက်က လျှပ်တပြက် လှုပ်ရှားလိုက်လေသည်။

ရှေ့တိုးကာ ထင်းကျုံးလွှေ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ထင်းကျုံးလွှေကလည်း ခါး၌ ချိတ်ဆွဲထားသောဓားကို ဆွဲထုတ်ခုတ်ချလိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင် ထွက်ပေါ်လာပြီး...

"အား"

ဝတ်စုံနီမှာ စူးရှစွာ အော်ဟစ်ကာ မြေပေါ် လဲကျသွားလေတော့သည်။

"ဟင်"

"ဟာ"

ကျန်ဝတ်စုံနီနှစ်ယောက် မယုံနိုင်အောင် ဖြစ်သွားကြ၏။

ထင်းကျုံးလွှေက...

"ခင်ဗျားတို့လို ရက်စက်ကြမ်းကြုတ်တဲ့ ကြေးစားလူသတ်သမားတွေကြောင့် သိုင်းလောကမှာ အပြစ်မရှိတဲ့ လူတွေ သေခဲ့ရ သွားကြတာ မနည်းတော့ဘူး၊ ပေကျိုးစံအိမ်က မင်းတို့ကို ဆုံးမ ထားတယ်ဆိုကတည်းက သူတို့လည်း ဘယ်နည်းနဲ့မှ လူကောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူးဆိုတာ ထင်ရှားနေတာပဲ"

ဝတ်စုံနီနှစ်ယောက် ကြောင်အမ်းအမ်း ဖြစ်သွား၏။

သို့သော်...

ထင်းကျူးလွှေသည် နန်းယဉ်ဘက်မှ ရပ်တည်ကာ သူတို့အား ရင်ဆိုင်ရန် ကြိုးစားနေကြောင်း နားလည်သဘောပေါက်ကြလေသည်။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ...

"သေပေတော့"

"ယား"

ညာသံပေးကာ တိုက်ခိုက်လိုက်ကြတော့သည်။

ထင်းကျူးလွှေသည် ထိပ်သီးကြေးစားများနှင့် ရင်ဆိုင်နေရပြီ ဖြစ်ကြောင်း နားလည်ထားပြီး သတိထားကာ ပြန်လည်ရင်ဆိုင်လိုက်လေသည်။

ဝတ်စုံနီနှစ်ယောက်က ဓားများ အသုံးပြုကာ တိုက်ခိုက်လာကြသကဲ့သို့ ထင်းကျူးလွှေကလည်း ဓားကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

"ဂွစ်..ဂွစ်"

"ခြွမ်း"

"အား"

ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြပြီး မရှေးမနှောင်းမှာပင် ထင်းကျူးလွှေ၏ဓားချက်များက ဝတ်စုံနီနှစ်ယောက်၏ခန္ဓာကိုယ်ပေါ်သို့



ကျရောက်သွားလေတော့သည်။

ဝတ်စုံနီနှစ်ယောက် ယခုကဲ့သို့ ခံလိုက်ရမည် မထင်မိကြချေ။

တစ်ယောက်က မြေပေါ် ဝုန်းခနဲ လဲကျသွားပြီး ကျန်တစ်ယောက်က ဒူးထောက်ကျသွား၏။ ထိုလူသည် ထင်းကျူးလွှေကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"မင်း..မင်းက ဘယ်သူလဲ ပြောစမ်း"

ထင်းကျူးလွှေ ပြုံးလိုက်သည်။

လက်ထဲမှ ဓားကို ထောင်ပြလိုက်သည်။

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာ သိချင်ယင် သည်ဓားကို ကြည့်ထားပါဗျာ"

ဝတ်စုံနီသည် ထင်းကျူးလွှေ၏လက်ထဲမှ ဓားကို သေသေချာချာ ကြည့်လိုက်သည်။

ဓားက အခြားဓားများနှင့် မတူဘဲ ထူးခြားနေ၏။

ပုံသန်းတော့မည့် ငှက်တစ်ကောင် အသွင်မျိုး ရှိသည်။

ဓားရိုးမှာလည်း ငှက်တစ်ကောင်၏ ဦးခေါင်းနှင့် နှုတ်သီးပုံ ထွင်းထားသည်။ ဝတ်စုံနီ နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်လာသည်။

"ဓာမဏီ"

ဟုရေရွတ်ယင်း မြေပေါ် တဖြည်းဖြည်း လဲကျသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ပေကျိုးစံအိမ်...

ပေကျိုးစံအိမ်သည် တောင်ကုန်းလေးတစ်ခုပေါ်၌ တည်ဆောက်ထားခြင်း ဖြစ်၍ အဝေးမှပင် တွေ့မြင်နိုင်လေသည်။

စံအိမ်ဆိုသော်လည်း ရဲတိုက်ကြီးတစ်ခုပမာ ခိုင်ခန့်ကာကြီးကျယ်ခမ်းနားလှသည်။

စံအိမ်ပိုင်ရှင် ပေကျိုးသခင်ကြီးသည် မြေပိုင်ရှင်ကြီးတစ်ဦးလည်းဖြစ်ပြီး အရပ်လေးမျက်နှာ၌ သူပိုင်ဆိုင်သော မြေယာများလက်ညှိုးထိုးမလွဲအောင် ရှိနေ၏။

မျိုးရိုးစဉ်ဆက် ကျိုကျိုတက် ချမ်းသာကြွယ်ဝခဲ့ကြသူများလည်း ဖြစ်သည်။

တပည့်တပန်း အခြွေအရံလည်း ပေါများလှသည်။

သိုင်းလောက၌ အဖြူရောင်သိုင်းသမားကြီးတစ်ယောက်ဟု သတ်မှတ်ခံရသည့်တိုင်အောင် ပေကျိုးသခင်ကြီးသည် မာနကြီးပြီး ခက်ထန်မောက်မာသူ ဖြစ်လေသည်။

သူ၏သား ပေကျိုးသခင်လေးမှာမူ သဘောမနောကောင်းပြီး စိတ်ထားဖြူစင်နူးညံ့သူ ဖြစ်လေသည်။

သူတပါးအား ကူညီစောင့်ရှောက်ဖို့ ဘယ်တော့မှ ဝန်မလေးတတ်သူလည်း ဖြစ်သည်။

ပေကျိုးစံအိမ် အကြောင်းကို သိထားကြသူများသည် ပေကျိုးသခင်ကြီးထက် သားဖြစ်သူ ပေကျိုးသခင်လေးအား ပိုပြီး ရိုသေလေးစားကြသည်။



နှစ်သက်သဘောကျ ကြလေသည်။

ပေကျိုးသခင်လေးသည် ဆင်းရဲသူမလေးနန်းယဉ်နှင့် မမျှော်လင့်ဘဲ တွေ့ဆုံမိကာ မေတ္တာသက်ဝင်ခဲ့ကြလေသည်။

ထိုအကြောင်းကို သခင်ကြီး သိရှိသွားသောအခါ လုံးဝသဘောမတူဘဲ နန်းယဉ်တို့မိသားစုအား သုတ်သင်ရှင်းလင်းပစ်ရန် ဆုံးဖြတ်ခဲ့လေသည်။

ဤသို့ဖြင့် ပေကျိုးသခင်လေးနှင့် နန်းယဉ်တို့၏ မေတ္တာရေးရာ ပြဿနာတွင် ထင်းကျိုးလွှ ပါဝင်ပတ်သက်မိခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အိုရန်ဖုံးက လက်နှစ်ဘက် နောက်ပစ်ကာ လမ်းလျှောက်နေ၏။

ကျယ်ဝန်းလှသော ခန်းမဆောင်ကြီးမှာ သူ့အတွက် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရာ၌ ကျဉ်းမြောင်းသွားသည် ထင်ရလေသည်။

အိုရန်ဖုံး၏မျက်နှာ ခက်ထန်တင်းမာနေ၏။

အတန်ကြာမှ ခြေလှမ်းရပ်လိုက်သည်။

မလှမ်းမကမ်း၌ ခေါင်းငုံ့ကာ ရပ်နေသော အဘိုးအိုတစ်ယောက်ကို ကြည့်လိုက်လေသည်။

ထိုအဘိုးအိုမှာ ပေကျိုးစံအိမ်၏ အိမ်ထိန်းကြီး ဖြစ်လေသည်။

"အိမ်ထိန်းကြီး၊ ကျုပ်သားက ဘာမဟုတ်တဲ့ သူဆင်းရဲမလေးတစ်ယောက်နဲ့ မေတ္တာမျှနေတယ်ဆိုတာ ခင်ဗျား မသိခဲ့ဘူးဟုတ်လား"

အိမ်ထိန်းကြီး ပင့်သက်ရှိုက်လိုက်သည်။

"သခင်လေးဟာ သူဆင်းရဲမလေးတစ်ယောက်ကို မေတ္တာသက်ဝင်လိမ့်မယ်လို့ မထင်မိတာကြောင့် ကျုပ်လည်း အမှုမဲ့ အမှတ်မဲ့ ဖြစ်ခဲ့တာပါ သခင်ကြီး"

ပေကျိုးသခင်ကြီးအိုရန်ဖုံးက...

"ခင်ဗျား တော်တော်ပေါ့ဆတာပဲ၊ ခုတော့ သူဆင်းရဲမလေးကိုမှ မရယင် ရှူးတော့မတတ် ဖြစ်နေပြီ၊ သူတို့ကို ပေးစားဖို့



ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဒါကို ကျုပ်နားလည်ပါတယ် သခင်ကြီး"

"ခင်ဗျားနားလည်တယ်ဆိုယင် ကျုပ်သားကို မျက်ခြည်ပြတ် မခံနဲ့တော့၊ သူ့ကို ထိန်းထား၊ သူ့ရဲ့ အခြေအနေ ကျုပ်ဆီကို အမြဲမပြတ် သတင်းပို့ရမယ်၊ သူဆင်းရဲမလေး ကိစ္စကိုတော့ ကျုပ်ဘာသာ ကြည့်စီစဉ်မယ်၊ ခင်ဗျားသဘောပေါက်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ သဘောပေါက်ပါတယ် သခင်ကြီး"

"ဒါဖြင့် ခင်ဗျားသွားနိုင်ပြီ"

အိမ်ထိန်းကြီး ဦးညွှတ်ကာ ထွက်သွားလေသည်။

တံခါးဝသို့ ရောက်သွားတော့မှ အိုရန်ဖုံးက ဟန့်တားလိုက်လေသည်။

"ခဏနေဦး"

အိမ်ထိန်းကြီး ဦးညွှတ်လိုက်သည်။

"အမိန့်ရှိပါ သခင်ကြီး"

အိုရန်ဖုံးက...

"ကျုပ် ဘာတွေ လုပ်နေတယ်ဆိုတာ သူ့ကို လုံးဝ မသိစေနဲ့၊ ပေကျိုးစံအိမ် အပြင်ဘက်ကိုလည်း လုံးဝမထွက်စေနဲ့၊ တစ်ခုခု လွဲချော်ခဲ့မယ်ဆိုယင် ကျုပ်ခွင့်လွှတ်မှာ မဟုတ်ဘူး"

အိမ်ထိန်းကြီးက...

"ကျုပ်သဘောပေါက်ပါတယ် သခင်ကြီး"

"ကောင်းပြီ၊ ခင်ဗျားသွားနိုင်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



အိုရန်ဖုံး ခွင့်ပြုလိုက်လျှင် အိမ်ထိန်းကြီးလည်း ခပ်သွက်သွက် ထွက်သွားလေတော့သည်။

* * *

ပေကျိုးသခင်လေးအိုရန်စုသည် ပြတင်းပေါက်မှနေ၍ အဝေးသို့ မျှော်ကြည့်နေသည်။

သူ၏မျက်လုံးများ ရီဝေနေသည်။

ဝမ်းနည်းကြေကွဲသည့်အသွင် အထင်းသား ရှိနေ၏။

"သခင်လေး"

ရုတ်တရက် ထွက်ပေါ်လာသည့် ခေါ်သံကြောင့် အိုရန်စု လှည့်ကြည့်လိုက်သောအခါ အိမ်ထိန်းကြီး ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

"ဘာ…ဖေဖေ ဘာပြောသလဲဟင်"

အိုရန်စု အလောတကြီး မေးလိုက်လေသည်။

အိမ်ထိန်းကြီး ခေါင်းခါယမ်းလိုက်သည်။

"သခင်ကြီးက ခွင့်မပြုပါဘူး"

"ကျွန်တော်.."

"သခင်လေး အပြင်ထွက်ပြီး ခဏတဖြုတ် လည်ပတ်ချင်တဲ့ အကြောင်း ပြောပြပေမယ့် ခုတလော သည်နယ်ထဲကို သိုင်းသမား ဆိုးတွေ ဝင်ရောက်လာတာကြောင့် စိတ်မချလို့ ခွင့်မပြုနိုင်တဲ့



အကြောင်း ပြောပါတယ်"

အမှန်တော့ အိုရန်စုက အပြင်ထွက်ကာ လည်ပတ်မည်ဆိုသည်မှာ ချစ်သူနန်းယဉ်ထံသို့ သွားလို၍ ဖြစ်လေသည်။

နန်းယဉ်နှင့် မတွေ့ရသည်မှာ တစ်လခန့် ရှိပြီ မဟုတ်လား။

သူက နန်းယဉ်နှင့် ပတ်သက်နေသည်ကို ဖခင်ကြီး မသိအောင် ပိပိရိရိ နေခဲ့လေသည်။

လွန်ခဲ့သော တစ်လခန့်က…

"သား ဖေဖေတို့နယ်ထဲကို သိုင်းသမားဆိုးတွေ ဝင်ရောက်လာတယ်လို့ သတင်းရထားတယ်၊ သူတို့က ခိုးဆိုးလုယက်ကြမယ်ဆိုယင် ဖေဖေ လက်ပိုက်ကြည့်နေလို့ မရဘူး၊ သူတို့နဲ့ ရင်ဆိုင်ရလိမ့်မယ်၊ ဒါဆို တိုက်ပွဲတွေ ဖြစ်လာလိမ့်မယ်၊ အန္တရာယ် အချိန်မရွေး ကျရောက်လာနိုင်တာကြောင့် ငါ့သား စံအိမ်အပြင်ဘက်ကို လုံးဝ မထွက်ပါနဲ့ ဖေဖေ ခွင့်မပြုနိုင်ဘူး"

ဖခင်ကြီးက ခေါ်ယူသတိပေးခဲ့လေသည်။

ထိုအချိန်မှစ၍ အိုရန်စု အပြင်မထွက်ရတော့ခြင်း ဖြစ်လေသည်။

အပြင်မထွက်ရသဖြင့် နန်းယဉ်နှင့် မတွေ့ရတော့ပါ။

အချိန်ကြာလာလေလေ အိုရန်စု မနေနိုင်အောင် ဖြစ်လာလေတော့သည်။

အိမ်ထိန်းကြီးက…

"သခင်လေး သိုင်းသမားဆိုးတွေဟာ အင်မတန် ရက်စက်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြုတ်ပါတယ်၊ သခင်လေးက သိုင်းပညာ မတတ်လို့ သခင်ကြီးလည်း စိတ်မချတာနဲ့ အပြင်မထွက်ခိုင်းတာပါ၊ သိုင်းသမားဆိုးတွေကို ဆုံးမမောင်းထုတ်ပြီးယင် သခင်လေး..."

သူ၏စကားမဆုံးမီ အိုရန်စုက ကြားဖြတ်ပြောလိုက်သည်။

"ဖေဖေက ကျွန်တော်နဲ့ နန်းယဉ် အကြောင်းကို သိသွားပြီမဟုတ်လားဟင်"

"ဒါက.."

အိမ်ထိန်းကြီး မည်သို့ ပြောရမှန်းမသိ ဖြစ်သွားတော့သည်။

အိုရန်စုက...

"သည်နယ်မှာ အပ်ကျတာကအစ ဖေဖေသိတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော်တို့အကြောင်းကိုလည်း တစ်နေ့ ဖေဖေသိသွားမယ်ဆိုတာ တွေးမိပြီးသားပါ"

အိမ်ထိန်းကြီး ငိုင်သွားလေသည်။

အိုရန်စုက...

"နန်းယဉ်နဲ့ ခွဲဖို့ ကျွန်တော့်ကို စံအိမ်ထဲမှာ ပိတ်လှောင်ထားတာပါ၊ ကျွန်တော် နန်းယဉ်အတွက် စိုးရိမ်နေပါတယ် အိမ်ထိန်းကြီး၊ ဖေဖေဟာ နန်းယဉ်ကို ဒုက္ခပေးလိမ့်မယ်"

အိမ်ထိန်းကြီး ခေါင်းခါယမ်းလိုက်သည်။

"သခင်လေးရယ်၊ သည်လောက်လည်း မစိုးရိမ်ပါနဲ့၊ သခင်ကြီးက သခင်လေးရဲ့ ရှေ့ရေးကို တွေးပြီး စိုးရိမ်ပူပန်လို့ပါ၊ သခင်



လေးဟာ အထက်တန်းလွှာက လူတစ်ယောက်ပါ၊ နန်းယဉ်လို သူဆင်းရဲမလေးတစ်ယောက်နဲ့ မသင့်လျော်ပါဘူး"

"ဘာကြောင့် မသင့်လျော်ရတာလဲဟင်"

"ကျုပ်ပြောတာက.."

"လူလူချင်း မတူမတန်ဘူးဆိုတာ အဓိပ္ပါယ် မရှိပါဘူး၊ ကျွန်တော်ကတော့ နန်းယဉ်ကို ဘယ်တော့မှ မစွန့်လွှတ်ဘူးလို့ ဆုံးဖြတ်ထားပြီးပါပြီ"

"သခင်လေး"

အိမ်ထိန်းကြီး အထိတ်တလန့် ဖြစ်သွားလေသည်။

အိုရန်စုက...

"နန်းယဉ်ကိုသာ စွန့်လွှတ်လိုက်ရမယ်ဆိုယင် ကျွန်တော်လည်း ဆက်ပြီး အသက်ရှင်နေတော့မှာ မဟုတ်ပါဘူး"

ထိုစကားကြောင့် အိမ်ထိန်းကြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက...

ပေကျိုးသခင်ကြီးအိုရန်ဖိုးက ညစာ စားသောက်ရန် ပြ[င်]ဆင်နေစဉ် အိမ်ထိန်းကြီး အပြေးအလွှား ရောက်ရှိလာလေသည်။

အိုရန်ဖိုး မျက်မှောင်ကုပ်သွားလေသည်။

"အိမ်ထိန်းကြီး ပျာယီးပျာယာနဲ့ ဘာဖြစ်လာတာလဲ"

အိမ်ထိန်းကြီး မျက်နှာပျက်နေသည်။

"သ..သခင်လေး ပျောက်သွားလို့ပါ သခင်ကြီး"

"ဘာ"

အိုရန်ဖိုး ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်လေသည်။

အိမ်ထိန်းကြီးကို ဒေါသတကြီး ကြည့်လိုက်သည်။

"ဘာပြောတယ်၊ ကျုပ်သား မရှိတော့ဘူး ဟုတ်လား"

"ဟုတ်..ဟုတ်ပါတယ်၊ သခင်လေး ပျောက်သွားပါတယ်၊ ဘယ်မှာမှလည်း လိုက်ရှာလို့ မတွေ့ပါဘူး"

"တောက်"

အိုရန်ဖိုး တက်တစ်ချက် ခေါက်လိုက်ပြီး...

"ခင်ဗျား ဘာလုပ်နေတာလဲ၊ ရှိသမျှ လူအားလုံးကို အရ[ပ်]လေးမျက်နှာ လွှတ်ပြီး လိုက်ရှာခိုင်းလိုက်၊ သူထွက်ပြေးသွားတယ်ဆိုယင်တောင် ဝေးဝေး ရောက်နိုင်ဦးမှာ မဟုတ်ဘူး"

"ဟုတ်...ဟုတ်ကဲ့"

အိမ်ထိန်းကြီး ဒရောသောပါး ပြေးထွက်သွားတော့သည်။

အိုရန်ဖိုး၏မျက်နှာ ခက်ထန်နေသည်။



"နန်းယဉ်ကို အမြန်ဆုံး သတ်ပစ်နိုင်မှ ဖြစ်တော့မယ်"

ဟုလက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ကာ ကြုံးဝါးလိုက်လေတော့သည်။

နန်းယဉ်အား သုတ်သင်ပစ်ဖို့ သူက ကြေးစားလူသတ်သမားများအား တိတ်တဆိတ် ငှားရမ်းထားခဲ့လေသည်။

ကြေးစားလူသတ်သမားများကိုလည်း နန်းယဉ်ကို ရအောင်ရှာဖွေကာ ချက်ခြင်းသုတ်သင်ပစ်ရန် တာဝန်ပေးလိုက်တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## လူရှုပ်

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်သည်။

နွေးထွေးသော နံနက်ခင်း နေရောင်ခြည်အောက်၌ ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ကျေးငှက်ကလေးများသည် ဘာသာဘာဝတေးကို သီကျွေးယင်း ဟိုမှသည် ပျံဝဲနေကြသည်။

အေးမြသော လေပြည်လေညှင်းလေးလည်း ဝေ့ယမ်းတိုက်ခတ်ကာ သယ်ဆောင်လာသော ပန်းရနံ့များကို အရပ်လေးမျက်နှာသို့ ပျံ့လွင့်သွားစေသည်။

ထင်းကျူးလွှေသည် ပေကျိုးစံအိမ်သို့ ဦးတည်ကာ ခရီးနှင်



လာယင်း တောအုပ်တစ်ခုကို ဖြတ်သန်းလာစဉ် သစ်ပင်များကြား၌ ဖရိုဖရဲ ဖြစ်နေသော အိမ်ကလေးတစ်လုံးကို တွေ့မြင်လိုက်ရလေသည်။

“ဒါ နန်းယဉ်ဆိုတဲ့မိန်းကလေးရဲ့ အိမ်များ ဖြစ်နေမလား”

သူတွေးတောနေစဉ်မှာပင် ငိုကြွေးသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

ထင်းကျူးလွှေ တွေဝေသွား၏။

“မိန်းကလေးတစ်ယောက်ရဲ့ ငိုကြွေးသံပဲ”

သူနားကြားလွဲလေသလားဟု ဂရုစိုက် နားထောင်လိုက်ရာ ငိုသံကို သေသေချာချာ ကြားလိုက်ရလေသည်။

မိန်းကလေးက သနားစဖွယ် ငိုကြွေးနေသည်။

အဘယ်ကြောင့်ပါနည်း။

ထင်းကျူးလွှေ မနေနိုင်တော့ဘဲ ငိုကြွေးသံ ထွက်ပေါ်လာရာဆီသို့ လှမ်းသွားလိုက်လေသည်။

ငိုကြွေးသံသည် ပျက်စီးနေသည့် အိမ်ကလေးမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ထင်းကျူးလွှေက သစ်ပင်ချုံနွယ်များကြားမှ ကွေ့ပတ်ကာ သတိထားပြီး ချဉ်းကပ်သွားလိုက်လေသည်။

အိမ်ပျက်လေးနှင့် တစ်စထက်တစ်စ နီးကပ်သွား၏။

ထိုအခါ...

အိမ်ပျက်လေးရှေ့၌ ဒူးထောက်ကာ ငိုကြွေးနေသော မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

မိန်းကလေးက ငိုကြွေးယင်း...

"အစ်ကိုရယ် ကျွန်မကို မကယ်နိုင်တော့ဘူးလားရှင်"

ဟုတမ်းတမ်းတတ ပြောနေ၏။

ထင်းကျူးလွေ စိတ်မကောင်း ဖြစ်သွားလေသည်။

"ကျုပ်က မင်းကို ကူညီပါ့မယ်"

ပြောယင်း မိန်းကလေးရှေ့သို့ လှမ်းသွားလိုက်လေသည်။

မိန်းကလေးမှာ အိုရုန်စု၏ချစ်သူ နန်းယဉ် ဖြစ်ပါသည်။

နန်းယဉ်သည် ရုတ်တရက် ရောက်လာသော ထင်းကျူးလွေကြောင့် ထိတ်လန့်သွားလေသည်။

"ရှင်..ရှင် ဘယ်သူလဲ"

အထိတ်တလန့် မေးယင်း ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

ထင်းကျူးလွေက...

"မိန်းကလေး မကြောက်ပါနဲ့၊ ကျုပ်က မင်းကို ဒုက္ခပေးမယ့်လူ မဟုတ်ပါဘူး၊ မင်းကို ကူညီမယ့်လူပါ"

"ဟင်"

"မင်းရဲ့ဦးလေးနဲ့ ကျုပ်တွေ့ခဲ့ပြီးပါပြီ"

နန်းယဉ် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဦးလေး..ဦးလေး ဘယ်မှာလဲဟင်"

"သူ.."



ထင်းကျူးလွေ မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

နန်းယဉ်၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာ၏။

"ကျွန်မသိပါတယ်၊ ဦးလေး သေဆုံးသွားပြီ မဟုတ်လားရှင်"

ထင်းကျူးလွေက...

"သူက မင်းအတွက် အတော့်ကို စိုးရိမ်နေတာ၊ မင်းကို စောင့်ရှောက်ဖို့ ကျုပ်ကို အတန်တန် မှာသွားတာ"

"ကျွန်မ.."

"ပေကျိုးစံအိမ်ကလူတွေ မင်းကို ဒုက္ခမပေးနိုင်အောင် ကျုပ် ကာကွယ်စောင့်ရှောက်သွားပါ့မယ်"

နန်းယဉ် အငိုတိတ်သွားလေသည်။

သူမသည် ထင်းကျူးလွေကို အားကိုးတကြီး ကြည့်လိုက်သည်။

"ကျွန်မဟာ ပေကျိုးသခင်လေးနဲ့ မထိုက်တန်ဘူးဆိုတာ နားလည်ပါတယ်၊ ဒါပေမယ့်.."

"ကျုပ်သဘောပေါက်ပါတယ် မိန်းကလေးရယ်၊ မေတ္တာတရားဆိုတာ အင်မတန် ဆန်းကြယ်ပါတယ်၊ မင်းတို့ရဲ့ မေတ္တာတရား မှန်ကန်တယ်ဆိုယင် ပေကျိုးသခင်လေးနဲ့ လက်တွဲရပါလိမ့်မယ်ကွယ်"

"ကျေး..ကျေးဇူးတင်ပါတယ်ရှင်"

"ကိစ္စမရှိပါဘူးကွယ်၊ ဆင်းရဲတာ၊ ချမ်းသာတာ၊ လှတာ၊

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဆိုးတာ၊ ဒါတွေ မဆိုင်ပါဘူး၊ လူလူချင်း အတူတူချည့်ပါပဲ၊ ပေကျိုးသခင်လေးဟာလည်း လူထဲက လူတစ်ယောက်ပါပဲလေ"

ထိုစဉ်...

"ဟိတ် ပေကျိုးသခင်လေးကို သာမန်လူတစ်ယောက်လို့ ဘယ်သူပြောတာလဲ"

ကျယ်လောင်သော အော်ငေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *



"ဟူး...ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူတစ်စု ပြေးလွှားရောက်ရှိလာကြသည်။

ထိုလူစုသည် အိမ်ပျက်လေးရှေ့သို့ ရောက်လာသည်နှင့် ထင်းကျုံးလွေတို့အား ဝိုင်းရံထားလိုက်ကြလေသည်။

"မိန်းကလေး နောက်ဆုတ်လိုက်ပါ"

ထင်းကျုံးလွေက နန်းယဉ်ကို အကာအကွယ်ပေးထားလိုက်သည်။

ဝိုင်းရံထားကြသူများအား အကဲခတ်လိုက်သည်။

ထိုလူများကား ပေကျိုးသခင်ကြီး ငှားရမ်းထားသော ကြေးစားလူသတ်သမားများ ဖြစ်လေသည်။

သိုင်းသမားတစ်ယောက်က...

"ဘေးဖယ်လိုက်စမ်း"

ဟုငေါက်ကာ လက်တစ်ဘက် ဝှေ့ယမ်းလိုက်လျှင် ဓားပါးလေးတစ်လက် ပစ်လွှင့်လာလေသည်။

ထင်းကျုံးလွေ လက်ဆန့်ထုတ်ကာ ဖမ်းယူထားလိုက်သည်။

ဓားပါးလေး၏လက်ကိုင်ရိုး၌ မြွေတစ်ကောင်ပုံ ရေးဆွဲထားလေသည်။

ထင်းကျုံးလွေ မဲ့ပြုံးပြုံးလိုက်သည်။

"နယ်ခြားက မြွေဆိုးတွေပါလား"

ထိုလူသည် သူ၏ဓားပါးလေးအား ထင်းကျုံးလွေက ဖမ်းယူ

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်သည်ကို တွေ့ရလျှင် ထင်းကျုံးလွှေမှာ ခေသူမဟုတ်ကြောင်း ရိပ်မိသွားလေသည်။

ထင်းကျုံးလွှေအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"မင်းက ဘယ်သူလဲ ပြောပါဦး"

ထင်းကျုံးလွှေက...

"ကျုပ် ဘယ်သူလဲဆိုတာ သိချင်ယင် ကျုပ်ရဲ့ဓားကို ကြည့်ထားပါ"

ခါးမှ ဓားကို ဆွဲထုတ်လိုက်သည်။

ဓားရိုးမှ ဓာမဏီငှက်ရုပ်သည် ချက်ခြင်း ထပျံတော့မည်ဟု ထင်ရအောင် အသက်ဝင်လှသည်။

ထိုလူ မျက်မှောင်ကုပ်သွား၏။

"ဓာမဏီ"

ထင်းကျုံးလွှေက...

"မှန်ပါတယ်ဗျာ"

"လက်စသပ်တော့ မင်းဟာ ဓာမဏီဓားသမား ထင်းကျုံးလွှေကိုး"

ထင်းကျုံးလွှေ ပြုံးလိုက်လေသည်။

"ကျုပ်ထင်းကျုံးလွှေဆိုတာ သိယင် ခင်ဗျားတို့ နယ်ခြားကို အေးအေးဆေးဆေး ပြန်သွားတာ ကောင်းမယ်"

"ဟား..ဟား..ဟား"

ထိုလူ ဟားတိုက်ရယ်မောလိုက်သည်။



"ဓာမဏီဓားသမားထင်းကျုံးလွှေဟာ သိုင်းလောကမှာ ကျော်ကြားပါတယ်၊ ဒါပေမယ့် ကျုပ်တို့ကတော့ မမှုသေးပါဘူးလေ"

စကားဆုံးလျှင် သူ၏လူများကို လက်ဝှေ့ယမ်းပြလိုက်လေသည်။

မြွေဆိုးလူသတ်သမားများသည် ချက်ချင်းညာသံပေးကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ထင်းကျုံးလွှေလည်း ဓားဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

အိမ်ပျက်ကလေးရှေ့၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

"ဟိတ်"

"ယား"

"ခြွမ်း..ခြွမ်း..ခြွမ်း"

ညာသံပေးသံများ၊ လက်နက်အချင်းချင်း ပြင်းထန်စွာ ထိတွေ့မိသံများ၊ အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

တစ်ယောက်နှင့် အများ တိုက်ခိုက်နေရသော်လည်း ထင်းကျုံးလွှေ မမှုပါချေ။

အဖြူရောင်သိုင်းသမားဗိုဗီ မကောင်းမှုများကို တွန်းလှန်သွားရန် ဆုံးဖြတ်ထားသည့်အလျောက် မကြောက်မရွံ့ ရင်ဆိုင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းကျူးလွှေ၏ဓားပညာ ထက်မြက်နေသည် ဖြစ်ရကား...

"ဝုန်း"

"အမယ်လေး"

"အား"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာကာ နယ်ခြားမြွေဆိုးသိုင်းသမားများ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

ဆက်၍ တိုက်ခိုက်ခြင်း မပြုဝံ့ကြတော့ဘဲ နောက်ဆုတ်သွားကြလေသည်။

ထင်းကျူးလွှေက...

"ငွေရှိတိုင်း၊ သြဇာအရှိန်အဝါရှိတိုင်း ထင်ရာလုပ်လို့ မရဘူးဆိုတာ ပေကျိုးသခင်ကြီးကို ပြန်ပြီး ပြောပြလိုက်ကြပါ"

ဓားဝှေ့ယမ်းကာ ပြောလိုက်လေသည်။

ခေါင်းဆောင်မြွေဆိုးကိုယ်တိုင် ဒဏ်ရာရထားပြီ ဖြစ်ရာ...

"ကောင်းပြီလေ၊ ပေကျိုးသခင်ကြီးနဲ့ ဆက်ပြီး ဖြေရှင်းပေတော့"

ဟုပြောပြီး ချာခနဲလှည့်ကာ ပြေးလွှားသွားလေသည်။

သူ၏လူများလည်း လိုက်သွားကြပြီး တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

* * *



မြွေဆိုးသိုင်းသမားများ ထွက်သွားကြပြီ ဖြစ်လေသည်။

ထင်းကျူးလွှေက ကြောက်ရွံ့နေသော နန်းယဉ်ကို အားပေးနှစ်သိမ့်လိုက်သည်။

"မိန်းကလေး ဘာမှ မကြောက်ပါနဲ့၊ ဘယ်လိုပဲ အန္တရာယ်ရှိပါစေ ကျုပ်ရင်ဆိုင် ဖြေရှင်းပေးသွားပါ့မယ်"

နန်းယဉ် ဦးညွှတ်လိုက်သည်။

"အစ်ကိုကြီးရဲ့ ကျေးဇူးကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူးရှင်၊ ဒါပေမယ့် ကျွန်မဟာ ပေကျိုးသခင်လေးနဲ့ မထိုက်တန်ပါဘူး၊ ပေကျိုးသခင်ကြီးကလည်း ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ပါဘူး၊ ကျွန်မကြောင့် သူတို့ ဂုဏ်သိက္ခာကျဆင်းပြီး လူပုံအလယ်မှာ မျက်နှာငယ်ရပါလိမ့်မယ်၊ ကျွန်မ အဝေးကို ထွက်သွားပါတော့မယ်ရှင်"

ထင်းကျူးလွှေ စိတ်မကောင်း ဖြစ်သွားလေသည်။

ထိုအချိန်မှာပင်...

"ညီမ"

ခေါ်သံနှင့်အတူ လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ပေကျိုးသခင်လေး အိုရန်စု ဖြစ်လေသည်။

"ဟင် အစ်ကို"

နန်းယဉ် ဝမ်းသာအားရ ဖြစ်သွားသည်။

သူမသည် ကပျာကယာ ပြေးသွားပြီး အိုရန်စု၏ရင်ခွင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လိုက်လေသည်။

အိုရန်စုက...

"ညီမပြောတဲ့ စကားတွေကို ကျုပ်ကြားပြီးပါပြီ၊ ကျုပ်ကို ခွဲမသွားပါနဲ့ ညီမရယ်၊ ကျုပ်က ဂုဏ်ပကာသနတွေ မမက်မောပါဘူး၊ ပေကျိုးစံအိမ်ကို စွန့်လွှတ်ပြီး ညီမဆီကို လာခဲ့တာပါ၊ အစ်ကိုတို့နှစ်ယောက် အဝေးကို ထွက်သွားကြမယ်နော်"

နန်းယဉ် အံ့သြသွားလေသည်။

"အစ်ကို တကယ် ပြောတာလားဟင်"

"တကယ်ပါ ညီမရယ်၊ ကျုပ်က ညီမနဲ့.."

ရုတ်တရက် ထွက်ပေါ်လာသော ခြေသံများကြောင့် နန်းယဉ်နှင့် အိုရန်စုတို့ ကြည့်လိုက်ကြလေသည်။

ထိုအခါ ပေကျိုးစံအိမ်မှ အိမ်ထိန်းကြီးနှင့် သိုင်းသမားများ လိုက်လာကြသည်ကို တွေ့လိုက်ရလေတော့သည်။

* * *

## စိန်ခေါ်ခြင်း

"အိမ်ထိန်းကြီး"

အိုရန်စု အထိတ်တလန့် ခေါ်လိုက်သည်။

အိမ်ထိန်းကြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် သခင်လေး၊ သခင်ကြီးက ခေါ်ခိုင်းလိုက်ပါတယ်"

"ကျွန်တော်.."

"အိမ်ကို ပြန်လိုက်ခဲ့ပါ သခင်လေး၊ ဆက်ပြီး မမိုက်မဲချင်ပါနဲ့လေ၊ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုဆိုတာ အားလုံးသိကြသလို သခင်လေးလည်း သိမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



အိုရန်စု ခေါင်းခါယမ်းလိုက်လေသည်။

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ကျွန်တော် ပြန်မလိုက်တော့ဘူး"

"သခင်လေးဟာ ပေကျိုးစံအိမ်ပိုင်ရှင် အရိုက်အရာကို ဆက်ခံရမယ့် လူတစ်ယောက်ပါ။ အညတရမိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ဖို့ဆိုတာ"

"ဟုတ်ပါတယ်၊ မဖြစ်နိုင်မှန်း သိလို့လဲ ကျွန်တော်က ပေကျိုးစံအိမ် သခင်လေး ဘဝကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"

"ဟင်"

အိမ်ထိန်းကြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အိုရန်စုက...

"ဘာဘ ပြန်ပါတော့၊ ကျွန်တော် ဘယ်နည်းနဲ့မှ အိမ်ကို ပြန်လိုက်တော့မှာ မဟုတ်ပါဘူး"

ဟုပြတ်သားစွာ ပြောလေသည်။

အိမ်ထိန်းကြီး သက်ပြင်းချလိုက်သည်။

"သခင်လေး ဘယ်လိုပဲ ဆုံးဖြတ်ထားပေမယ့် ကျုပ်က မဖြစ်မနေ ပြန်ခေါ်သွားရမှာပါ၊ ဒါဟာ သခင်ကြီးရဲ့အမိန့် ဖြစ်တာကြောင့် ကျုပ်ကို ခွင့်လွှတ်ပါ"

ထို့နောက် ပေကျိုးစံအိမ်မှ သိုင်းသမားများအား အမိန့်ပေးလိုက်လေသည်။

"သခင်လေးကို ခေါ်ခဲ့ကြ၊ ပေကျိုးစံအိမ်ကို ပြန်ကြမယ်"



"ကောင်းပါပြီ"

သိုင်းသမားများ ရှေ့တိုးလာကြလေသည်။

"ကျွန်တော် ပြန်မလိုက်ဘူး"

အိုရန်စုက အော်ဟစ်ငြင်းဆန်လိုက်လေသည်။

ပေကျိုးသခင်ကြီးအိုရန်ဖုံးသည် ထင်ရှားသော ထိပ်တန်းသိုင်းသမားကြီးတစ်ဦး ဖြစ်သော်လည်း သခင်လေးအိုရန်စုမှာမူ သိုင်းပညာ မတတ်ပါချေ။

အိုရန်စုသည် သိုင်းပညာကို လုံးဝစိတ်မဝင်စားသဖြင့် မည်သို့ပင် သင်ပေးသော်လည်း တတ်မြောက်ခြင်း မရှိခဲ့ပါ။

ပေကျိုးသခင်ကြီးအိုရန်ဖုံး အားမလိုအားမရ ဖြစ်ခဲ့ရသည့်တိုင် နောက်ဆုံး လက်လျှော့ခဲ့ရလေသည်။

သိုင်းပညာ မတတ်သော အိုရန်စုမှာ သူ့အား ဖမ်းဆီးခေါ်ဆောင်သွားမည့် သိုင်းသမားများအား မည်သို့မျှ ရင်ဆိုင်နိုင်စွမ်း မရှိပါ။

အိုရန်စု အံကြိတ်လိုက်သည်။

"လာ ညီမ၊ ကျုပ်တို့ ထွက်ပြေးကြမယ်"

နန်းယဉ်၏ လက်ကိုဆွဲကာ ထွက်ပြေးသွားရန် ကြိုးစားလိုက်လေသည်။

သို့သော် သိုင်းသမားများက ဝိုင်းရံထားလိုက်ခြင်းကြောင့် ပြေး၍ မရတော့ပေ။

ထင်းကျုံးလွေ လက်ပိုက်ကြည့်မနေနိုင်တော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"ရပ်လိုက်"

ကြားဝင်ဟန့်တားလိုက်လေသည်။

အိမ်ထိန်းကြီး၏မျက်နှာ ခက်ထန်သွားလေသည်။

"မိတ်ဆွေ ကိုယ်နဲ့ မဆိုင်ယင် ဝင်မရှုပ်တာ အကောင်းဆုံးပဲ"

ထင်းကျုံးလွှေက...

"တရားမျှတမှုမရှိတဲ့ ကိစ္စမှန်သမျှကို လက်ပိုက်ကြည့် မနေဘဲ ကြားဝင်ဖြေရှင်းပေးရမယ်လို့ ခံယူထားတာကြောင့် သည်ကိစ္စဟာ ကျုပ်နဲ့ သက်ဆိုင်နေပါတယ်ဗျာ"

အိမ်ထိန်းကြီးက...

"ကျုပ်တို့ဟာ ပေကျိုးစံအိမ်က လူတွေဆိုတာ မောင်ရင် မသိသေးဘူး ထင်တယ်"

ပေကျိုးစံအိမ်အမည်ကို အသုံးပြုကာ ခြိမ်းခြောက်လိုက်လေသည်။

ထင်းကျုံးလွှေက...

"ပေကျိုးစံအိမ်ဟာ ကျော်ကြားပါတယ်၊ ဒါပေမယ့် ကျုပ်ကို နောက်ဆုတ်အောင် မလုပ်နိုင်ပါဘူးဗျာ"

အိမ်ထိန်းကြီး ဒေါပွသွားတော့သည်။

"ကောင်းပြီလေ၊ ပြောမရယင်လည်း မောင်ရင်ရဲ့ သဘောပေါ့"

ပေကျိုးစံအိမ်မှ သိုင်းသမားများအား မျက်ရိပ်ပြလိုက်လေ



သည်။ ဤတွင်...

"ယား"

ပေကျိုးစံအိမ်မှ သိုင်းသမားများက ညာသံပေးကာ ထင်းကျုံးလွှေအား တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *

အိုရန်စုနှင့် နန်းယဉ်တို့ ထိတ်လန့်နေကြသည်။

သို့သော်...

ထင်းကျုံးလွှေကား တစက်ကလေး ကြောက်ရွံ့ခြင်း မရှိဘဲ ပေကျိုးစံအိမ်မှ သိုင်းသမားများနှင့် ရင်ဆိုင်တိုက်ခိုက်လိုက်လေသည်။

သူ၏ဓာမဏီဓားကလေးကို ခွင်းကာ ရိပ်ခနဲရိပ်ခနဲ လှုပ်ရှားသွားရာ...

"အား"

"အမယ်လေး"

ပေကျိုးစံအိမ်မှ သိုင်းသမားများ ဒဏ်ရာအသီးသီးရကာ နောက်ဆုတ်သွားကြလေတော့သည်။

အိမ်ထိန်းကြီး မျက်နှာပျက်သွားလေသည်။

"မောင်ရင်လေးရဲ့ သိုင်းပညာ ချီးကျူးစရာပါပဲ၊ ဒါပေမယ့် ကျုပ်တို့ သခင်ကြီးက ခွင့်လွှတ်မှာ မဟုတ်တာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထင်းကျုံးလွှေက…

"ကျုပ်ကလည်း ခင်ဗျားတို့ သခင်ကြီးနဲ့ တွေ့ချင်ပါသေးတယ်ဗျာ"

"ကောင်းပြီ"

အိမ်ထိန်းကြီးက အိုရန်စုဘက်သို့ လှည့်လိုက်သည်။

"သခင်လေး ပြန်မလိုက်တော့ဘူးလား"

အိုရန်စု ဦးညွှတ်လိုက်သည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် မလိုက်တော့ပါဘူး"

အိမ်ထိန်းကြီး သက်ပြင်းချလိုက်လေသည်။

"သခင်လေး သည်အတိုင်း ထွက်သွားမယ်ဆိုယင် ဘဝဒုက္ခအဖုံဖုံနဲ့ ကြုံတွေ့ခံစားရမှာ သေချာတယ်၊ ဒါကြောင့် သခင်ကြီး စိတ်ကျေနပ်အောင် တောင်းပန်ပြီး ညှိနှိုင်းတာ ကောင်းပါလိမ့်မယ်၊ သခင်ကြီးဟာ ကိုယ့်သားအရင်းကို ဘယ်တော့မှ ပစ်ထားမှာ မဟုတ်ပါဘူး၊ သခင်လေးသာ တောင်းပန်တတ်ယင် နောက်ဆုံး သခင်ကြီးအလျှော့ပေးပြီး သခင်လေးရဲ့ဆန္ဒကို လိုက်လျောမှာ သေချာပါတယ်"

ဟုဖျောင်းဖျပြောဆိုလိုက်လေသည်။

အိုရန်စုက…

"ဖေဖေဟာ မာနကြီးတဲ့ လူတစ်ယောက်ဆိုတာ အိမ်ထိန်းကြီးလည်း သိပါတယ်၊ သူ့ရဲ့ဂုဏ်သိက္ခာ ထိခိုက်တယ်ဆိုပြီး ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်ပါဘူး"



အိမ်ထိန်းကြီး ပြုံးလိုက်သည်။

"ဘယ်လိုအခက်အခဲမျိုးမှာမဆို ဖြေရှင်းလို့ရတဲ့ နည်းလမ်းရှိတတ်ပါတယ်၊ သခင်လေးတို့ ကိစ္စမှာလည်း အကောင်းဆုံးဖြစ်အောင် ဖြေရှင်းနိုင်တဲ့ နည်းလမ်းတစ်ခုခုတော့ ရှိမှာပါ၊ ဒါကြောင့် သိပ်ပြီး စိတ်မလောပါနဲ့၊ ကျုပ်ကြိုးစားပေးပါ့မယ်"

"ဘဘ"

"သခင်လေး ကျုပ်ကို စိတ်ချပါ"

"ဘဘ ကျေးဇူးကြီးလှပါတယ် ခင်ဗျာ"

အိုရန်စု ဦးညွှတ်လိုက်လေသည်။

အိမ်ထိန်းကြီးက ထင်းကျုံးလွှေဘက်သို့ လှည့်လိုက်သည်။

"မောင်ရင်လေးက သခင်လေးရဲ့ ကိစ္စမှာ တကယ်ပဲ ကူညီချင်တယ်ဆိုယင် ကျုပ်တို့ သခင်ကြီးနဲ့ လိုက်တွေ့ပါလားဗျာ"

"ကျုပ်က‥"

"မောင်ရင်လေးက သခင်လေးတို့ ကိစ္စ မတရားဘူး ထင်ယင် သခင်ကြီးဆီမှာ တောင်းဆိုနိုင်တာပဲ မဟုတ်လား"

ထင်းကျုံးလွှေ လက်ခံလိုက်လေသည်။

"ကောင်းပြီ၊ ကျုပ်လိုက်တွေ့ပါ့မယ်"

အိုရန်စုနှင့် နန်းယဉ်တို့သည် ကူညီမည့်သူ ရှိနေသဖြင့် ဝမ်းသာနေကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ပေကျိုးစံအိမ်...

ထင်းကျုံးလွေသည် ပေကျိုးစံအိမ်သို့ လိုက်ပါသွားခဲ့လေသည်။

အိမ်ထိန်းကြီးက ပေကျိုးသခင်ကြီးအိုရန်ဖုံးနှင့် တွေ့ဆုံကာ အကျိုးအကြောင်း ပြောပြလိုက်လေသည်။

အိုရန်ဖုံးက ထင်းကျုံးလွေနှင့် လက်ခံတွေ့ဆုံရန် ဆုံးဖြတ်လိုက်လေသည်။

"သူ့ကို ခေါ်လာခဲ့ပါ အိမ်ထိန်းကြီး"

"ဟုတ်ကဲ့"

မကြာပါချေ။

အိမ်ထိန်းကြီးက ထင်းကျုံးလွေအား ခေါ် ဆောင်လာလေသည်။

ဧည့်ခန်းဆောင်ကြီးကား ကြီးမားကျယ်ဝန်းလှသည်။

အဖိုးတန်ပရိဘောဂများဖြင့် တန်ဆာဆင်ထားရာ ခမ်းနားလှသည်။

လက်နက်ကိုယ်စီဆောင်ထားသော သိုင်းသမားများကလည်း ခန်းမဆောင်ကြီး ဝဲယာတစ်ဘက်တစ်ချက်၌ စီတန်းကာ နေရာယူထားကြလေသည်။

မည်သူမဆို ပေကျိုးစံအိမ်၏ ဧည့်ခန်းမဆောင်ကြီးအတွင်းသို့ ရောက်လျှင် အလိုလို သိမ်ငယ်သွားသလို ခံစားကြရမည် ဖြစ်လေသည်။



သို့သော်...

ထင်းကျုံးလွေကား စိုးရွံ့ခြင်း လုံးဝ မရှိသည့်အပြင် ခြသေ့်တစ်ကောင်အလား ရဲရင့်တည်ကြည်နေပါသည်။

အိုရန်ဖုံးက ထင်းကျုံးလွေအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်သည်။

"ဓာမဏိဓားသမားထင်းကျုံးလွေဟာ သိုင်းလောကမှာ တစ်နေ့တခြား နာမည်ရလာတာပဲ ခုလို တွေ့ရတာ ဝမ်းသာဂုဏ်ယူပါတယ်ဗျာ"

ချီးမွမ်းပြောဆိုလိုက်လေသည်။

ထင်းကျုံးလွေကလည်း...

"ပေကျိုးစံအိမ်ကလည်း ဂုဏ်သတင်း ကြီးမားလှပါတယ်၊ စံအိမ်ရှင်ကြီးကို ဂါရဝပြုပါတယ်ဗျာ"

လေးလေးစားစားပြောကာ ဦးညွှတ်လိုက်လေသည်။

အိုရန်ဖုံးက...

"ဒါထက် ကျုပ်ဆီကို ရောက်လာတဲ့ ကိစ္စက"

ထင်းကျုံးလွေက...

"သခင်လေးအိုရန်စုရဲ့ ကိစ္စပါ"

ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

အိုရန်ဖုံး လက်ကာပြလိုက်လေသည်။

"တခြားကိစ္စ ပြောလို့ မရဘူးလား၊ ကျုပ်သားရဲ့ ကိစ္စဆိုရင် ကျုပ်နားထောင်မှာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထင်းကျူးလွှကး...

"သခင်ကြီး နားမထောင်ချင်ဘူးဆိုယင် ပြောစရာ မလိုတော့ပါဘူးလေ၊ ကျုပ်ပြန်သွားဖို့ပဲ ရှိတော့တာပေါ့၊ ကျုပ်ကို ခွင့်ပြုပါဦး"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

အိုရန်ဖုံး၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

တစ်လှမ်းချင်း လှမ်းထွက်သွားနေသော ထင်းကျူးလွှကို စိုက်ကြည့်နေပြီးမှ...

"ရပ်လိုက်"

အော်ငေါက် ဟန့်တားလိုက်လေသည်။

ထင်းကျူးလွှ လှည့်ကြည့်လိုက်သည်။

"သခင်ကြီး ဘာများ ပြောချင်သေးလို့လဲဗျာ"

အိုရန်ဖုံးက...

"ကျုပ်သား ကိစ္စကို မင်း တကယ်ပဲ ဖြေရှင်းပေးချင်တာလား"

ထင်းကျူးလွှ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ"

"ကောင်းပြီ၊ မင်းဟာ သိုင်းလောကသားတစ်ယောက် ဖြစ်တော့ သိုင်းသမားတွေဟာ မျိုးရိုးဂုဏ်သိက္ခာနဲ့ ပတ်သက်လာယင် ဘယ်လိုသဘောထားကြတယ်ဆိုတာ မင်းသိမှာပါ"

"ကျုပ်သိပါတယ်ဗျာ"



"သိတယ်ဆိုယင် သည့်ကိစ္စကို ဘာမှ ပြောစရာ မလိုဘူးထင်တယ်"

ထင်းကျူးလွှကး...

"သခင်လေးအိုရန်စုဟာ သိုင်းလောကသားတစ်ယောက်လားဗျာ၊ သူဟာ သိုင်းပညာ မတတ်ဘူးလို့ သိရပါတယ်"

"ဒါက.."

"သူဟာ တစ်နေ့ကျယင် ပေကျိုးစံအိမ်သခင် ဖြစ်လာမှာ မှန်ပေမယ့် သိုင်းလောကသားတစ်ယောက်တော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး"

အိုရန်ဖုံး၏မျက်နှာ ခက်ထန်သွားသည်။

"မင်းက ဘာကို ရည်ရွယ်တာလဲ"

ထင်းကျူးလွှကး...

"သူဟာ သိုင်းလောကသား ဖြစ်လာမှာ မဟုတ်တဲ့အတွက် သခင်ကြီးလို သိုင်းလောကသားတွေ ထားရှိတတ်တဲ့ ခံယူချက်မျိုး ထားရှိဖို့ သိပ်ပြီး လိုအပ်တော့မှာ မဟုတ်ပါဘူး၊ ကျုပ်ပြောချင်တာက သိုင်းလောကသားပဲဖြစ်ဖြစ်၊ သာမန်လူတစ်ယောက်ပဲဖြစ်ဖြစ်၊ အားလုံးဟာ အတူတူပဲဆိုတာပါဗျာ"

အိုရန်ဖုံး နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်က လက်မခံဘူးဆိုယင်ကော"

ထင်းကျူးလွှကး...

"သဘာဝတရားကို လက်မခံလို့ မရဘူးဆိုတာ သခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့သိရမှာပါ”

“ဟား..ဟား..ဟား”

အိုရန်ဖိုး လှောင်ပြောင်ရယ်မောလိုက်လေသည်။

“ကျုပ်က ကျုပ်သားနဲ့ ဆင်းရဲသူမလေးကို ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး”

ဟုခပ်ပြတ်ပြတ်လည်း ပြောလေသည်။

ထင်းကျုံးလွေက...

“သခင်ကြီး သဘောပါပဲ၊ ကျုပ်တော့ ဘာမှပြောစရာ မရှိတော့ပါဘူး”

သူက ထွက်သွားရန် ဟန်ပြင်လိုက်ရာ အိုရန်ဖိုးက ဟန့်တားလိုက်ပြန်လေသည်။

“မင်းက မဖြစ်နိုင်တဲ့ ကိစ္စကို ဖြစ်အောင် ကြိုးစားကြည့်ချင်တယ်ဆိုယင်တော့ မင်းလုပ်နိုင်တဲ့ နည်းလမ်းတစ်ခု ရှိပါတယ်”

ထင်းကျုံးလွေ စိတ်ဝင်စားသွားလေသည်။

“ပြောပါဗျာ”

အိုရန်ဖိုးက...

“မင်းရဲ့ ဓာမဏီဓားသိုင်းကို အားလုံးက ချီးကျူးကြပါတယ်၊ ကျုပ်လည်း လေ့လာကြည့်ချင်ပါတယ်၊ မင်းက ကျုပ်ကို နိုင်အောင် တိုက်ခိုက်နိုင်မယ်ဆိုယင်တော့ ဆင်းရဲသူမလေးနဲ့ ပတ်သက်ပြီး ကျုပ်အလျှော့ပေးလိုက်ပါ့မယ်”

“ဪ”



ထင်းကျုံးလွေ ပြုံးလိုက်သည်။

“သခင်ကြီးက ကျုပ်နဲ့ ယှဉ်ပြိုင်ချင်နေတာကိုး”

“ကျုပ်က မင်းရဲ့ ဓာမဏီဓားသိုင်းကို လေ့လာကြည့်ချင်တာပါလေ”

“ကောင်းပါပြီဗျာ”

ထင်းကျုံးလွေ တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

“တကယ်လို့ ကျုပ်က သခင်ကြီးကို ယှဉ်နိုင်မယ်ဆိုယင် သခင်လေးတို့ရဲ့ မေတ္တာရေးကိစ္စကို သဘောတူခွင့်ပြုမယ် ဆိုပါတော့”

“ဒါအမှန်ပဲ”

“ဒါဆိုယင် သခင်ကြီးနဲ့ ကျုပ် ယှဉ်ပြိုင်ပါ့မယ်ဗျာ”

ထင်းကျုံးလွေက ယှဉ်ပြိုင်ရန် လက်ခံလိုက်လေသည်။

အိုရန်ဖိုး ပြုံးလိုက်သည်။

“ထင်းကျုံးလွေ၊ မင်းရဲ့ သိုင်းပညာ မဆိုးပေမယ့် ကျုပ်ကို ယှဉ်နိုင်ဖို့ မလွယ်သေးပါဘူး၊ မင်းစဉ်းစားယင် ကောင်းလိမ့်မယ်”

ထင်းကျုံးလွေ ခေါင်းခါယမ်းလိုက်သည်။

“စဉ်းစားစရာ မလိုတော့ပါဘူးဗျာ”

“မင်းက..”

“ကျုပ်အသက် သေချင်သေပါစေ သခင်ကြီးနဲ့ ယှဉ်ပြိုင်သွားမှာပါ”

www.burmeseclassic.com

www.burmeseclassic.com



အိုရန်ဖုံးက...

"မင်းက ကျုပ်ကို ယုဉ်နိုင်မယ် ထင်နေလို့လား"

ထင်းကျုံးလွေ ပခုံးတွန့်လိုက်သည်။

"သခင်ကြီးကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာ မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်ဗျာ"

"ဒါဖြင့် မင်း ဘာကြောင့် မိုက်မဲချင်ရတာပဲ"

ထင်းကျုံးလွေက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"သိုင်းသမားပဲဖြစ်ဖြစ်၊ သာမန်လူပဲဖြစ်ဖြစ်၊ လူသားတစ်ယောက်အတွက် မေတ္တာစစ်၊ မေတ္တာမှန်ထက် တန်ဖိုးရှိတာ တခြားဘာမှ မရှိဘူးဆိုတာ နားလည်ထားလို့ပါ"

အိုရန်ဖုံးသည် ထင်းကျုံးလွေကို စိုက်ကြည့်ယင်း ဘာပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

* * *



BURMESE CLASSIC .com

## သူရဲကောင်းသံယောဇဉ်

လမ်းများပေါ်၌ အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟို သွားလာနေကြသည်။

လမ်းဘေးတစ်ဘက်တစ်ချက်မှ ဈေးဆိုင်၊ စားသောက်ဆိုင်များမှလည်း ဆူဆူညံညံ အသံများ ထွက်ပေါ်နေသည်။

ထင်းကျုံးလွေသည် စားသောက်ဆိုင်တစ်ဆိုင်၌ ရောက်ရှိနေပြီး ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ ထိုင်ကာ အပြင်ဘက်သို့ ငေးမောကြည့်နေမိသည်။

သူက ပေကျိုးစံအိမ်မှ ပြန်လာခဲ့ပြီ ဖြစ်သည်။

ပေကျိုးစံအိမ်ကို နောက်တခါ သွားစရာလိုတော့မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးအိုရန်စုနှင့် ဆင်းရဲသူမလေးနန်းယဉ်တို့၏ ကိစ္စသည် သူ၏ကိစ္စ ဖြစ်လာသည်။

သခင်ကြီးအိုရန်ဖုံးနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

သူ၏ပညာဖြင့် အိုရန်ဖုံးအား ယှဉ်နိုင်မည် မဟုတ်ကြောင်း ကောင်းစွာ နားလည်ထားသည်။

သခင်ကြီးအိုရန်ဖုံး၏ ကိုးချက်လက်ဝါးသိုင်းက ထင်ရှားလှသည်။

အိုရန်ဖုံး ယှဉ်ပြိုင် တိုက်ခိုက်ဖူးသည့် တိုက်ပွဲတိုင်း၌ လက်ဝါးသိုင်းကိုးဆင့်အထိ ထုတ်ဖော်အသုံးပြုခဲ့ရဖူးခြင်း မရှိခဲ့ပါ။

အထင်ရှားဆုံးမှာ မြေလတ်ပိုင်း၌ ဆိုးသွမ်းသောင်းကျန်းနေသော မြစ်ဝါဘီလူးနှင့် တိုက်ပွဲ ဖြစ်သည်။

ထိုတိုက်ပွဲတွင် အိုရန်ဖုံးက လက်ဝါးသိုင်းငါးဆင့်အထိသာ ထုတ်ဖော်ခဲ့ရသည်။ မြစ်ဝါဘီလူး မရှုမလှ အရေးနိမ့်သွားခဲ့လေသည်။

နောက်ပိုင်း၌ သိုင်းလောကသားများသည် အိုရန်ဖုံးနှင့် တွေ့ရမည့် အရေးကို ဝေးဝေးရှောင်ကြလေသည်။

ယခုတော့...

ထင်းကျူးလွှက ထိပ်တိုက်ရင်ဆိုင်တော့မည် ဖြစ်သည်။

သူက အရေးနိမ့်သွားမည်ကို သိထားသော်လည်း နောက်ဆုတ်မည် မဟုတ်ပါ။

ထင်းကျူးလွှက အရက်တစ်ခွက် ငှဲ့သောက်လိုက်သည်။



သူက အသက်သေရမည်ကို မကြောက်ပါ။

သူစိုးရိမ်နေသည်မှာ မိုးစွေငှက်နှင့် လမ်းခွဲရမည့်အရေး ဖြစ်ပါသည်။

မိုးစွေငှက်...

မိုးစွေငှက်ကို သူ ဘယ်တော့မှ မေ့နိုင်လိမ့်မည် မဟုတ်ပါချေ။

ထင်းကျူးလွှက အရက်ခွက်ကို ချယင်း ငေးမောသွားပြန်သည်။

မိုးစွေငှက်နှင့် ဆုံတွေ့ခဲ့ရပုံများကို ပြန်လည်တွေးတော စဉ်းစားယင်း ပတ်ဝန်းကျင်ကို မေ့လျော့သွားပြန်လေတော့သည်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ဂူရေကန်...

ထိုက်ဂူရေကန်သည် ထင်ရှားသော ရေကန်တစ်ခု ဖြစ်သည်။

သို့သော် ကောင်းသတင်းနှင့် ထင်ရှားခြင်း မဟုတ်တော့ဘဲ မကောင်းသတင်းဖြင့် ထင်ရှားနေခြင်း ဖြစ်ပါသည်။

ထိုက်ဂူရေကန် အနီးပတ်ဝန်းကျင်၌ ဓားပြဂိုဏ်းတစ်ခုက ကြီးစိုးထားလိုက်ခြင်းကြောင့် ဖြစ်ပါသည်။

ထိုဓားပြဂိုဏ်းအား သိုင်းလောကသားများက ထိုက်ဂူဓား ပြဂိုဏ်းဟုပင် အလွယ်တကူ ခေါ်ခဲ့ကြလေသည်။

ထိုက်ဂူဓားပြဂိုဏ်းအား ခေါင်းဆောင်နေသူမှာ ရန်ကျား ပေါက် ဖြစ်သည်။

ရန်ကျားပေါက်သည် ဝူတန်ဂိုဏ်း၌ သိုင်းပညာသင်ကြားခဲ့ ပြီး ဂိုဏ်းခွဲမှူးရာထူး ရသည်အထိ ထူးချွန်ခဲ့သူ ဖြစ်သည်။

သိုင်းပညာတော်သူ ဖြစ်သော်လည်း သူ၏စိတ်နေသဘော ထားက ဆိုးဝါးလှသည်။

ဝူတန်ဂိုဏ်း၏ရန်သူတစ်ဦးအား ရင်ဆိုင်ခဲ့ရာ၌ ရန်သူနှင့် တကွ တအိမ်သားလုံးကို ရက်ရက်စက်စက် သတ်ပစ်ခဲ့လေသည်။

ဝူတန်ဂိုဏ်းမှ တာဝန်တစ်ခုဖြင့် ခရီးထွက်ယင်း ကျေးရွာ လေးတစ်ရွာသို့ ရောက်သောအခါ မိန်းကလေးတစ်ယောက်အား အဓမ္မပြုကျင့်ကာ သတ်ပစ်ခဲ့သည်။

ဝူတန်ဂိုဏ်းမှ အခြားဂိုဏ်းခွဲမှူးတစ်ဦးအား ရက်ရက်စက်



စက် ထိုးကြိတ်ရိုက်နှက် တိုက်ခိုက်ဖူးသည်။

အရက်သောက်၊ လောင်းကစားလုပ်၊ အပျော်အပါး လိုက် စားသူလည်း ဖြစ်သည်။

လောင်းကစားဝိုင်း၌ အရှုံးများသောအခါ အာမခံဌာနများ အား တိုက်ခိုက်လုယက်သည်။

ရန်ကျားပေါက်သည် ထင်ရာစိုင်းခဲ့ပြီး သူ့အား စစ်ဆေးရန် ဝူတန်းဂိုဏ်းချုပ်က ဆင့်ခေါ်သောအခါ ထွက်ပြေးသွားလေသည်။

သူ့အား လိုက်ရှာနေသော ဝူတန်ဂိုဏ်းမှ လူများအား ရှောင် တိမ်းယင်း အရပ်တကာ လှည့်ကာ ကြုံလျှင် ကြုံသလို ဓားပြတိုက် လုယက်လေသည်။

အမှောင်လောကသားများနှင့် ပေါင်းသင်းမိပြီး အမှောင် လောကထဲ ရောက်သွားပြီး ဓားပြဂိုဏ်းတစ်ခု၌ ပါဝင်ခဲ့သည်။

တစ်ချိန်တွင် ဓားပြဂိုဏ်းခေါင်းဆောင်အား လုပ်ကြံကာ ဓားပြဂိုဏ်းကို အပိုင်စီးခဲ့သည်။

နောက်ဆုံးတွင် ရန်ကျားပေါက်သည် အလွန်အန္တရာယ်များ ပြီး ဒုက္ခပေးနိုင်စွမ်းသော လူဆိုးဓားပြကြီးတစ်ယောက် ဖြစ်လာလေ တော့သည်။

ဝူတန်ဂိုဏ်းသာမက အခြားလူများကပါ ရန်ကျားပေါက် အား သုတ်သင်ရှင်းလင်းရန် ကြိုးစားလာကြလေသည်။

သို့တိုင်...

ရန်ကျားပေါက်သည် ထိုက်ဂူရေကန်တစ်ဝိုက်၌ ခြေချမ်း

www.burmeseclassic.com

www.burmeseclassic.com



မိုးထားနိုင်ခဲ့လေသည်။

ထင်းကျုံးလွေ သိုင်းလောကထဲ ရောက်လာသောအခါ ရန်ကျားပေါက်အား ရင်ဆိုင်ရန် ဆုံးဖြတ်ခဲ့လေသည်။

* * *

ထိုက်ဂူရေကန်မှာ အလွန်ပင် သာယာလှပနေပါသည်။

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်လေညှင်းလေးက ထင်းကျုံးလွေ၏ရင်ကို အေးမြသွားစေခဲ့လေသည်။

"သည်လောက် သာယာလှပတဲ့ နေရာတစ်ခုဟာ ရန်ကျားပေါက်ကြောင့် အလှပျက်ပြီး ကြောက်စရာကောင်းတဲ့ နေရာတစ်ခု ဖြစ်လာခဲ့ရတာပဲ"

ရန်ကျားပေါက်အား ဆုံးမရန် ထိုက်ဂူရေကန်သို့ လာခဲ့ကြသည့် သိုင်းလောကသားများမှာ အဖြစ်ဆိုး ကြုံသွားရသည်ချည်း ဖြစ်လေသည်။

ထိခိုက်ဒဏ်ရာရကုန်သည်။

အသက်ဆုံးရှုံးကုန်သည်။

အချို့ကား သေသည် ရှင်သည် မသိရအောင် ပျောက်ချင်းမလှ ပျောက်ဆုံးသွားကြလေသည်။

ကြားသော် ထိုက်ဂူရေကန်သို့ လာဝံ့သူ တဖြည်းဖြည်း နည်းပါးသွားတော့သည်။



ထင်းကျုံးလွေ ရောက်လာချိန်၌ ပတ်ဝန်းကျင် လူသူ ကင်းရှင်းနေပါသည်။

ထင်းကျုံးလွေက အပြောကျယ်လှသော ကန်ရေပြင်ကြီးထဲမှ သစ်ပင်ပန်းပင်များဖြင့် စိမ်းလန်းစိုပြည်နေသော ကျွန်းငယ်လေးကို လှမ်းမျှော်ကြည့်လိုက်သည်။

ရန်ကျားပေါက်က ထိုကျွန်းကလေး၌ စံအိမ်ကြီးတစ်ခု တည်ဆောက်ကာ အရှင်သခင်ကြီးတစ်ယောက်ပမာ တပည့်တပန်းများစွာနှင့် မင်းမူနေထိုင်လျက် ရှိသည်။

မည်သူမဆို ရန်ကျားပေါက်အား ဆုံးမလိုလျှင် ကန်ရေပြင်ကို ဖြတ်ကာ ကျွန်းကလေးဆီသို့ အရောက်သွားရလိမ့်မည် ဖြစ်လေသည်။

ဂူတန်ဂိုဏ်းသားများသည်လည်းကောင်း၊ သိုင်းလောကသားများသည်လည်းကောင်း လှေများ၊ ဝါးဖောင်များဖြင့် ကန်ရေပြင်ကို ဖြတ်သန်းကာ ကျွန်းကလေးဆီသို့ သွားခဲ့ကြသည်။

သို့သော်...

မည်သူ တစ်ဦးတစ်ယောက်မျှ ပြန်မလာနိုင်ကြတော့ပါ။

ထင်းကျုံးလွေက လှေဆိပ်ပမာ ပြုလုပ်ထားသည့် တံတားလေးဆီသို့ လှမ်းသွားလိုက်၏။

လှေကလေးသုံးလေးစီး အစီအရီ ရှိနေပါသည်။

ထိုလှေကလေးများဖြင့် ရန်ကျားပေါက် နေထိုင်သည့် ကျွန်းကလေးဆီသို့ သွားရမည် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟူး…ဟူး"

ရုတ်တရက် အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်။

လူငါးယောက် ပြေးလွှားလာကြကာ တံတားပေါ်သို့ ရောက်ရှိလာကြလေသည်။

ထိုလူငါးယောက်ကို ထင်းကျူးလွေ့ သိရှိထားလေသည်။

"ကျားငါးကောင်ပါလား"

ကျားငါးကောင်မှာ သိုင်းလောက တနံတလျား သွားလာကျက်စားနေသူများ ဖြစ်လေသည်။

သူတို့အား အဖြူရောင်သိုင်းသမားဟု ပြောကြသလို အနက်ရောင်သိုင်းသမားများဟု ပြောဆိုကြသူများလည်း ရှိလေသည်။

အမှန်တကယ်လည်း ကျားငါးကောင်ဆိုသော သိုင်းသမားငါးယောက်သည် ဘာကိုမှ အမှုမထားကြဘဲ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းနေကြသူများ ဖြစ်လေသည်။

ကျားငါးကောင်သည် ထင်းကျူးလွေ့ကို သတိမထားမိကြဘဲ ပြေးသွားကြပြီး လှေတစ်စင်း ဖြုတ်ယူကာ ကျွန်းကလေးဆီသို့ လှော်ခတ်သွားကြလေသည်။

ထင်းကျူးလွေ့ အံ့သြသွားသည်။

"လက်စသပ်တော့ သူတို့က ရန်ကျားပေါက်ဆီကို သွားကြမလို့ကိုး"



ကျားငါးကောင်သည် ရန်ကျားပေါက်နှင့် ပူးပေါင်းမည် မဟုတ်ဘဲ သွားရောက်တိုက်ခိုက်ကြမည်သာ ဖြစ်လေသည်။

ကျားငါးကောင် စီးနင်းလိုက်ပါသွားသော လှေကလေးမှာ လျင်မြန်စွာ ရွေ့လျားသွားလေသည်။

"ကျားငါးကောင်က ရန်ကျားပေါက်ကို ယှဉ်နိုင်ပါ့မလား"

ထင်းကျူးလွေ့ တွေးတောနေစဉ်မှာပင်…

"ဝုန်း"

ကန်ရေပြင်၌ လှိုင်းဂယက်များ ဖြစ်ပေါ်လာကာ ကျားငါးကောင် လိုက်ပါသွားသော လှေကလေးမှာ ချာချာလည်သွားလေသည်။

"သတိထားကြဟေ့"

"ရေအောက်မှာ"

"ရန်သူ"

ကျားငါးကောင်က အော်ဟစ်ပြောဆိုယင်း လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

"သေကြစမ်း"

ကျားငါးကောင်က လက်နက်ပုန်းများလည်း ထုတ်ကာ ရေထဲ ပစ်ခတ်လိုက်လေသည်။

"ဝုန်း…ဝုန်း"

ကျယ်လောင်မြည်ဟီးသံနှင့်အတူ ရေပန်းများ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေအောက်ထဲမှ လူလေးငါးယောက် ခုန်ထွက်လာကြပြီး ကျားငါးကောင်အား တိုက်ခိုက်လိုက်ကြလေသည်။

ထင်းကျူးလွှေ ရင်ထိတ်သွား၏။

“ရန်ကျားပေါက်ရဲ့ လူတွေက ရေကူးကျွမ်းကျင်တာကိုး၊ သူတို့ကို ရေအောက်ထဲကနေ တိုက်ခိုက်ကြတာကိုး၊ လှေကို နစ်မြုပ်ပစ်လိုက်မယ် ထင်တယ်”

သူတွေးထင်ထားသည့်အတိုင်းပင် ရန်ကျားပေါက်၏လူများက ရေအောက်မှနေ၍ လှေဝမ်းကို ထိုးဖောက်လိုက်ကြလေသည်။

လှေကလေး၌ အပေါက်ကလေးပေါင်းများစွာ ဖြစ်ပေါ်လာသည်။

ရေများက ဒရဟော တိုးဝင်လာသည်။

“လှေမြုပ်တော့မယ်ဟေ့”

ကျားငါးကောင် ဗျာများသွားကြလေသည်။

ရန်ကျားပေါက်၏လူများသည် ရေထဲမှ ဘွားခနဲဘွားခနဲ ထွက်ပေါ်လာကာ တိုက်ခိုက်နေကြရာ ကျားငါးကောင် အခက်ကြုံသွားတော့သည်။

“ဝုန်း”

လှေကလေးသည်လည်း လှေဝမ်းကွဲကာ ရေထဲ မြုပ်သွားလေတော့သည်။

“သတိထားကြ”

ကျားငါးကောင် အချင်းချင်း သတိပေးကာ ရန်သူကို ရင်



ဆိုင်ကြပါသော် ရေကူးကျွမ်းကျင်သည့် ရန်ကျားပေါက်၏လူများကို မယှဉ်နိုင်ဘဲ အရေးနိမ့်သွားကြလေတော့သည်။

“အား”

“အမယ်လေး”

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေသည်။

ရေပြင်မှာ သွေးချင်းချင်း နီရဲသွားသည်။

ကျားငါးကောင်နှင့် သူတို့ စီးနင်းသွားသော လှေကလေးမှာ ရေထဲ စုန်းစုန်းနစ်မြုပ်သွားလေသည်။

ထို့အတူ...

ရန်ကျားပေါက်၏လူများသည်လည်း ရေအောက်သို့ ငုတ်လျှိုးကာ ပျောက်ကွယ်သွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထင်းကျုံးလွေ ရင်မောသွားလေသည်။

"ကျားငါးကောင်က ဘာကိုမှ မကြောက်မရွံ့ဘဲ ထင်ရာစိုင်း တတ်ကြတာကြောင့် လူတွေက သူတို့ကို ဂရုမစိုက်ဘဲ မနေနိုင်ကြဘူး၊ ခုတော့ သူတို့ငါးယောက် ဘာမှ မတတ်နိုင်ကြတော့ပါလား"

ရန်ကျားပေါက်၏လူများက ပိုပြီး ရက်စက်ကြမ်းကြုတ်ကြသည်မှာ မျက်မြင်ကိုယ်တွေ့ မဟုတ်ပါလား။

ရန်ကျားပေါက်၏လူများသည် ကန်ရေပြင်အား ဖြတ်သန်းလာသူ အားလုံးကို တစ်ယောက်မကျန် သတ်ပစ်ကြလိမ့်မည် ဖြစ်လေသည်။

ထင်းကျုံးလွေ သက်ပြင်းချလိုက်သည်။

"ကျွန်းကလေးဆီကို အရောက်သွားနိုင်ဖို့ အရေးကြီးတယ်၊ ရောက်သွားယင် ဆုံးမနိုင်မှာပဲ၊ ဒါမှမဟုတ်ယင်တော့ ရေထဲမှာ အသတ်ခံရမှာပဲ"

ထိုစဉ်...

"မှန်လိုက်လေရှင့်"

ချိုလွင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ထင်းကျုံးလွေ ရင်ထိတ်သွားသည်။

လှည့်ကြည့်လိုက်သောအခါ မလှမ်းမကမ်း၌ ရပ်နေသည့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။



ထင်းကျုံးလွေက မိန်းကလေးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

"မင်းက ဘယ်သူလဲ"

မိန်းကလေးက...

"ရှင်ကကော"

"ကျုပ်က.."

ထင်းကျုံးလွေ လွတ်ခနဲ ပြောမည်ပြုပြီးမှ မပြောဘဲ နေလိုက်လေသည်။

မိန်းကလေးက...

"ရန်ကျားပေါက်ကို ဆုံးမမယ်ဆိုတဲ့ လူတွေဟာ ရန်ကျားပေါက် ဆုံးမတာကို ခံသွားကြရတယ် မဟုတ်လားရှင်၊ ရှင်ကကော"

ထင်းကျုံးလွေက...

"ကျုပ်က သူ့ကို ဘာကြောင့် မဆုံးမနိုင်ရမှာလဲ"

မိန်းကလေး ပြုံးလိုက်သည်။

"ဒါဆိုယင် ရှင်လည်း"

"ကျုပ်က ကျွန်းပေါ်ကို အရောက်သွားနိုင်မှာပဲ"

မိန်းကလေးက...

"ရှင် ဘယ်လိုသွားမှာလဲ ပြောပါဦး"

"ကျုပ်က.."

"ရှင်က လှေနဲ့ သွားမှာလား၊ ဒါမှမဟုတ် ရေကူးပြီးသွားမှာလား"

www.burmeseclassic.com

www.burmeseclassic.com



ထင်းကျုံးလွေ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် ဘယ်လိုပဲသွားသွား မင်းအပူမပါဘူး"

မိန်းကလေး ရယ်မောလိုက်လေသည်။

"ဘယ်လိုသွားရမယ်ဆိုတာ ရှင် မပြောတတ်တော့ဘူး မဟုတ်လား"

"ဘာ"

"ရှင်က ရန်ကျားပေါက်ကို ဆုံးမချင်တယ်၊ ဒါပေမယ့် သွားတဲ့ လူတွေ ဒုက္ခရောက်ကုန်တာကို တွေ့ရတော့ ဘယ်လိုသွားရမှန်း မသိအောင် ဖြစ်နေတယ်၊ မဟုတ်လားရှင့်"

"ကျုပ် ဘာကြောင့် မသွားတတ်ရမှာလဲ"

"ဒါဖြင့် ဘယ်လိုသွားမယ်ဆိုတာ ပြောပါဦး"

"မပြောနိုင်ဘူး"

"ခစ်"

ထင်းကျုံးလွေ မကျေမနပ် ဖြစ်နေပုံကို ကြည့်ကာ မိန်းကလေး ရယ်မောလိုက်လေသည်။

ကလေးငယ်တစ်ယောက်ပမာ အပြစ်ကင်းစင်စွာ ရယ်မောနေသည့် မိန်းကလေးကို ကြည့်ယင်း ထင်းကျုံးလွေ စိတ်မဆိုးနိုင်တော့ဘဲ ရင်ထဲ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

မိန်းကလေးအား ငေးမောကြည့်နေမိလေတော့သည်။

မိန်းကလေးက အတန်ကြာ ရယ်မောပြီး...

"ရန်ကျားပေါက်ကို ဆုံးမနိုင်မယ့် နည်းလမ်းကို ကျွန်မပြော



ပြရမလား"

ဟုမေးလာလေသည်။

ထင်းကျုံးလွေက...

"မင်းကများ တကယ့် လူဆိုးကြီးတစ်ယောက်ကို ဆုံးမနိုင်မယ်၊ ထင်နေလို့လား"

"ကျွန်မက သူ့ကို သေချာပေါက် ဆုံးမနိုင်လို့ သည်ကို လာခဲ့တာပေါ့ရှင်"

"မင်းတော်တော် လေကြွားတာပဲ"

ထင်းကျုံးလွေ ရယ်မောလိုက်လေသည်။

မိန်းကလေး မကျေမနပ် ဖြစ်သွား၏။

"ရှင်က ကျွန်မကို အထင်သေးတယ်ပေါ့လေ၊ ရန်ကျားပေါက်ကို မပြောနဲ့၊ ရှင့်ကိုတောင် ဆုံးမနိုင်သေးတယ်ဆိုတာ မှတ်ထားပါ"

"ဟား..ဟား..ဟား၊ နို့နံ့တောင် မစင်သေးတဲ့ ကလေးလေး တစ်ယောက်ကများ ကျုပ်ကို ဆုံးမနိုင်မယ်တဲ့ ရယ်စရာကောင်းလိုက်တာ"

"ရှင် မယုံဘူးလား"

"နေပါဦး၊ မင်းက ကျုပ်ကို ဘယ်လိုဆုံးမမှာလဲ ပြောစမ်းပါဦး"

"ရှင်သေသေချာချာကြည့်ထား"

မိန်းကလေးသည် ရှေ့သို့ ရုတ်တရက် ခုန်ထွက်လာပြီး ထင်း

www.burmeseclassic.com

www.burmeseclassic.com



ကျိုးလွှေအား တိုက်ခိုက်လိုက်လေတော့သည်။

* * *

မိန်းကလေး ရုတ်တရက် ခုန်ဝင်လာလေသည်။

သူမ လှုပ်ရှားလိုက်သည်နှင့် လက်နက်ပုန်းလေးများ ဦးစွာပင် ပစ်လွှင့်လာလေသည်။

ထင်းကျိုးလွှေ နှာခေါင်းရှုံ့လိုက်သည်။

"မင်း ဘာတတ်နိုင်မှာမို့လဲ"

လက်ဝှေ့ယမ်းကာ ပစ်လွှင့်လာသော လက်နက်ပုန်းလေးများအား ရိုက်ချလိုက်လေသည်။

"ထောက်..ထောက်..ထောက်"

လက်နက်ပုန်းလေးများ မြေပေါ်တဖြုတ်ဖြုတ် ပြုတ်ကျသွားလေသည်။

မိန်းကလေးသည် နောက်ဆုတ်မသွားဘဲ ဆက်၍ ခုန်ဝင်လာပြီး...

"ဟိတ်"

ညာသံပေးကာ ရုတ်တရက် အပေါ်ခုန်တက်သွား၏။

ချက်ချင်းပင် ထင်းကျိုးလွှေကို ဖြတ်ကျော်ကာ နောက်ကျောဘက် ရောက်ရှိသွားလေသည်။

ထင်းကျိုးလွှေက...



"ဒါမျိုး မရဘူး"

ချာခနဲလှည့်ကာ လက်ဝါးရိုက်ထုတ်လိုက်၏။

"ဝုန်း"

လက်ဝါးမှ ဖြစ်ပေါ်လာသော လေပွေလှိုင်းများ တိုးထွက်သွားလေသည်။

"ဟိတ်"

မိန်းကလေးက မြေပေါ် ခုန်ဆင်းပြီးသည်နှင့် ရိပ်ခနဲ လှဲချကာ ထင်းကျိုးလွှေ၏ခြေထောက်ကို တိုက်ခိုက်လိုက်လေသည်။

ထင်းကျိုးလွှေ မတတ်သာတော့ဘဲ နောက်ဆုတ်ပေးလိုက်ရလေသည်။

"ရှင် ဘယ်ပြေးမလဲ"

မိန်းကလေးသည် အခွင့်အရေး ရလိုက်သည်နှင့် ဆက်၍ တိုက်ခိုက်လိုက်လေသည်။

ထင်းကျိုးလွှေ ထပ်ပြီး နောက်ဆုတ်သွားရ၏။

သို့ဖြင့် သုံးလေးကြိမ် နောက်ဆုတ်ပြီးသောအခါ တံတားပေါ်သို့ ရောက်ရှိသွားလေတော့သည်။

မိန်းကလေး ဆက်၍ တိုက်ခိုက်ခြင်း မပြုဘဲ ရပ်တန့်လိုက်လေသည်။

သူမ ပြုံးလိုက်သည်။

"ကျွန်မ ဆက်ပြီး တိုက်ခိုက်လိုက်ယင် ရှင် ရေထဲကျသွားတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



ထင်းကျုံးလွှေက...

"ကျုပ် ဘာကြောင့် ကျသွားရမှာလဲ"

"ခုချိန်ထိ ရှင်.."

မိန်းကလေး၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

ထင်းကျုံးလွှေ မျက်မှောင်ကုပ်သွားလေသည်။

"မင်း ဘာဖြစ်တာလဲ"

မိန်းကလေးက တံတားပေါ်သို့ လက်ညှိုးညွှန်လိုက်သည်။

"တံတားအောက်မှာ"

ထင်းကျုံးလွှေ ငုံ့ကြည့်လိုက်၏။

ထိုအချိန်မှာပင်...

"ဝုန်း"

တံတားမှ ပျဉ်ချပ်များ ကျိုးပဲ့သွားကာ လုံသွားများ တို

ထွက်လာလေသည်။

တံတားအောက်၌ ရောက်ရှိနေသော ရန်သူများက တိတ်

တဆိတ် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ထင်းကျုံးလွှေ ရင်ထိတ်သွားလေသည်။

"ရှင်မြန်မြန်ခုန်ထွက်လိုက်လေ"

မိန်းကလေး သတိပေးလိုက်တော့မှ သတိဝင်လာကာ ဝေ

ထဲ ခုန်တက်ရှောင်တိမ်းလိုက်ရလေသည်။

"သွားစမ်း"

မိန်းကလေးက ရန်သူများအား လက်နက်ပုန်းဖြင့် ပစ်ခတ



တိုက်ခိုက်လိုက်လေသည်။

"ထောက်..ထောက်..ထောက်"

လက်နက်ပုန်းလေးများသည် တံတားပေါ်သို့ ခုန်တက်လာ

သည့် ရန်သူများအား ထိမှန်သွားလေသည်။

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ရန်သူနှစ်ယောက် လက်နက်ပုန်း ထိမှန်သွား၏။

ထို့နောက် အားလုံး ရေထဲ ပြန့်လည်ခုန်ဆင်းသွားကြလေ

သည်။

မိန်းကလေးက...

"ရန်ကျားပေါက်ဟာ သတ္တိမရှိဘဲ လိပ်လိုခေါင်းဝှက်နေတဲ့

လူပဲ၊ ကျွန်ုပ်မရှေ့မှာ လာပြီး ဒူးထောက်တောင်းပန်မယ်ဆိုယင် ချမ်း

သာပေးမယ်လို့ ပြောလိုက်ကြပေတော့"

ဟုအော်ပြောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထင်းကျုံးလွှေက မိန်းကလေးကို မျက်မှောင်ကုပ်ကာ ကြည့်လိုက်လေသည်။

မိန်းကလေးက...

"ရှင်တော်တော်ညံ့တာပဲ၊ ကျွန်မသာ အချိန်မီ သတိမပေးဘူးဆိုယင် ရှင်ဒုက္ခရောက်သွားမှာ သေချာတယ်"

ထင်းကျုံးလွှေ သက်ပြင်းချလိုက်လေသည်။

"ဟုတ်ပါတယ်၊ ကျုပ်ကို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဘာ ရှင့်"

"ကျုပ်က.."

"ရှင်က ကျွန်မကို အရွဲ့တိုက်တာလား"

"ဟာ မဟုတ်ပါဘူး ညီမရယ်"

မိန်းကလေး နှုတ်ခမ်းစူလိုက်သည်။

"ရှင် သည်နေရာက မြန်မြန်ထွက်သွားတာ အကောင်းဆုံးပဲရှင့်"

ထင်းကျုံးလွှေက...

"ကျုပ် ဘာကြောင့် ထွက်သွားရမှာလဲ"

"သည်ပုံအတိုင်းနဲ့ ရန်ကျားပေါက်ကို ရင်ဆိုင်မယ်ဆိုယင် ရှင်ဒုက္ခရောက်ဖို့ပဲ ရှိလို့ပေါ့ရှင်"

"ဪ"

ထင်းကျုံးလွှေ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။



"ဟုတ်တယ်၊ ကျုပ်က သတိပေါ့လျော့တဲ့လူဆိုတော့ အရေးနဲ့ အကြောင်းနဲ့ဆိုယင် ဒုက္ခရောက်ဖို့ပဲ ရှိတယ်၊ သွားမှ ဖြစ်မယ်"

"ရှင် သည်လို နားလည်တတ်မှပေါ့ရှင်"

မိန်းကလေး ရယ်မောလိုက်လေသည်။

ထင်းကျုံးလွှေက သူမအား ကျောခိုင်းကာ ထွက်သွား၏။

သို့သော် ခြေသုံးလေးလှမ်းမျှ လှမ်းသွားပြီးလျှင် ရပ်တန့်လိုက်လေသည်။

မိန်းကလေးဘက်သို့ ပြန်လှည့်လိုက်သည်။

မိန်းကလေးက...

"ရှင် မသွားသေးဘူးလား၊ ဘာဖြစ်လို့လဲ"

ထင်းကျုံးလွှေ ခေါင်းခါယမ်းလိုက်လေသည်။

"ဟင့်အင်း ကျုပ် မသွားတော့ဘူး"

"နေပါဦး၊ ရှင်က ဘာကြောင့် မသွားချင်ရတာလဲ၊ ဒုက္ခရောက်မှာ မကြောက်ဘူး ထင်တယ်"

ထင်းကျုံးလွှေက...

"ကျုပ်ဒုက္ခရောက်မှာ မဟုတ်ပါဘူး"

"ဘာ ရှင့်"

"မင်းတစ်ယောက်လုံး ရှိနေတာပဲ၊ မင်းက သတိလည်း ကောင်းတယ်၊ သိုင်းပညာလည်း တော်တယ်၊ အန္တရာယ် ပေါ်ပေါက်လာယင် မင်းက ကျုပ်ကို ကာကွယ်စောင့်ရှောက်နိုင်မှာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ထင်းကျုံးလွေ ရယ်မောလိုက်လေသည်။

မိန်းကလေး စိတ်ဆိုးသွားလေသည်။

မြေပေါ် ခြေဆောင့်လိုက်သည်။

"ကျွန်မက ရှင့်ကို ဘာကြောင့် ကာကွယ်ပေးရမှာလဲရှင်"

ထင်းကျုံးလွေက...

"ကျုပ်က ရန်ကျားပေါက်ကို ဆုံးမချင်တယ်၊ မင်းကလည်း ဆုံးမချင်တယ်၊ ကျုပ်တို့နှစ်ယောက်ဟာ သိုင်းလောကအကျိုး ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ခြင်း တူညီနေကြတာပဲ၊ ဘာကြောင့် မိတ်ဆွေတွေ မဖြစ်နိုင်ရမှာလဲ"

မိန်းကလေးက ကြောင်အမ်းအမ်းဖြင့် ထင်းကျုံးလွေကို ကြည့်နေသည်။

ထင်းကျုံးလွေက...

"ပြီးတော့ ညီမမှာ ရန်ကျားပေါက်ကို ဆုံးမနိုင်တဲ့ နည်းလမ်း ရှိနေသေးတယ် မဟုတ်လား"

မိန်းကလေး နှာခေါင်းရှုံ့လိုက်လေသည်။

"လက်စသပ်တော့ ရှင်က ကျွန်မကို အသုံးချချင်နေတာ ကိုး"

ထင်းကျုံးလွေက...

"သည်လိုတော့ မဟုတ်ပါဘူး၊ ရန်ကျားပေါက်ကို ဆုံးမနိုင်ဖို့က အရေးကြီးတယ် မဟုတ်လား၊ ညီမက သူ့ကို ဆုံးမတဲ့အခါ ကျုပ်က ဝိုင်းဝန်းကူညီဆောင်ရွက်သွားချင်တာပါ"



မိန်းကလေး တွေဝေသွားလေသည်။

ထင်းကျုံးလွေအား အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ သက်ပြင်းချလိုက်သည်။

"ရှင်တော်တော် အပြောကောင်းတာပဲ၊ ရှင်ပြောတဲ့အတိုင်း တကယ် လုပ်မယ်ဆိုယင် ကောင်းတာပေါ့၊ ရန်ကျားပေါက်ကို ဆုံးမနိုင်ယင် သိုင်းလောကမှာ နာမည်ကြီးသွားမှာ"

ထင်းကျုံးလွေ ပြုံးလိုက်သည်။

"ဟုတ်တယ် ညီမ နာမည်ကြီးသွားမှာပါ"

နှစ်ယောက်သား စကားကောင်းနေစဉ်မှာပင် ကန်ရေပြင်ထဲ၌ လှိုင်းဂယက်များ ထသွားကာ အနက်ရောင်ဝတ်ထားကြသူများ ဝုန်းခနဲဝုန်းခနဲ ခုန်ထွက်လာကြလေသည်။

ထိုလူများသည် ကမ်းပေါ်သို့ ခုန်တက်လာကြပြီးလျှင် ထင်းကျုံးလွေနှင့် မိန်းကလေးတို့အား တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော တိုက်ပွဲ ရုတ်ခြည်း ဖြစ်ပေါ်လာလေသည်။

ထင်းကျုံးလွှေနှင့် မိန်းကလေးတို့ လက်တွဲကာ အနက်ရောင်ဝတ်ထားကြသူများအား တိုက်ခိုက်လိုက်ကြလေသည်။

ထင်းကျုံးလွှေ၏ သိုင်းပညာ မခေသလို မိန်းကလေးသည်လည်း ထိပ်တန်းသိုင်းပညာ ရှိသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာလေသည်။

သူတို့နှစ်ယောက် တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြလျှင်

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာကာ အနက်ရောင်ဝတ်ထားကြသူများ ဖရိုဖရဲ ဖြစ်သွားကြတော့သည်။

ဆက်၍ မတိုက်ခိုက်ဝံ့တော့ဘဲ ရေထဲခုန်ချကာ ထွက်ပြေးသွားကြလေတော့သည်။

"ဟား..ဟား..ဟား"

ထင်းကျုံးလွှေ သဘောကျစွာ ရယ်မောလိုက်လေသည်။

"ညီမက သိပ်တော်တာပဲ၊ လူဆိုးတွေ မယှဉ်ဝံ့ဘဲ ထွက်ပြေးကုန်ပြီ"

မိန်းကလေးက သူ့အား မျက်မှောင်ကုပ်ကာ ကြည့်လိုက်သည်။

"ရှင်က ဘယ်သူလဲ"



"ကျုပ်လား"

"ဟုတ်တယ်လေ၊ ရှင့်ကို မေးနေတာ"

"ဪ ကျုပ်က.."

ထင်းကျုံးလွှေက သူ၏အမည်ကို ပြောပြရန် ဟန်ပြင်လိုက်စဉ်...

"မင်းတို့ ဘယ်သူတွေပဲဖြစ်ဖြစ်၊ သည်နေရာက ထွက်သွားလို့ မရတော့ဘူး"

အသံသြသြကြီး ထွက်ပေါ်လာလေသည်။

ထင်းကျုံးလွှေတို့ ကြည့်လိုက်သောအခါ လူဝကြီးတစ်ယောက် ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

မိန်းကလေး နှာခေါင်းရှုံ့လိုက်သည်။

"ကျွန်မက ထွက်သွားဖို့ လာတာ မဟုတ်ဘူး၊ ရန်ကျားပေါက်ဆိုတဲ့ အခြောက်တိုက် ဘဝင်မြင့်နေတဲ့လူကို ဆုံးမဖို့ လာခဲ့တာရှင့်၊ နေစမ်းပါဦး၊ ရှင့်ကို ကြည့်ရတာ ရန်ကျားပေါက် ခိုင်းသမျှ လုပ်ပေးနေရတဲ့ နောက်လိုက်ကြီး ရေနဂါး မဟုတ်လား"

သူမ၏စကားကြောင့် ထင်းကျုံးလွှေ မနေနိုင်ဘဲ ရယ်မောလိုက်မိလေသည်။

လူဝကြီးကား ဒေါသချောင်းချောင်း ထွက်သွားတော့သည်။

လူဝကြီးသည် ရန်ကျားပေါက်၏ လက်ရုံးလေးယောက်တွင် ပါဝင်သော ရေနဂါး ဖြစ်သည်။

ရန်ကျားပေါက်တွင် ရေနဂါး၊ ရေမြင်း၊ ရေငါးနှင့် မိကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော လက်ရုံးလေးယောက် ရှိလေသည်။

ထိုလူလေးယောက်သည် တံငါသည်မျိုးရိုးမှ ဆင်းသက်လာခဲ့ပြီး ရေနှင့် ပတ်သက်ပြီး အလွန်ကျင်လည်ကြသူများ ဖြစ်သည်။

ရေကြောင်းလမ်းတွင် ကျက်စားခဲ့သော လူဆိုးဓားပြကြီးများလည်း ဖြစ်ပြီး ရန်ကျားပေါက်က သူတို့အား စည်းရုံးသိမ်းသွင်းထားခြင်း ဖြစ်လေသည်။

"တောက်...မင်း..မင်း စော်ကားလှချည်လား"

လူဝကြီးရေနဂါးသည် မျက်နှာကြီး နီရဲအောင် ရှူးရှူးရှားရှား ဖြစ်ကာ မိန်းကလေးထံ ခုန်ဝင်တိုက်ခိုက်လာလေတော့သည်။

ရေနဂါးသည် ဝဖိုင့်သောခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် လျင်မြန်သွက်လက်နေ၏။

မိန်းကလေး အနီးသို့ ချက်ချင်း ရောက်ရှိသွားပြီး မိန်းကလေး၏မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်လေသည်။

မိန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

"ရှင် မဆိုးဘူး၊ ဒါပေမယ့် ကျွန်မရဲ့အကျီစကိုတောင် ထိအောင် တိုက်ခိုက်နိုင်မယ် မထင်ပါနဲ့ရှင်"

သူမသည် နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ရှောင်တိမ်းပေးလိုက်လေသည်။

ရေနဂါးက...

"မင်း ဘယ်ပြေးမလဲ"

အော်ငေါက်ယင်း ရှေ့တိုးတိုက်ခိုက်လိုက်သည်။



သူ၏လက်သီးနှစ်လုံးက မိန်းကလေး၏မျက်နှာသို့ တရစပ် တိုးဝင်သွားလေသည်။

လက်သီးတစ်ချက် ထိုးမိလိုက်သည်နှင့် မျက်နှာတစ်ခုလုံး ပျက်စီးကာ မရှုမလှ ဖြစ်သွားပေလိမ့်မည်။

မိန်းကလေးမှာ ရုတ်တရက် တုန့်ပြန်နိုင်ခြင်း မရှိသေးသဖြင့် နောက်ဆုတ်လိုက်ရပြန်လေသည်။

ထိုစဉ်...

"ကျုပ်လည်း ရှိပါသေးတယ်" .

မိန်းကလေး၏နောက်ကျောဘက်မှ လူတစ်ယောက် ထွက်ပေါ်လာလေသည်။

ထိုလူမှာ အလွန်ရုပ်ဆိုးသည့် ရေမြင်းဆိုသူ ဖြစ်လေသည်။

ရေမြင်း၏လက်ထဲ၌ ငါးမန်း၏သွားနှင့် သဏ္ဍာန်တူသော လက်နက်ကိုင်ထားလေသည်။

ရေမြင်းက...

"သေပေတော့"

မိန်းကလေးအား ခုတ်ပိုင်းလိုက်လေသည်။

မိန်းကလေး အခက်ကြုံသွားတော့သည်။

ရှေ့နောက် နှစ်ဘက်ညှပ်ကာ တိုက်ခိုက်ခံလိုက်ရသဖြင့် ရုတ်တရက် မည်သို့ ခုခံရမှန်းမသိအောင် ဖြစ်နေစဉ်...

"ဟဲ..ဟဲ၊ ကျုပ်လည်း ရှိသေးတယ်"

ထင်းကျူးလွေက ရယ်မောယင်း ရုတ်တရက် ခုန်ဝင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ရေမြင်းကို တိုက်ခိုက်လိုက်လေသည်။

"ဝှစ်"

စူးရှသော လေတိုးသံနှင့်အတူ ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာပြီး...

"ခြွမ်း"

လက်နက်နှစ်ခု ပြင်းထန်စွာ ထိတွေ့မိကာ မီးပွင့်ကလေးများပင် ထွက်ပေါ်လာလေသည်။

"ဟင်"

ရေမြင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထင်းကျိုးလွေ၏ဓားက သူ၏လက်နက်ကို ထက်ပိုင်းကျိုးအောင် ခုတ်ဖြတ်ပစ်လိုက်သည် မဟုတ်ပါလား။

ထင်းကျိုးလွေကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"မင်း..."

ထင်းကျိုးလွေက သူ၏ဓားကို ဝှေ့ယမ်းပြလိုက်လေသည်။

"ကျုပ် ဓားက ဓားကောင်းတစ်လက် မဟုတ်လားဗျာ"

ရေမြင်း ထိတ်လန့်နေသည်။

"ဒါက ဓာမဏိဓား"

"သိပ်မှန်တာပေါ့ဗျာ"

ထင်းကျိုးလွေက ဓားဖြင့် ရေမြင်း၏ရင်ဝကို ထိုးစိုက်ချလိုက်လေသည်။

"အား"



ရေမြင်း စူးရှစွာ အော်ဟစ်ယင်း မြေပေါ် လဲကျသွားလေတော့သည်။

* * *

ရန်ကျားပေါက်နှင့် လက်ရုံးလေးဖော်သည် အလွန်ရက်စက်ကြမ်းကြုတ်သော လူဆိုးဓားပြများ ဖြစ်လေသည်။

သူတို့၏လက်ချက်ဖြင့် သေဆုံးသွားရသူ များလှပြီ ဖြစ်သည်။

ယခုတော့ သူတို့အား ဆုံးမမည့်သူများ ပေါ်ပေါက်လာခဲ့ပြီး ဖြစ်လေသည်။

"ဟာ"

ရေမြင်း လဲကျသွားသည်ကို မြင်လျှင် ရေနဂါး ထိတ်လန့်သွားလေသည်။

ထိုအချိန်မှာပင်...

"ကျွန်မရဲ့လက်သီးကို မြည်းကြည့်ပါဦး"

မိန်းကလေးက ရေနဂါး၏ဝမ်းဗိုက်ကို လက်သီးဖြင့် ထိုးချလိုက်လေသည်။

"အွတ်"

ရေနဂါး ခါးကိုင်းသွားပြီး မျက်နှာကြီး ရှုံ့မဲ့သွား၏။

"နောက်တစ်ချက်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ရေနဂါး၏မေးရိုးကို လက်သီးဖြင့် ပင့်ထိုးလိုက်လေသည်။

"ခွပ်"

"အား"

"ဝုန်း"

ရေနဂါး ပက်လက်လန် လဲကျကာ မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

* * *



ရေနဂါးသည်လည်းကောင်း၊ ရေမြင်းသည်လည်းကောင်း မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်နေကြချေပြီ။

ထင်းကျူးလွှ ရယ်မောလိုက်သည်။

"ရန်ကျားပေါက်ရဲ့ လက်ရုံးတွေကို ဆုံးမနိုင်တဲ့ ညီမကို ချီးကျူးပါတယ်"

မိန်းကလေး နှာခေါင်းရှုံ့လိုက်သည်။

"ရှင်က ကျွန်မကို လှောင်ပြောင်တာလားရှင့်"

"ဟာ မဟုတ်တာ ညီမက"

"ရှင်က ဓာမဏီသိုင်းသမား ထင်းကျူးလွှ ဟုတ်လား"

ရေမြင်းက ထင်းကျူးလွှ၏ဓားကို ကြည့်ပြီး ဓာမဏီဓားဟု ပြောသွားသည်ကို သူမ ကြားလိုက်ပုံရလေသည်။

ထင်းကျူးလွှက...

"ဟုတ်ပါတယ်၊ ကျုပ်က ထင်းကျူးလွှပါ"

မိန်းကလေး သက်ပြင်းချလိုက်သည်။

"ရှင်က သူရဲကောင်းကြီးထင်းကျူးလွှကိုး၊ ရှင်ရောက်လာမှတော့ ရန်ကျားပေါက် ဘာတတ်နိုင်တော့မှာလဲရှင့်"

ထင်းကျူးလွှ ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်တတ်နိုင်မှာ မဟုတ်ပါဘူး"

"ဘာ ရှင့်"

"ကျုပ်က ကန်ရေပြင်ကို ဖြတ်ပြီး ရန်ကျားပေါက် ရှိနေတဲ့ ကျွန်းကို သွားနိုင်မှာ မဟုတ်ဘူးလေ၊ ဒါကြောင့် သူ့ကို ဆုံးမနိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူးပေါ့"

မိန်းကလေးက…

"ကျွန်မမှာ နည်းလမ်း ရှိတယ်ဆိုတာကို ရှင်သိချင်နေတာကိုး"

"ရန်ကျားပေါက် ဘယ်လောက် ဆိုးသွမ်းတယ်ဆိုတာ ညီမသိမှာပါ၊ သူ့ကို ဆုံးမနိုင်ဖို့ အရေးကြီးပါတယ်"

"ဟုတ်ပါတယ်ရှင့်"

ထင်းကျုံးလွေက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ညီမက ကျုပ်နဲ့ လက်တွဲဆောင်ရွက်ပါလို့ မေတ္တာရပ်ခံချင်ပါတယ်"

မိန်းကလေး သက်ပြင်းချလိုက်သည်။

"ရှင်က နာမည်ကျော် သူရဲကောင်းတစ်ယောက်ပဲ၊ ရှင်နဲ့ခင်မင်ရင်းနှီးခွင့်ရတာ ကျွန်မကတောင် ဝမ်းသာဂုဏ်ယူရဦးမှာပါ"

"ညီမ တကယ် ပြောတာနော်"

"တကယ်ပေါ့ ရှင်"

"ကျုပ်နဲ့ လက်တွဲမယ်ဆိုယင် ဝမ်းသာလို့ မဆုံးပါဘူးဗျာ"

ထိုစဉ်…

"ဝှစ်..ဝှစ်..ဝှစ်"

ငါးဖမ်းပိုက်ကွန်များ ပစ်လွှင့်လာလေသည်။

"ငါးဖမ်းပိုက်ကွန်တွေပါလား သတိထား"



ထင်းကျုံးလွေက ဓာမဏီဓားကို ဝှေ့ယမ်းလိုက်လေသည်။

"ထောက်..ထောက်..ထောက်"

ပိုက်ကွန်များ အပိုင်းပိုင်း ပြတ်တောက်သွားတော့သည်။

မိန်းကလေးက…

"ထွက်လာခဲ့စမ်း"

အော်ငေါက်ကာ လက်နက်ပုန်းကလေးများ ပစ်လွှတ်လိုက်လေသည်။

"အား"

"အမယ်လေး"

ကမ်းစပ်မှ နေ၍ ပိုက်ကွန်ဖြင့် တိတ်တဆိတ် တိုက်ခိုက်လိုက်သူများ လက်နက်ပုန်းထိမှန်ကာ ရေထဲ ပြုတ်ကျသွားတော့သည်။

ထင်းကျုံးလွေနှင့် မိန်းကလေးတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။ မိန်းကလေး ပြုံးလိုက်သည်။

"ရန်ကျားပေါက် မလာဘဲ မနေနိုင်ပါဘူး၊ သူ့ရဲ့ လက်ရုံးနှစ်ယောက် ခံလိုက်ရပြီလေ၊ ပြီးတော့ သူ့ကို မိန်းကလေးတစ်ယောက်က စိန်ခေါ်တယ်ဆိုပြီး ဒေါသထွက်နေမှာ"

ထင်းကျုံးလွေက…

"ကျုပ်သဘောပေါက်ပြီ၊ ရန်ကျားပေါက်က မာနကြီးတယ်၊ မိန်းကလေးတစ်ယောက်က စိန်ခေါ်တယ်ဆိုပြီး ဒေါသနဲ့ ထွက်လာမှာပဲကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါဟာ သူ့ရဲ့အားနည်းချက်ပဲလေ"

"ညီမ သိပ်တော်တာပဲ"

ထင်းကျုံးလွှေက ချီးကျူးလိုက်လျှင် မိန်းကလေး ကျေနပ်သွားလေသည်။

"ကျွန်မနာမည် မိုးစွေငှက်လို့ ခေါ်ပါတယ်ရှင်"

"ဩော်"

ထင်းကျုံးလွှေ အံ့သြသွားသည်။

မိုးစွေငှက်ဆိုသော မိန်းကလေးတစ်ယောက် သိုင်းလောက၌ မကောင်းသူပယ် ကောင်းသူကယ် အဖြူရောင်သိုင်းသမား သူရဲကောင်းတစ်ယောက်အဖြစ် ကျော်ကြားနေသည် မဟုတ်ပါလား။

"မင်းက မိုးစွေငှက်ကိုး"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့နှစ်ယောက် မိတ်ဆွေတွေ ဖြစ်ကြပြီနော်"

"ဟုတ်ပါတယ်ဗျာ"

ထိုစဉ်...

"မင်းတို့နှစ်ယောက်ကို ငရဲပြည်ပို့ပေးဖို့ ကျုပ်တာဝန်ယူပါ့မယ်"

မကျေမနပ် ပြောဆိုသံနှင့်အတူ ရန်ကျားပေါက်က ရေငါးနှင့် မိကျောင်းကို ခြံရံကာ ရောက်ရှိလာတော့သည်။

* * *



ရန်ကျားပေါက်၏နောက်လိုက် လူဆိုးဓားပြများက ထင်းကျုံးလွှေနှင့် မိုးစွေငှက်မိန်းကလေးတို့အား ဝိုင်းရံထားလိုက်ကြလေသည်။

ထင်းကျုံးလွှေက...

"ညီမက ရန်ကျားပေါက်ကို ဆုံးမမယ်ဆိုယင် ကျုပ်က ရေငါးနဲ့ မိကျောင်းကို တာဝန်ယူမယ်"

"ကျေးဇူးပါပဲရှင်"

မိုးစွေငှက်က ကျေးဇူးတင်စကား ပြောလိုက်လေသည်။

ထို့နောက် ရန်ကျားပေါက်ဘက်သို့ လှည့်လိုက်သည်။

"ကဲ ကျွန်မရဲ့အစ်ကိုကြီး ဓာမဏီဓားထင်းကျုံးလွှေက ရှင့်ကို ဆုံးမဖို့ ကျွန်မကို ခွင့်ပြုလိုက်တာ ရှင်ကြားတယ် မဟုတ်လား"

"တောက်"

ရန်ကျားပေါက် ဒေါသထွက်သွားလေသည်။

"မင်းကို ငါကိုယ်တိုင် သတ်မယ်"

တဟုန်ထိုး ပြေးလာပြီး မိုးစွေငှက်ကို တိုက်ခိုက်လိုက်လေသည်။

မိုးစွေငှက်က ပြန်လည်ရင်ဆိုင်လိုက်သည်။

ထင်းကျုံးလွှေကလည်း ရေငါးနှင့် မိကျောင်းတို့အား တိုက်ခိုက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆွေများ

ထင်းကျူးလွေသည် မိုးစွေငှက်နှင့် ဆုံတွေ့ခဲ့ရပုံကို ပြန်
ပြောင်းစဉ်းစားယင်း မျက်နှာတစ်ခုလုံး ပြုံးယောင်သန်းနေ၏။

ရန်ကျားပေါက်အား ဆုံးမယင်း သူတို့နှစ်ယောက် တွေ့ဆုံ
ရင်းနှီးခဲ့ကြသည်။

နောက်ပိုင်းတွင် သံယောဇဉ်ကြီးက ပိုမိုခိုင်မာလာပြီး
မေတ္တာမျှခဲ့ကြလေသည်။

မည်မျှကြာအောင် တွေးတောစဉ်းစားနေမိမှန်းမသိ။

ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ
တော့မှ သတိဝင်လာလေသည်။



လူသုံးယောက် စကားများနေကြခြင်း ဖြစ်လေသည်။

"ပေကျိုးသခင်ကြီးကို ဘာများမှတ်နေသလဲ၊ သူ့ကို စိန်
ခေါ်တာ သေချင်လို့ပဲ"

"ဓာမဏီဓားထင်းကျူးလွေက ဘာမို့လဲ"

လူနှစ်ယောက်က ပေကျိုးသခင်ကြီးအိုရန်ဖုံးကို အထင်ကြီး
စွာ ပြောဆိုနေကြသည်။

အခြားတစ်ယောက်က...

"ခင်ဗျားတို့ ပေကျိုးသခင်ကြီးကကော ဘာမို့လဲ၊ အဖြူ
ရောင်သိုင်းသမားလို့ ခံယူထားပြီး နောက်ကွယ်မှာ ထင်ရာလုပ်နေ
တာပဲ မဟုတ်လား၊ သူ့ကို ထင်းကျူးလွေက ဘာကြောင့် မဆုံးမနိုင်
ရမှာလဲ"

ဟုပြောလေသည်။

ထင်းကျူးလွေ ပင့်သက်ရှိုက်မိသည်။

သူနှင့် အိုရန်ဖုံးတို့ အကြောင်းကို လူတိုင်း ဝေဖန်ပြောဆိုနေ
ကြသည်ကို သိရှိထားပြီး ဖြစ်သည်။

အားလုံးက အိုရန်ဖုံးအား အထင်ကြီးကာ မိမိအား အထင်
သေးနေကြကြောင်းလည်း သိထားပြီး ဖြစ်သည်။

"ခင်ဗျား စောင့်ကြည့်နေ၊ ထင်းကျူးလွေဆိုတဲ့လူဟာ ပေ
ကျိုးသခင်ကြီးရဲ့ အနီးအနားကိုတောင် ချဉ်းကပ်နိုင်မှာ မဟုတ်ဘူး၊
သခင်ကြီးရဲ့မိတ်ဆွေတွေနဲ့ တပည့်တပန်းတွေက သူ့ကို ဆုံးမလိုက်
ကြမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား..ဟား..ဟား၊ ထင်းကျုံးလွှေရဲ့မိတ်ဆွေတွေကလည်း ပေကျိုးသခင်ကြီးရဲ့လူတွေကို ဟားဆီးကြမှာပါဗျာ"

ထင်းကျုံးလွှေသည် နားထောင်ယင်း ဆန့်ကျင်ပြောဆိုနေသူ၏အသံကို မှတ်မိသွားလေသည်။

"စင်းလုံများလား"

သူလှမ်းကြည့်လိုက်သောအခါ ကျောပေါ်၌ ဓားနှစ်လက်ကို ကြက်ခြေခတ်သဏ္ဌာန် ကျောပိုးထားသော လူရွယ်တစ်ဦးကို တွေ့လိုက်ရလေသည်။

"စင်းလုံ"

ထင်းကျုံးလွှေ ဝမ်းသာအားရ ခေါ်လိုက်လေသည်။

လူရွယ်ကလည်း ထင်းကျုံးလွှေကို တွေ့သွားကာ ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

* * *



ပေကျိုးစံအိမ်သို့ သွားရာလမ်းပေါ်ရှိ ကျောက်တုံးကြီးတစ်တုံးပေါ်၌ လူနှစ်ယောက် ထိုင်နေကြ၏။

ထင်းကျုံးလွှေနှင့် စင်းလုံတို့ ဖြစ်လေသည်။

ထင်းကျုံးလွှေနှင့် စင်းလုံတို့နှစ်ယောက်မှာ အလွန်ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းများ ဖြစ်ကြသည်။

ထို့အတူ မိန်းမချောလေးများ ဖြစ်ကြသော ပေ့ကျင်းကျင်းနှင့် မိန်းမလှချင်းလျှံတို့သည်လည်း သူတို့၏မိတ်ဆွေများ ဖြစ်လေသည်။

ထင်းကျုံးလွှေ၊ စင်းလုံ၊ ပေ့ကျင်းကျင်းနှင့် ချင်းလျှံတို့လေးယောက်အား 'လူငယ်မောင်မယ်လေးဖော်'ဟု လူသိများလေသည်။

လေးယောက်သား သိုင်းလောက၌ လှည့်လည်ကာ မကောင်းသူကယ် ကောင်းသူကယ်ခဲ့ကြသည်။

ထင်းကျုံးလွှေနှင့် စင်းလုံတို့မှာ ယောကျ်ားချောများ ဖြစ်ကြသလို ပေ့ကျင်းကျင်းနှင့် ချင်းလျှံတို့သည်လည်း နတ်မိမယ်လေးများအလား ချောမောလှပသူလေးများ ဖြစ်လေသည်။

သူတို့လေးယောက်သည် စုံတွဲနှစ်တွဲအဖြစ် တစ်နေ့ဝယ် လက်ထပ်ကြလိမ့်မည်ဟုလည်း အများက ယူဆထားကြလေသည်။

မှန်ပေသည်။

ပေ့ကျင်းကျင်းက ထင်းကျုံးလွှေအား မေတ္တာသက်ဝင်နေသကဲ့သို့ ချင်းလျှံကလည်း စင်းလုံကို မေတ္တာသက်ဝင်နေ၏။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ထင်းကျုံးလွေနှင့် စင်းလုံတို့က ပေ့ကျင်းကျင်းနှင့် ချင်းလျှံတို့အား ညီမလေးများသဖွယ် သဘောထားခဲ့ကြသည်။

ချစ်သူများအဖြစ် ဘဝကြင်ဖော် ရွေးချယ်သွားဖို့ စိတ်မကူးခဲ့ကြချေ။

ထင်းကျုံးလွေသည် ခါးပြဖြန့်ကျားပေါက်ကို ဆုံးမယင်း မိုးစွေငှက်နှင့် တွေ့ဆုံ မေတ္တာမျှခဲ့ကြသလို စင်းလုံကလည်း မေရှောင်ဖုံးဆိုသော မိန်းကလေးတစ်ယောက်နှင့် တွေ့ဆုံမိကာ မေတ္တာမျှခဲ့ကြပြီ ဖြစ်ပါသည်။

စင်းလုံက ပေကျိုးစံအိမ် ရှိရာဘက်သို့ မျှော်ကြည့်လိုက်လေသည်။

"ထင်းကျုံးလွေ၊ မင်းက ပေကျိုးသခင်ကြီးနဲ့ တကယ်ပဲ ရင်ဆိုင်သွားမှာ ဟုတ်လား"

ထင်းကျုံးလွေက...

"ငါတို့ ချိန်းထားပြီးပြီ"

စင်းလုံက...

"ငါလည်း သည်သတင်းကြားလို့ ချက်ချင်းလိုက်လာခဲ့တာ၊ ပေ့ကျင်းကျင်းသာ သိယင် တော်တော်စိတ်ပူသွားမှာပဲ၊ သူက မင်းအပေါ် ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာ မင်းသိပါတယ်"

ထင်းကျုံးလွေ ပခုံးတွန့်လိုက်သည်။

"သူ့ကို ငါက ညီမလေးတစ်ယောက်လိုပဲ သဘောထားတာပါကွာ၊ ငါ့မှာ ချစ်သူရှိနေပြီ"



မိုးစွေငှက် အကြောင်း ပြောပြလိုက်လေသည်။

စင်းလုံက...

"အင်း မင်းနဲ့ မိုးစွေငှက် အကြောင်းကိုသာ ပေ့ကျင်းကျင်း သိသွားယင် အတော့်ကို ခံစားသွားရမှာပဲ"

"ငါက သူ့ကို ညီမလေးတစ်ယောက်ထက် မေတ္တာမပိုနိုင်တာ ဘယ်တတ်နိုင်မလဲကွာ၊ မင်းကော ချင်းလျှံကို.."

"အင်း ငါကလည်း မေရှောင်ဖုံးနဲ့ လက်ထပ်ဖို့ စီစဉ်ထားပြီးပြီ၊ ချင်းလျှံက သူငယ်ချင်းတစ်ယောက်ထက် ပိုပြီး မေတ္တာရှိနေတယ်ဆိုတာ ငါသိပေမယ့် ဘာမှ မတတ်နိုင်တော့ပါဘူးကွာ"

သူတို့ သူငယ်ချင်းလေးယောက်၏ အဖြစ်က ထူးဆန်းနေပါသည်။

ထင်းကျုံးလွေနှင့် စင်းလုံတို့ ယောကျ်ားလေးနှစ်ယောက်အား ပေ့ကျင်းကျင်းနှင့် ချင်းလျှံ မိန်းမချောလေးနှစ်ယောက်က မေတ္တာသက်ဝင်နေကြသည်။

အများထင်သလို ဖြစ်မလာတော့ အားလုံး ကမောက်ကမ ဖြစ်ကုန်တော့သည်။

စင်းလုံက...

"ငါတို့က တခြားမိန်းကလေးနှစ်ယောက်ကို မေတ္တာသက်ဝင်နေတယ်ဆိုတာကိုသာ ပေ့ကျင်းကျင်းနဲ့ ချင်းလျှံ သိသွားယင် တော်တော့်ကို ဖြေရှင်းရခက်လိမ့်မယ်"

ထင်းကျုံးလွေက...

www.burmeseclassic.com

www.burmeseclassic.com



"သေချာတာပေါ့၊ ငါတို့ကို မုန်းတီးသွားပြီး ရန်သူလိုတောင် သဘောထားကြမှာ၊ ကဲ ဒါတွေ ထားလိုက်ပါတော့လေ၊ ခုလော လောဆယ် ပေကျိုးသခင်ကြီးနဲ့ ရင်ဆိုင်ဖြေရှင်းရမယ့် ကိစ္စကိုပဲ စဉ်းစားကြတာ ကောင်းပါတယ်"

စင်းလုံက…

"အေး မင်းက သူနဲ့ တကယ်ပဲ ရင်ဆိုင်မှာလား"

"ဒါပေါ့"

"သူ့ရဲ့သိုင်းပညာက အတော်ထက်မြက်တယ်၊ မင်းတစ်ယောက်ထဲ ငါစိတ်မချဘူး"

"ကိစ္စမရှိဘူး၊ ငါယှဉ်နိုင်ပါတယ်"

"ထင်းကျုံးလွေ၊ မင်း…"

"ငါ့ကို စိတ်ချပါကွာ"

စင်းလုံသည် ထင်းကျုံးလွေအတွက် စိုးရိမ်ပူပန်နေလေတော့သည်။

ထင်းကျုံးလွေက…

"ပေကျိုးသခင်ကြီးဟာ မေတ္တာတရားရဲ့ အဓိပ္ပါယ်ကို တကယ်ပဲ နားလည်တယ်ဆိုယင် သူ့ကို ငါယှဉ်နိုင်မှာပါ"

စင်းလုံ မျက်မှောင်ကုပ်သွားလေသည်။

"မင်း ဘာကို ဆိုလိုတာလဲ"

"မင်း မကြာခင် သိရမှာပေါ့ကွာ၊ မင်းက ငါ့ကို ကူညီချင်တယ်ဆိုယင်…"



ထင်းကျုံးလွေက သူ၏အကြံအစည်တစ်ခုကို ပြောပြလိုက်လေသည်။

စင်းလုံ ပြုံးလိုက်သည်။

"ရတယ်၊ ငါကူညီမယ်၊ မင်းသာ သတိထားပြီး ဆောင်ရွက်ပါ"

"စိတ်ချပါကွာ"

ထို့နောက် နှစ်ယောက်သား ထိုင်ရာမှထကာ ပေကျိုးစံအိမ်သို့ ဦးတည်သွားလိုက်ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်ချင်းစာသူ

ပေကျိုးစံအိမ်...

စံအိမ်၏ ခမ်းနားထည်ဝါလှသော ခန်းမဆောင်ကြီးအတွင်း၌ အိုရန်ဖုံးက အခန့်သားထိုင်နေ၏။

အိမ်ထိန်းကြီးက မလှမ်းမကမ်း၌ မလှုပ်မယှက် ရပ်နေသည်။

အိုရန်ဖုံးက ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်လေသည်။

ပြီးမှ...

"အိမ်ထိန်းကြီး၊ ကျုပ်သားက.."

"ရှိပါတယ်၊ သခင်ကြီး"



အိုရန်စုနှင့် နန်းယဉ်တို့အား အိမ်ထိန်းကြီးက ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်လေသည်။

အိုရန်ဖုံးက...

"ဓာမဏီဓားသမားထင်းကျုံးလွေဟာ လူတော်လူကောင်းတစ်ယောက်လို့ သတင်းကြီးနေတာ၊ သူကသာ ကျုပ်ကို အနိုင်ယူနိုင်မယ်ဆိုယင်တော့ သူတို့နှစ်ယောက်ကို လက်ထပ်ပေးလိုက်ဖို့ ကျုပ်သဘောတူလိုက်မယ်"

အိမ်ထိန်းကြီးက...

"သူက သခင်ကြီးကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာ မဟုတ်ပါဘူး"

အိုရန်ဖုံး သဘောကျစွာ ရယ်မောလိုက်လေသည်။

တဖန်...

"ကဲ အိမ်ထိန်းကြီး ဘယ်လို စီစဉ်ထားသလဲဆိုတာ ပြောပါဦး"

ဟုမေးလိုက်သည်။

အိမ်ထိန်းကြီးက...

"သခင်ကြီး အနေနဲ့ ထင်းကျုံးလွေလို လူတစ်ယောက်ကို ကိုယ်တိုင် ယှဉ်ရမယ်ဆိုတာ သိက္ခာကျပါတယ်၊ သူ့ကို ပေကျိုးစံအိမ်ရဲ့မိတ်ဆွေတွေက ဆုံးမပေးကြပါလိမ့်မယ်"

အိုရန်ဖုံး ပြုံးလိုက်သည်။

"ဘယ်သူတွေက ကျုပ်ကို မျက်နှာလို မျက်နှာရ ဒူပါချင်

www.burmeseclassic.com

www.burmeseclassic.com



နေကြတာလဲ ပြောပါဦး”

“မိုက်ခဲညီနောင်၊ မိန်းမဆိုးယုဝမ်နဲ့ သူယောင်မယ်တို့ပါ သခင်ကြီး”

“သူတို့ကို အားလုံးက လူကောင်းတွေ မဟုတ်ဘူးလို့ သတ်မှတ်ထားကြပေမယ့် ကျုပ်အပေါ်မှာ ဘယ်လောက် ကောင်းကြတယ်ဆိုတာ ထင်ရှားနေတာပဲ၊ ဟင်း..ဟင်း”

အိုရန်ဖုံး ကျေနပ်စွာ ရယ်မောယင်း ပြောလေသည်။

အိမ်ထိန်းကြီးက...

“သူတို့ကို အသုံးချတာပဲ ကောင်းပါတယ် သခင်ကြီး၊ တခြားလူတွေနဲ့ဆိုယင်..”

သူ၏စကားမဆုံးမီ ကိုယ်ရံတော်သိုင်းသမားတစ်ယောက် ရောက်ရှိလာပြီး...

“သခင်ကြီးခင်ဗျာ၊ ဓာမဏီစားထင်းကျူးလွေဟာ ပေကျိုးစံအိမ်ကို လာတဲ့လမ်းက တောင်ကုန်းလေးတစ်ခုပေါ်မှာ မိုက်ခဲညီနောင်နဲ့ ဆုံတွေ့နေပါပြီ”

ဟုသတင်းပို့လေသည်။

အိုရန်ဖုံးက...

“ကောင်းပြီ၊ သူတို့ အခြေအနေကို စောင့်ကြည့်ပြီး ထူးခြားတာနဲ့ ငါ့ဆီကို သတင်းပို့ပါ”

“ကောင်းပါပြီ၊ သခင်ကြီး”

ကိုယ်ရံတော်သိုင်းသမားက ဦးညွှတ်ကာ ပြန်ထွက်သွား



လေသည်။

အိုရန်ဖုံးက အိမ်ထိန်းကြီးဘက်သို့ လှည့်လိုက်သည်။

“အိမ်ထိန်းကြီး၊ သူယောင်မယ်နဲ့ မိန်းမဆိုးယုဝမ်းတို့ကို၊ မိုက်ခဲညီနောင်ကို ကူညီဖို့ လွှတ်လိုက်ပါ”

“ကောင်းပါပြီ၊ သခင်ကြီး”

အိမ်ထိန်းကြီးလည်း အပြေးတပိုင်း ထွက်သွားလေတော့သည်။

* * *

ဧည့်ခန်းထဲ၌ လူရှင်းသွား၏။

သခင်ကြီးအိုရန်ဖုံး တစ်ယောက်ထဲသာ ကျန်ရစ်ခဲ့လေသည်။

အိုရန်ဖုံး ထိုင်ရာမှ ထလိုက်သည်။

ပြတင်းပေါက် အနီးသို့ လှမ်းသွားပြီး အပြင်ဘက် လှမ်းမျှော်ကြည့်လိုက်လေသည်။

အဝေးတွင် သစ်ပင်ပန်းပင်များဖြင့် စိမ်းလန်းစိုပြည်နေသော တောင်ကုန်းလေးတစ်ခုကို တွေ့မြင်နေရပါသည်။

ပေကျိုးစံအိမ်သို့ လာမည်ဆိုလျှင် ထိုတောင်ကုန်းလေးအား ဖြတ်သန်းလာရမည် ဖြစ်သည်။

ထိုတောင်ကုန်းလေး၌ မိုက်ခဲညီနောင်၊ သူယောင်မယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆိုးယုဝမ်တို့က ဟန့်တားကြမည် ဖြစ်သည်။

ထင်းကျိုးလွေသည် မည်နည်းနှင့်မျှ ပေကျိုးစံအိမ်သို့ ရောက်လာနိုင်တော့မည် မဟုတ်တော့ပေ။

"သူက ငါ့သားရဲ့ အိမ်ထောင်ရေးကို ကြားဝင်စီစဉ်ပေးလို့ ရမတဲ့လား"

အိုရန်ဖုံး ကြုံးဝါးလိုက်လေသည်။

ထိုစဉ် သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာမည်ကို ကြား လိုက်ရလေသည်။

တိတ်ဆိတ်နေသော ခန်းမဆောင်ကြီးထဲ၌ ကျယ်လောင်စွာ ထွက်ပေါ်လာသည် ထင်ရလေသည်။

အိုရန်ဖုံး အံ့သြသွားပြီး လှည့်ကြည့်လိုက်ရာ မလှမ်းမကမ်း၌ လူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ထင်းကျိုးလွေ ဖြစ်လေသည်။

အိုရန်ဖုံး မျက်လုံးပြူးသွားလေသည်။

"မင်း…မင်း"

ထင်းကျိုးလွေက…

"ကျုပ်က သခင်ကြီးရှေ့ကို ရောက်အောင် လာနိုင်ခဲ့ပါပြီဗျာ"

အိုရန်ဖုံး မကျေမနပ် ဖြစ်သွားလေသည်။

"မင်းက မိုက်မဲညီနောင်တို့ကို အနိုင်ယူခဲ့တယ် ဟုတ်လား"

ထင်းကျိုးလွေ ခေါင်းခါယမ်းလိုက်သည်။



"ကျုပ်က. သူတို့နဲ့ မတွေ့ခဲ့ပါဘူး"

"ဘာကွ"

"သူတို့က ကျုပ်ရဲ့မိတ်ဆွေ စင်းလုံနဲ့ တွေ့နေကြတာပဲ ဖြစ်ပါလိမ့်မယ်"

စင်းလုံသည် လူငယ်လူရွယ် သိုင်းသမားများတွင် ဓားနှစ်လက် သိုင်းသမားဟူ၍ နာမည်ကျော်သူ ဖြစ်လေသည်။

ထင်းကျိုးလွေ၊ ပေ့ကျင်းကျင်းနှင့် ချင်းလျှို့တို့၏အမည်ကို ကြားဖူးကြသကဲ့သို့ စင်းလုံ၏အမည်ကိုလည်း ကြားဖူးနေကြမည်သာ ဖြစ်ပါသည်။

အိုရန်ဖုံး မကျေမနပ် ဖြစ်သွားလေသည်။

"လက်စသပ်တော့ မင်းက ကျုပ်ကို လှည့်စားခဲ့တာကိုး"

ထင်းကျိုးလွေက…

"သခင်လေးအိုရန်စုရဲ့ မေတ္တာရေးမှာ သခင်ကြီးက သဘောထားကြီးခဲ့မယ်ဆိုယင် မေတ္တာတရားရဲ့ အဓိပ္ပါယ်ကို နားလည်ခဲ့မယ်ဆိုယင် ကျုပ်ကို သည်လို ပြောမယ် မထင်ပါဘူး"

"ဟား…ဟား…ဟား"

အိုရန်ဖုံးက လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ထင်းကျိုးလွေ၊ ငါ့ကို သူငယ်နှပ်စားလေးများ မှတ်နေသလား၊ ငါလည်း လူငယ်လူရွယ် ဘဝကို ဖြတ်သန်းလာခဲ့တာပဲကွ၊ ငါ့သားကို ဘာမဟုတ်တဲ့ သူဆင်းရဲမလေးတစ်ယောက်နဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးဆိုတာ မှတ်ထားစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"သူဆင်းရဲမလေးကလည်း လူသားတစ်ယောက်ပါပဲဗျာ၊ သူဟာ ငွေကြေးဂုဏ်နေ မရှိပေမယ့် ဘယ်အရာနဲ့မှ တန်ဖိုးဖြတ်လို့ မရတဲ့ မေတ္တာတရား ရှိနေတာပဲ မဟုတ်လားဗျာ"

အိုရန်ဖုံး ဒေါသထွက်သွားလေသည်။

"မင်း ပါးစပ်ပိတ်ထားလိုက်စမ်း"

အော်ငေါက်ယင်း ထင်းကျုံးလွေ အနီးသို့ ရိပ်ခနဲ ရောက်ရှိသွားလေသည်။

ထင်းကျုံးလွေက တည်ကြည်သော မျက်နှာထားဖြင့် မလှုပ်မယှက် ရပ်နေ၏။

အိုရန်ဖုံးက...

"မင်းက ငါ့ကို အနိုင်ယူနိုင်တယ်ဆိုယင် ကံကောင်းမယ်၊ ဒါမှ မဟုတ်ယင်"

"စိတ်ချပါဗျာ"

"ဒါဖြင့် မင်းသတိထားပါ"

"ကောင်းပါပြီဗျာ"

အိုရန်ဖုံးက စတင်တိုက်ခိုက်လိုက်လေသည်။

ထင်းကျုံးလွေလည်း လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ပြန်လည်ရင်ဆိုင်လိုက်လေတော့သည်။

* * *



တိုက်ပွဲ...

တိုက်ပွဲက ပြင်းထန်လှသည်

အိုရန်ဖုံးသည် ဒေါသထွက်နေသည့်အလျောက် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

နန်းယဉ်အား ဖယ်ရှားရာတွင် ကြားဝင်ရှုပ်ခဲ့သည်ဟု ထင်းကျုံးလွေကို ဒေါသထွက်ကာ အသေသတ်ပစ်ရန် ကြိုးစားလိုက်ခြင်း ဖြစ်လေသည်။

သို့သော်...

တကယ်တမ်း ယှဉ်ပြိုင်တိုက်ခိုက်လိုက်သောအခါ သူထင်သလို ရုတ်တရက် ဖြစ်မလာချေ။

ထင်းကျုံးလွေက အကြောက်အကန် ခုခံတိုက်ခိုက်နေသည် မဟုတ်ပါလား။

ထင်းကျုံးလွေက လက်ဝါးသိုင်းကို အသုံးပြုကာ အိုရန်ဖုံး၏လက်ဝါးကို ရင်ဆိုင်လိုက်ခြင်း ဖြစ်သည်။

"ဟိတ်"

"ယား"

ညာသံပေးကာ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်...

"ဝုန်း"

ထင်းကျုံးလွေ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား..ဟား..ဟား"

အိုရန်ဖုံး ဟားတိုက်ရယ်မောလိုက်လေသည်။

"ထင်းကျုံးလွေ၊ မင်းရဲ့ သိုင်းပညာလေး မတောက်တခေါက်နဲ့ ငါ့ကို ယှဉ်နိုင်မယ်များ ထင်နေလို့လား"

ထင်းကျုံးလွေ၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာလေသည်။

အတွင်းဒဏ်ရသွားပြီ ဖြစ်သည်။

သို့တိုင် ထင်းကျုံးလွေက အားမလျှော့ပါချေ။

"ခြွမ်း"

ခါးမှ ဓာမဏီဓားကို ဆွဲထုတ်လိုက်သည်။

"ကျုပ်ရဲ့ဓားသိုင်းကို ကြည့်ထားပါဦးဗျာ"

ထိပ်တန်းဓာမဏီဓား သိုင်းကွက်များ ထုတ်ဖော်ကာ အိုရန်ဖုံးအား တိုက်ခိုက်လိုက်လေသည်။

"ဒုစ်..ဒုစ်"

ဓားရိပ်များ ရိပ်ခနဲရိပ်ခနဲ ထွက်ပေါ်လာကာ အိုရန်ဖုံး၏တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။

အိုရန်ဖုံး အံ့သြသွားလေသည်။

"မင်းရဲ့ဓားသိုင်းက ဘယ်ဆိုးလို့လဲ"

သူ၏ခါးမှ ခါးပတ်ကို ချွတ်ယူကာ ဝှေ့ယမ်းလိုက်၏။

ခါးပတ်မှာ ဓားပျော့တစ်ချောင်း ဖြစ်လေသည်။

ဓားတစ်လက်အဖြစ် အသုံးပြု၍ ရသလို ခါးပတ်အဖြစ်လည်း အသုံးပြုနိုင်အောင် ပြုလုပ်ထားခြင်း ဖြစ်လေသည်။



"ရှပ်..ရှပ်"

"ဒုစ်"

အိုရန်ဖုံးနှင့် ထင်းကျုံးလွေတို့၏ ဓားပျော့နှင့် ဓာမဏီဓားတို့ ဆုံတွေ့မိလိုက်လေသည်။

ထိုအချိန်တွင် အိမ်ထိန်းကြီး၊ အိုရန်စုနှင့် နန်းယဉ်တို့ ရောက်ရှိလာကြလေသည်။

သုံးယောက်သား ပြင်းထန်သော တိုက်ပွဲကို ကြည့်ရှုယင်း ထိတ်လန့်သွားကြလေသည်။

အိုရန်ဖုံးနှင့် ထင်းကျုံးလွေတို့ကား ပတ်ဝန်းကျင်ကို အမှုမထားနိုင်ဘဲ အပြင်းအထန် တိုက်ခိုက်နေကြလေသည်။

တိုက်ပွဲသည် တစ်စထက်တစ်စ အရှိန်အဟုန် မြင့်မားလာလေသည်။

အိုရန်စုကော အိမ်ထိန်းကြီးပါ ထိတ်လန့်လာသည်။

"သခင်ကြီး အနိုင်ရမယ်ဆိုယင်တော့ သက်သာမှာ မဟုတ်ဘူး၊ အနည်းနဲ့ အများတော့ ဒဏ်ရာရသွားမှာပဲ၊ ဒုက္ခပဲ၊ ထင်းကျုံးလွေက လူငယ်လူရွယ်တစ်ယောက်ဆိုပြီး အထင်သေးလို့ မရပါလား"

အိမ်ထိန်းကြီး စိတ်ထဲမှ တွေးလိုက်မိလေသည်။

အိုရန်စုနှင့် နန်းယဉ်တို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

အိုရန်စုက...

www.burmeseclassic.com

www.burmeseclassic.com



"ညီမ၊ အကိုကိုတို့အတွက်နဲ့ သွေးထွက်သံယို တိုက်ပွဲတွေ ဖြစ်နေရပြီ"

"ဟုတ်ပါတယ် အစ်ကိုရယ်၊ ဒါတွေ အားလုံးဟာ ကျွန်မ အပြစ်ပါ၊ ကျွန်မက အစ်ကို့လို သခင်လေးတစ်ယောက်ကို မှန်းဆမိခဲ့တာကြောင့်ပေါ့..."

"ညီမရယ်၊ သည်လို မပြောပါနဲ့"

"မဟုတ်ဘူး အစ်ကို၊ ကျွန်မ သေသွားယင် အားလုံး အေးချမ်းသွားမှာပါ"

နှင်းယဉ် အံကြိတ်လိုက်လေသည်။

သူမသည် ပြတင်းပေါက်ဆီသို့ ပြေးသွားပြီး အပြင်ဘက်သို့ ခုန်ချလိုက်လေတော့သည်။

* * *



ပေကျိုးစံအိမ်မှာ ရဲတိုက်ကြီးအလား ခမ်းနားသည့်ပါလှသည့် စံအိမ်ကြီး ဖြစ်လေသည်။

စံအိမ်ပေါ်မှ ခုန်ချလိုက်သည့် နှင်းယဉ်သည်...

"ဟိတ်"

"ယား"

အိုရန်ဖုံးနှင့် ထင်းကျူးလွှေတို့က အပြင်းအထန် တိုက်ခိုက်နေကြဆဲ။

အိုရန်ဖုံး၏ဓားပျော့သိုင်းက ထင်းကျူးလွှေ၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာဒဏ်ချက်များ တစ်ချက်ပြီးတစ်ချက် ရသွားစေ၏။

ထင်းကျူးလွှေ၏အဝတ်အစားများ စုတ်ပြဲကုန်သည်။

သွေးများက တစ်ကိုယ်လုံး ချင်းချင်းနီရဲသွားလေသည်။

ထင်းကျူးငွေ့သည် အိုရန်ဖုံးအား မည်သို့မျှ ရင်မဆိုင်နိုင်ကြောင်း တစ်စထက်တစ်စ ထင်ရှားပေါ်လွင်လာလေသည်။

ထင်းကျူးလွှေက အသက်ရှိနေသေးသရွေ့ ရင်ဆိုင်သွားမည်သာ ဖြစ်လေသည်။

"ဟိတ်"

"ယား"

"ဝုန်း"

အိုရန်ဖုံးက တိုက်ခိုက်ယင်း ခြေတစ်ဘက် ဆန့်ထုတ်လိုက်ရာ ထင်းကျူးလွှေ အဝေးသို့ လွင့်စင်သွားလေသည်။

ယင်းအချိန်မှာပင်...

www.burmeseclassic.com

www.burmeseclassic.com



"ညီမ"

"သခင်လေး"

အထိတ်တလန့် အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အိုရန်ဖုံး လှည့်ကြည့်လိုက်ရာ နန်းယဉ်က ပြတင်းပေါက်မှ တဆင့် အပြင်ဘက် ခုန်ချသွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

အိုရန်ဖုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

အိုရန်စုက...

"ဖေဖေ၊ နန်းယဉ်က ဖေဖေ ဆန္ဒပြည့်ဝအောင် အသက်ပေးသွားပါပြီ"

အလွန်ကြေကွဲသော လေသံဖြင့် ပြောလိုက်သည်။

တဖန်...

"ကျွန်တော်လည်း နန်းယဉ်ရဲ့ မေတ္တာတရားကို အသိအမှတ် ပြုရပါလိမ့်မယ် ဖေဖေ"

အိုရန်စုက ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန်ချလိုက်လေတော့သည်။

* * *



အိုရန်ဖုံးမှာ ကျောက်ရုပ်ကြီးတစ်ရုပ်ပမာ မလှုပ်မယှက် ဖြစ်သွားလေသည်။

ထိုစဉ်...

ထင်းကျုံးလွေက ညည်းတွားယင်း လူးလိမ့်ထလာသည်။

အိုရန်ဖုံး သတိဝင်လာသည်။

"မင်းကြောင့် ခုလို ဖြစ်ရတာ"

ထင်းကျုံးလွေအား အပြီးတိုင် သုတ်သင်ရှင်းလင်းပစ်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ လူရိပ်တစ်ခု ခုန်ဝင်လာပြီး ထင်းကျုံးလွေ၏ရှေ့၌ အကာအကွယ် ပေးထားလိုက်လေသည်။

အိုရန်ဖုံး ရင်ထိတ်ကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

သေသေချာချာ ကြည့်လိုက်သောအခါ ကြားဝင်ပြီး ထင်းကျုံးလွေအား အကာအကွယ်ပေးလိုက်သူမှာ မိန်းမချောလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

"မင်း ဘယ်သူလဲ"

"မိုးစွေငှက်"

"ဪ သိုင်းလောကမှာ နာမည်ရလာတဲ့ မိုးစွေငှက်ဆိုတာ မင်းကိုး၊ မင်းက ဘာကြောင့် ဓာမဏီဓားသမားကို အကာကွယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်ရတာလဲ"

မိုးစွေငှက်က...

"သူဟာ ကျွန်မရဲ့ချစ်သူပါရှင်"

"သြော်"

အိုရန်ဖုံး ငေ[illegible]သွားလေတော့သည်။

မိုးစွေငှက်က...

"သူ မရှိတော့ယင် လောကပေါ်မှာ ကျွန်မလည်း နေလို့ဖြစ်တော့မှာ မဟုတ်ပါဘူးရှင်၊ ဒါကြောင့် ကျွန်မ သေသွားရမယ်ဆိုယင်လည်း ဘာမှကြောက်စရာ မရှိပါဘူး၊ ရှင့်ကို ကျွန်မတို့နှစ်ယောက် လက်တွဲပြီး ယှဉ်ပြိုင်သွားမှာပါ"

အိုရန်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့ တိုက်ခိုက်စရာ မလိုတော့ပါဘူး"

မိုးစွေငှက်က ထင်းကျုံးလွှေကို ဖေးမယင်း အိုရန်ဖုံးအား အကဲခတ်ကြည့်နေသည်။

အိုရန်ဖုံးက...

"မေတ္တာတရားရဲ့ အဓိပ္ပါယ်ကို ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် သိုင်းသမားတစ်ယောက်ဟာ ဂုဏ်သိက္ခာကို ဦးစားပေးရမယ်လို့ ကျုပ်ခံယူထားလို့ပါ၊ ကျုပ်သား မရှိမှတော့ ဂုဏ်သိက္ခာဆိုတာ ဘာများ အရေးကြီးတော့မှာလဲ၊ ကျုပ်ရဲ့မျိုးဆက် ဆိတ်သုန်းသွားတာထက် သိုင်းပညာမတတ်တဲ့ သားတစ်ယောက်က သူဆင်းရဲမလေးတစ်ယောက်နဲ့ လက်ထပ်ပြီး ရိုးသားအေးချမ်းတဲ့ ဘဝမှာ



နေသွားတာကို လက်ခံရမှာပါ"

ထင်းကျုံးလွှေ မယုံနိုင်အောင် ဖြစ်သွားလေသည်။

"သခင်ကြီး တကယ် ပြောတာလားဗျာ"

"ကျုပ် တကယ် ပြောနေတာပါ"

ထင်းကျုံးလွှေ ဝမ်းသာသွားလေသည်။

"သခင်လေးဟာ.."

"သူဟာ ပြတင်းပေါက်က ခုန်ချသွားတယ်ဆိုပေမယ့် သူတို့ဒုက္ခမရောက်အောင် အိမ်ထိန်းကြီးက ကြိုတင်စီစဉ်ထားတယ်ဆိုတာ ကျုပ်သိပြီးသားပါ၊ ကျုပ်သားကို သူ့ချစ်သူနဲ့ သဘောတူလိုက်ပါပြီလေ"

ထိုအချိန်မှာပင် အိမ်ထိန်းကြီးက အိုရန်စုနှင့် နန်းယဉ်တို့အား ခေါ်လာလေသည်။

အိုရန်စုနှင့် နန်းယဉ်တို့သည် အိုရန်ဖုံး ပြောသည့် စကားများကို ကြားခဲ့ပြီး ဖြစ်ရကား ဝမ်းသာနေကြလေတော့သည်။

"ဖေဖေ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ"

အိုရန်စုသည် ဖခင်ကြီး၏ ခြေရင်း၌ ဒူးထောက်ကာ တောင်းပန်လိုက်လေသည်။

အိုရန်ဖုံးက...

"ဖေဖေ ခွင့်လွှတ်ပါတယ် သားရယ်"

မိုးစွေငှက်နှင့် ထင်းကျုံးလွှေတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုရန်စု၏ အချစ်ရေး ပြေလည်သွားသဖြင့် သူတို့လည်း ဝမ်းသာနေကြလေတော့သည်။

* * *

အိုရန်ဖိုးသည် နောင်တ တရားရကာ မကောင်းမှုများကို စွန့်လွှတ်လိုက်လေသည်။

အိုရန်စုနှင့် နန်းယဉ်တို့၏ မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပေးရန် ဆုံးဖြတ်လိုက်သည်။

ထင်းကျုံးလွေနှင့် မိုးစွေငှက်တို့ကိုလည်း ကျေးဇူးတင်မဆုံး အောင် ဖြစ်နေ၏။

ထင်းကျုံးလွေနှင့် မိုးစွေငှက်တို့ကလည်း အိုရန်စုကို ကူညီနိုင်ခဲ့ကြပြီ ဖြစ်၍ ဝမ်းသာမဆုံးတော့ချေ။

ပေကျိုးစံအိမ်မှ ပြန်လာခဲ့ကြရာ လမ်းတွင် စင်းလုံနှင့် ဆုံတွေ့မိလေသည်။

စင်းလုံကား ပြင်းထန်သော တိုက်ပွဲနှင့် ဆင်နွှဲခဲ့ရခြင်းကြောင့် မောပန်းနွမ်းနယ်နေပါသည်။

မည်သို့ဆိုစေ သူက အိုရန်ဖိုး ခေါ်ထားသော သူယောင်မယ်တို့လူစုအား ဆုံးမနိုင်ခဲ့လေသည်။

"စင်းလုံ၊ မင်းကူညီတာ ကျေးဇူးပါပဲ"

ထင်းကျုံးလွေက ကျေးဇူးတင်စကား ပြောလိုက်လေသည်။



စင်းလုံက...

"ကိစ္စမရှိပါဘူးလေ၊ ပေကျိုးသခင်လေးရဲ့ကိစ္စ ပြေလည်သွားယင် ပြီးတာပါပဲ၊ ကျုပ် ဘာများ ဆက်ပြီး ကူညီရဦးမလဲ"

"မလိုတော့ပါဘူးကွာ၊ မင်းပင်ပန်းနေပြီ၊ အနားယူလိုက်ပါဦး"

စင်းလုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်အနားယူလို့ မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်ရဲ့ချစ်သူ မေရှောင်ဖုံးဆီကို သွားရဦးမယ်၊ သူက ကျုပ်ကို စောင့်မျှော်နေလိမ့်မယ်"

ထင်းကျုံးလွေ ပြုံးလိုက်လေသည်။

စင်းလုံက...

"ကျုပ် မသွားခင် တစ်ခုတော့ သတိပေးခဲ့ချင်တယ်"

"ပြောပါ"

"ကျုပ်က သူယောင်မယ်တို့ကို အနိုင်ယူနိုင်ခဲ့တာဟာ ကျုပ်တစ်ယောက်ထဲရဲ့ အစွမ်းအစနဲ့ မဟုတ်ဘူးဗျ"

ထင်းကျုံးလွေ မျက်မှောင်ကုပ်သွား၏။

"တစ်ယောက်ယောက်က မင်းကို ကူညီခဲ့တာလား"

"ဟုတ်တယ်"

"ဘယ်သူတွေလဲ"

စင်းလုံက...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေ ဖြစ်မယ်လို့ မင်းထင်သလဲ"

ထင်းကျုံးလွေ မပြောတတ်အောင် ဖြစ်သွားလေသည်။

စင်းလုံက...

"ပေ့ကျင်းကျင်းနဲ့ ချင်းလျှံတို့ ရောက်လာကြတယ်"

"ဟင်"

ထင်းကျုံးလွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"သူတို့က သတင်းကြားပြီး လိုက်လာကြတာ ဟုတ်လား"

"ဟုတ်တယ်၊ သူတို့ ကူညီခဲ့တာကြောင့် သူယောင်မယ်တို့ကို ကျုပ်က အနိုင်ယူနိုင်ခဲ့တာ"

ထင်းကျုံးလွေက ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်၏။

ဝန်းကျင်၌ လူသူကင်းရှင်းကာ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရချေ။

"သူတို့ကော"

ထင်းကျုံးလွေ မေးလိုက်သောအခါ စင်းလုံက ခေါင်းခါယမ်းလိုက်လေသည်။

"သူတို့ သည်အထိ လိုက်မလာကြဘူး"

"ဘာဖြစ်လို့လဲ"

"ချင်းလျှံက ကျုပ်နဲ့ မေရှောင်ဖုံးတို့ မေတ္တာမျှနေကြပြီး မကြာခင် လက်ထပ်ကြတော့မယ်ဆိုတာကို သိသွားတယ်"

ထင်းကျုံးလွေ ရင်ထိတ်သွားလေသည်။ စင်းလုံက...

"သူက ကျုပ်ကို အကြီးအကျယ် စိတ်နာသွားတယ်"



ထင်းကျုံးလွေက...

"ပေ့ကျင်းကျင်းကော"

"သူလည်း.."

"သူက ဘာဖြစ်သလဲ ပြောစမ်းပါ"

ထင်းကျုံးလွေက အလောတကြီး မေးလိုက်လေသည်။

စင်းလုံ သက်ပြင်းချလိုက်သည်။

"သူကလည်း မင်းနဲ့မိုးစွေငှက် အကြောင်းကို သိသွားတယ်"

ထင်းကျုံးလွေ ငိုင်သွားလေသည်။ စင်းလုံက...

"သူလည်း အတော်ဝမ်းနည်းသွားတယ်၊ ချင်းလျှံနဲ့အတူ ထွက်သွားတာပဲ"

ထင်းကျုံးလွေက...

"ကောင်းပြီလေ၊ ကျုပ် သူနဲ့ တွေ့လိုက်ပါဦးမယ်"

စင်းလုံက...

"အချစ်ကြီးယင် အမျက်ကြီးတယ်ဆိုတဲ့စကား တကယ်မှန်တာပဲ၊ သူတို့နှစ်ယောက်ဟာ ကျုပ်တို့ကို အမုန်းကြီးမုန်းသွားပြီဆိုတာ သေချာတယ်၊ ဒါကြောင့် သတိထားပါဗျာ၊ ကဲ ကျုပ်သွားမယ်"

"ကောင်းပါပြီဗျာ"

စင်းလုံက ထင်းကျုံးလွေအား နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စင်းလုံသည် မေရှောင်ဖုံးနှင့် လက်ထပ်ခဲ့လေသည်။

ချင်းလျှံအား ညီမလေးတစ်ယောက်ပမာ သဘောထားကာ သူမ၏မေတ္တာကို ငြင်းပယ်ခဲ့သည်။

မေရှောင်ဖုံးနှင့်အတူ မကောင်းသူပယ် ကောင်းသူကယ် အဖြူရောင်သိုင်းသမားများအဖြစ် ကျင်လည်ကျက်စားခဲ့လေသည်။

ထင်းကျုံးလွေက ပေ့ကျင်းကျင်းကို လိုက်ရှာခဲ့သည်။

သို့သော်...

ပေ့ကျင်းကျင်းကို လုံးဝရှာမရအောင် ပျောက်ကွယ်သွားခဲ့လေသည်။

ထင်းကျုံးလွေလည်း မူလရည်ရွယ်ထားသည့်အတိုင်း မိုးစွေငှက်နှင့် လက်ထပ်လိုက်သည်။

ထင်းကျုံးလွေ၊ စင်းလုံ၊ ပေ့ကျင်းကျင်းနှင့် ချင်းလျှံဆိုသော ငယ်သူငယ်ချင်းလေးယောက် သိုင်းလောက၌ စည်းစည်းလုံးလုံးဖြင့် ကျင်လည်ကျက်စားခဲ့ကြရာမှ တကွဲတပြားစီ ဖြစ်သွားကြလေသည်။

စင်းလုံနှင့် မေရှောင်ဖုံး၊ ထင်းကျုံးလွေနှင့် မိုးစွေငှက်တို့ အသီးသီး အိမ်ထောင်ပြုလိုက်ကြပြီး ပေ့ကျင်းကျင်းနှင့် ချင်းလျှံတို့က သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့ကြသည်။

စင်းလုံနှင့် ထင်းကျုံးလွေတို့သည် သိုင်းလောကတာဝန်၊ အိမ်ထောင်ရေးတာဝန်များ ထမ်းဆောင်ယင်း မအားမလပ်နိုင်အောင်ဖြစ်ကာ ကြာသော် ပေ့ကျင်းကျင်းနှင့် ချင်းလျှံတို့အား မေ့လျော့သွားကြလေတော့သည်။



ပေ့ကျင်းကျင်းတို့က သူတို့အား မေ့သွားနိုင်ကြပါမည်လော။

* * *

နွေ၊ မိုး၊ ဆောင်း ရာသီအလီလီ ပြောင်းလဲသွားလေသည်။

အချိန်ကာလ ပြောင်းလဲသွားသည်နှင့်အမျှ စင်းလုံနှင့် ထင်းကျုံးလွေတို့၏ ဘဝများလည်း ပြောင်းလဲသွားခဲ့လေသည်။

ထင်းကျုံးလွေတို့ဇနီးမောင်နှံ၌ သားယောကျ်ားလေးနှစ်ယောက် မွေးဖွားခဲ့လေသည်။

ထင်းကျုံးလွေက သိုင်းလောကကို ကျောခိုင်းကာ ဓားတ်မြှုပ်ပြီး အေးချမ်းသော မိသားစုဘဝလေးတစ်ခု တည်ဆောက်ခဲ့လေသည်။

စင်းလုံကလည်း သိုင်းလောကကို ကျောခိုင်းလိုက်သည်။

ထင်းကျုံးလွေနှင့် စင်းလုံတို့ အဆက်အသွယ်မပြတ် ရှိခဲ့ကြသော်လည်း ပေ့ကျင်းကျင်းနှင့် ချင်းလျှံတို့၏သတင်းကို လုံးဝမကြားရပါ။

ထင်းကျုံးလွေသည် အချစ်ကြီးလျှင် အမျက်ကြီးသည် ဟူသော စကားအဓိပ္ပါယ်ကို ကောင်းစွာ နားလည်သဘောပေါက်ထားပြီး တစ်ချိန်ချိန်၌ ပေ့ကျင်းကျင်း ပြန်လည်တွက်ပေါ်လာကာ ဒုက္ခပေးလာမည်ကို စိုးရိမ်ပူပန်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဗိုးရိမ်ပူပန်မှုများသည် တစ်နေ့တွင် အမှန်တကယ် ဖြစ်ပေါ်လာခဲ့လေတော့သည်။

* * *

အမုန်းမိစ္ဆာ...

သိုင်းလောကဌ် အမုန်းမိစ္ဆာဆိုသော အမျိုးသမီးတစ်ယောက် ထွက်ပေါ်လာလေသည်။

အမုန်းမိစ္ဆာသည် အလွန်ရက်စက်ကြမ်းကြုတ်ပြီး သိုင်းလောကသားများအား ဒုက္ခပေးလေသည်။

သိုင်းလောကတစ်ခုလုံးက အမုန်းမိစ္ဆာကို စိတ်ဝင်စားသွားကြလေသည်။

မည်သူမည်ဝါ ဖြစ်ကြောင်း လိုက်လံစုံစမ်းကြသည်။

ထိုအခါ...

အမုန်းမိစ္ဆာသည် ဇာမဏီဓားသမားထင်းကျူးလွှေအား လိုက်ရှာဖွေနေသူ ဖြစ်ကြောင်း သိရှိလာကြလေသည်။

စင်းလုံက...

"အမုန်းမိစ္ဆာဆိုတာ ပေ့ကျင်းကျင်းပဲ ဖြစ်လိမ့်မယ်၊ သူက မကောင်းတာ လုပ်ယင် ထင်းကျူးလွှေက သူ့ကို ဆုံးမဖို့ ကြိုးစားလိမ့်မယ်လို့ ယူဆပြီး ဇာတ်မြှုပ်နေတဲ့ ထင်းကျူးလွှေ သိုင်းလောကမှာ ပြန်ပြီး ထွက်ပေါ်လာအောင် တမင် ဖန်တီးနေတာပဲ ဖြစ်မယ်၊



ထင်းကျူးလွှေကို သတိပေးရမယ်"

သို့သော်...

စင်းလုံသည် ထင်းကျူးလွှေကို သတိပေးဖို့ အချိန် မရခဲ့ပါ။

အမုန်းမိစ္ဆာက သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခြင်းကြောင့် ဖြစ်ပါသည်။

အလွန်ရက်စက်သော အမုန်းမိစ္ဆာသည် စင်းလုံတို့မိသားစုအား သုတ်သင်ကာ ထင်းကျူးလွှေ ဇာတ်မြှုပ်နေထိုင်သည့် နေရာကို သိရအောင် စွမ်းဆောင်နိုင်ခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထင်းကျုံးလွေ…

ထင်းကျုံးလွေက အမုန်းမိစ္ဆာ၏သတင်းကို ကြားရသော အခါ ပေ့ကျင်းကျင်းပင် ဖြစ်ရမည်ဟု နားလည်ခဲ့လေသည်။

"ပေ့ကျင်းကျင်းရယ်၊ ညီမရဲ့ အမုန်းတရားက ကြောက်စရာ ကောင်းလှချည်လားကွယ်"

စိတ်မချမ်းမမြေ့ ဖြစ်ရလေသည်။

သိုင်းလောကထဲ ထွက်ကာ အမုန်းမိစ္ဆာ(ဝါ)ပေ့ကျင်းကျင်း နှင့် ရင်ဆိုင်ဖို့ မကြိုးစားပါ။

အမုန်းမိစ္ဆာပေ့ကျင်းကျင်းနှင့် ဝေးရာသို့ ရှောင်တိမ်းသွား ရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော်…

အမုန်းမိစ္ဆာပေ့ကျင်းကျင်းက ထင်းကျုံးလွေထံသို့ ဆိုက် ဆိုက်မြိုက်မြိုက် ရောက်ရှိလာတော့သည်။

သူမသည် အဆိပ်ကို အသုံးပြုကာ ထင်းကျုံးလွေအား လုပ် ကြံခဲ့လေသည်။

ထင်းကျုံးလွေ ကံဆိုးသွားသော်လည်း သူ၏သားနှစ် ယောက်ကား ကံကောင်းပြီး လွတ်မြောက်သွားခဲ့လေသည်။

သို့တိုင်…

ထင်းကျုံးလွေ၏သားနှစ်ယောက်မှာ အသက်ဘေး အန္တရာယ်မှ ရှောင်တိမ်းယင်း လူချင်း ကွဲသွားခဲ့ကြလေသည်။

အမုန်းမိစ္ဆာသည် ထင်းကျုံးလွေအား အချစ်ကြီး ချစ်ခဲ့သ



သူမကို အမှုမထားသောအခါ အမုန်းကြီး မုန်းတီးသွားခဲ့လေသည်။

နှစ်ပေါင်းများစွာ ကြာခဲ့သည့်တိုင် သူမ၏အမုန်းတရား ပြေပျောက်မသွားဘဲ ပို၍ အားဃာတကြီးမားလာကာ မရမနေ ရှာ ဖွေပြီး ဒုက္ခပေးခဲ့သည် အထိပင်။

ထင်းကျုံးလွေအား လုပ်ကြံပြီးမှ သူမ၏ဘဝသည်လည်း အဓိပ္ပါယ်ကင်းမဲ့သလို ဖြစ်သွားလေသည်။

ဤတွင်…

အမုန်းမိစ္ဆာသည်လည်း သိုင်းလောကမှ ပြန်လည်ဇာတ် မြုပ်သွားခဲ့လေသည်။

အမုန်းမိစ္ဆာ ဇာတ်မြုပ်သွားပြီး နောက်ပိုင်း သိုင်းလောက၌ ထူးခြားသော အဖြစ်အပျက်များ ဖြစ်ပေါ်လာခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အမုန်းမိစ္ဆာသည် သိုင်းလောကမှ ဇာတ်မြုပ်လိုက်လေ သည်။

သို့သော်...

ပြင်းထန်သော အဆိပ်ဖြင့် လုပ်ကြံခံရသော သိုင်းသမား များအကြောင်း သတင်းကြီးလာသည်။

သိုင်းလောက နေရာအသီးသီး၌ ထင်ရှားသော သိုင်းသမား များသည် အဆိပ်ဖြင့် လုပ်ကြံခံခဲ့ရလေသည်။

သိုင်းလောကသားများက...

"ဒါ အမုန်းမိစ္ဆာရဲ့ လက်ချက်ပဲ"

"အမုန်းမိစ္ဆာက အဆိပ်နဲ့ သိုင်းလောကကို ဖျက်ဆီးပစ်လိမ့် မယ်"

"သူ့ကို ဝိုင်းဝန်းဆန့်ကျင် ချေမှုန်းရလိမ့်မယ်"

ဟူ၍ အမုန်းမိစ္ဆာကို ဆုံးမရန် စိုင်းပြင်းလာကြသည်။

အမုန်းမိစ္ဆာသည် သူမ၏လက်ချက် မဟုတ်မှန်း သိထား၍ ခံပြင်းမိလေသည်။

"ဒါ ဘယ်သူ့လက်ချက်လဲ"

သူမ စုံစမ်းလိုက်သောအခါ 'အဆိပ်ရာဇာ'ဆိုသူ၏ လက် ချက် ဖြစ်ကြောင်း သိလိုက်ရလေတော့သည်။

* * *



ကျားနှင့်ဆင်

အခန်းတစ်ခုလုံး အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်နေ၏။

စုစုက ဆရာဖြစ်သူ အမုန်းမိစ္ဆာအား ငေးကြည့်နေမိသည်။

ဆရာဖြစ်သူသည် အတော်စိတ်ထိခိုက်နေမှန်း သူမ သိရှိ ထားသည်။

သို့သော် နှစ်သိမ့်ရန် စကားရှာမရဘဲ ဖြစ်နေ၏။

အမုန်းမိစ္ဆာက အတန်ကြာ ငေးငိုင်နေပြီးမှ စုစုဘက် လှည့် လေသည်။

"ငါဟာ အမုန်းမိစ္ဆာ အမည်နဲ့ သိုင်းလောကမှာ ထင်တိုင်းကြဲ ခဲ့တယ်၊ ဇာမဏီသိုင်းသမား ဇနီးမောင်နှံကိုလဲ လုပ်ကြံခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဓာမဏီသိုင်းသမားဟာ ငါ့အဆိပ်မိပြီး လွတ်မြောက်သွားပေမယ့် အဆိပ်က ပြင်းထန်လို့ သူသေမှာပဲလို့ ယုံကြည်ခဲ့တယ်၊ နောက်တော့ ငါလဲ ဓာတ်မြှုပ်ခဲ့တာပဲ၊ အခု အဆိပ်ရာဇာကြောင့် သိုင်းလောကထဲ ခြေချရဦးမယ်"

စုစုက တစ်ချက်စဉ်းစားလိုက်ပြီး...

"အဆိပ်ရာဇာက ဓာမဏီသိုင်းသမားကို ကယ်တင်လိုက်တာနဲ့ တူတယ်"

ဟုထင်မြင်ချက်ပေးလာသည်။

အမုန်းမိစ္ဆာက...

"ဖြစ်နိုင်ချေ ရှိပါတယ်၊ ဒါပေမယ့် ငါ့ရဲ့ အဆိပ်ကို သူက ဖြေပေးနိုင်ပါ့မလား၊ ငါစဉ်းစားမိတာ တစ်ခု ရှိတယ်၊ အဲဒီအချိန်တုန်းက ဓာမဏီသိုင်းသမားထင်းကျုံးလွှမှာ ကလေးနှစ်ယောက် ပါလာတယ်၊ ထင်းကျုံးလွှ ထွက်ပြေးသွားတော့ ကလေးတစ်ယောက် ပါသွားတယ်၊ အခု ငါ့ကို ဒုက္ခပေးမယ့်သူဟာ သူ့ရဲ့ကလေးပဲလား၊ သူကိုယ်တိုင်ဆိုယင် ငါအသေခံမယ်၊ သူ့ကလေးဆိုယင်တော့ ငါ အသေမခံနိုင်ဘူး"

အမုန်းမိစ္ဆာ ပြတ်သားစွာ ပြောလိုက်၏။

စုစု သက်ပြင်းချလိုက်သည်။

"သခင်မ အေးအေးဆေးဆေး နေမယ့်အချိန် ရောက်တော့ ပြဿနာတွေ ရှုပ်ထွေးလာခဲ့တယ်၊ ကျွန်မ စိတ်မကောင်းပါဘူး"

"ငါဟာ လူဆိုးတစ်ယောက်ပါ၊ ဒီတော့ ညည်း ဒီနေ့ကစပြီး



ငါနဲ့ မနေနဲ့တော့၊ ညည်း ဘဝသစ် စလျှောက်ပေတော့၊ ငါ့အတွက်နဲ့ ညည်း ဘဝကို မနစ်မွန်းစေနဲ့"

အမုန်းမိစ္ဆာက စုစုကို ကြည့်ယင်း တစ်လုံးချင်း ပြောလိုက်လေသည်။

စုစု ခေါင်းခါယမ်းလိုက်၏။

"သခင်မဟာ တခြားလူတွေအပေါ် ဆိုးခဲ့ပေမယ့် ကျွန်မအပေါ်မှာတော့ ကောင်းခဲ့ပါတယ်၊ ဒါကြောင့် ကျွန်မ မသွားနိုင်ဘူး"

"မင်းကို ငါ အမိန့်ပေးနေတယ်၊ မင်းထွက်သွားတော့"

"ကျွန်မ မသွားနိုင်ဘူး"

"ငါ့မှာ သံယောဇဉ် မရှိမှ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်မယ်၊ ညည်းရှိနေယင် ငါ ညည်းအတွက် ပူပန်နေရမယ်၊ ငါ့ရဲ့ ပြဿနာ အားလုံး ရှင်းပြီးလို့ အေးချမ်းပွားတဲ့အခါမှ ပြန်လာခဲ့ပါ၊ အိမ်ကလေးကို ပြုစုစောင့်ရှောက်ပါ၊ နောက်တစ်လလောက် ကြာမှ ငါပြန်မလာယင် ဒီအိမ်ကလေးကို ညည်းပိုင်ဆိုင်သွားပြီလို့ ယူဆလိုက်"

"သခင်မ"

အမုန်းမိစ္ဆာ လက်ကာပြလိုက်၏။

"ငါ့မှာ ပြောစရာ မရှိတော့သလို နားထောင်စရာလဲ မရှိတော့ဘူး"

စုစု စကားဆက်မပြောနိုင်စေရန်အတွက် အမုန်းမိစ္ဆာက စကားကို ပိတ်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စုစု၏မျက်ဝန်းမှ မျက်ရည်များ စီးကျလာသည်။

သူမသည် ကြမ်းပြင်ပေါ် ဒူးထောက်ချကာ ဂါရဝပြုလိုက်၏။

အမုန်းမိစ္ဆာက သူမအား လှည့်ပင်မကြည့်ပါ။

သို့သော် သူမ၏မျက်ဝန်းအိမ်တွင်မူ မျက်ရည်များ ရစ်ဝဲနေသည်။

စုစုသည် လေးပင်သော ခြေလှမ်းများဖြင့် အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *

ဝမ်းဝေရှန်းနှင့် အဆိပ်ရာဇာတို့သည် တောလမ်းကလေးအတိုင်း လျှောက်လာနေကြသည်။

တောလမ်းကလေး အရောက်တွင် အဆိပ်ရာဇာက...

"ဝမ်းဝေရှန်း၊ ဒီတစ်ခါ ပြဿနာတွေ အားလုံး ဖြေရှင်းပြီးသွားယင် မင်းအနေနဲ့ သိုင်းလောကကို စိုးမိုးဖို့ ကြိုးစားရမယ် ကြားလား"

"စိတ်ချပါ ဆရာ"

"အဲဒီအခါကျယင် ငါ မလိုက်တော့ဘူး၊ မင်းရဲ့ အစွမ်းအစကိုပဲ ကြည့်တော့မယ်၊ မင်းအနေနဲ့ အဆိပ်ကို အသုံးပြုပြီး သိုင်းလောကရဲ့ အဖွဲ့အစည်းတွေကို အရင်ချုပ်ကိုင်ရမယ်၊ ဒီလောက်ဆို လုပ်



နိုင်လောက်ပါပြီ"

ဝမ်းဝေရှန်း ပြုံးလိုက်ပြီး...

"စိတ်ချပါ ဆရာ၊ ဆရာ့ရဲ့ အဆိပ်အပ်တွေသာ လုံလုံလောက်လောက် ရှိမယ်ဆိုယင် သိုင်းလောကတစ်ခုလုံးဟာ ကျွန်တော့်ရှေ့မှောက်မှာ ဒူးထောက်ကြရမှာပါ"

ဝမ်းဝေရှန်းက ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်ဖြင့် ပြန်ပြောသည်။

အဆိပ်ရာဇာ သဘောကျသွား၏။

"ကောင်းတယ်၊ ငါ့ကို သုံးလလောက်ပဲ အချိန်ပေး၊ မင်းအတွက် အပ်တစ်ထောင်လောက် ရအောင် ငါလုပ်ပေးမယ်"

ဝမ်းဝေရှမ်းက ရင်ကော့ကာ...

"ဒါဆိုယင် ကျွန်တော်ကလဲ သိုင်းအဖွဲ့အစည်း တစ်ရာလောက်ကို ကျွန်တော့်ရှေ့ ဒူးထောက်လာအောင် လုပ်ပြမယ်"

"ဟား..ဟား..ဟား"

နှစ်ဦးသား သဘောကျစွာ ရယ်မောလိုက်ကြသည်။

အတန်ကြာ ရယ်မောပြီးနောက် အဆိပ်ရာဇာက...

"ဒါက အရေးမကြီးဘူး၊ အခုလောလောဆယ် အမုန်းမိစ္ဆာ ပျောက်သွားတာ ဆိုးတယ်၊ မင်း ငါပြောပြတဲ့ ရုပ်ရည်ကို ကောင်းကောင်းမှတ်မိတယ်နော်"

"ဟုတ်ကဲ့..မှတ်မိပါတယ်"

"ဒါဆို မင်းနဲ့ ငါ လမ်းခွဲမယ်၊ တို့ ကျန့်ကျူးမြို့မှာ ဆုံကြ

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သုံးရက်အတွင်း တစ်ယောက်ယောက် ရောက်မလာယင် ပြန်လှည့်လာခဲ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါထက် မင်းမှာ နောက်ဆုံးကျန်တဲ့ အပ်နှစ်ချောင်း ရှိသေးတယ် မဟုတ်လား၊ အဲဒါ အမုန်းမိစ္ဆာအတွက် ဖယ်ထားပါ"

ဝမ်းဝေရှမ်း ပခုံးတွန့်လိုက်သည်။

"တကယ်လို့ ထင်းလင်းနဲ့ တွေ့ရင်ကော"

ဟုမေးလိုက်သည်။

အဆိပ်ရာဇာ လက်ကာပြလိုက်သည်။

"မသုံးနဲ့"

"ဒါဆို ကျွန်တော်ရှုံးမှာပေါ့"

"မင်းရှုံးတာ နှစ်ခါရှိပြီ၊ သေမှမသေဘဲ၊ မပူပါနဲ့"

"သုံးကြိမ်မြောက်မှာ သူက သတ်မယ်ဆိုယင်ကော"

အဆိပ်ရာဇာ တွေဝေသွားသည်။

အတန်ကြာမှ လက်နက်ပုန်းနှစ်ခုကို ထုတ်ပေးလိုက်ပြီး...

"ဒါ ဟိုတစ်ချိန်က ငါသုံးခဲ့တဲ့ အဆိပ်လက်နက်ပုန်းပဲ ချက်ချင်း မသေနိုင်ဘူး၊ ဖြေဆေး အချိန်မီရယင် ရှင်နိုင်တယ်၊ ဒါပေမယ့် သူက ချက်ချင်း အစွမ်းပြတယ်၊ အတွင်းအားသုံးလို့ မရဘူး၊ အတွင်းအားသုံးလိုက်ယင် ခန္ဓာကိုယ်အတွင်းပိုင်း ထိခိုက်စေနိုင်တယ်၊ ရော့ ဒါကို သိမ်းထား၊ အရေးကြုံမှသုံးပါ၊ လျှောက်ရမ်းတာမျိုးဆိုယင် တော့ မင်းကို အပြစ်ပေးရလိမ့်မယ်"



ဝမ်းဝေရှန်းက သဘောကျစွာ ပြုံးယင်း လှမ်းယူလိုက်သည်။

ထို့နောက် အဆိပ်ရာဇာနှင့် လမ်းခွဲကာ တောလမ်းကလေးမှ ထွက်လာခဲ့လေတော့သည်။

* * *

မုရသေ့နှင့် ရွှေလက်သမားတော်တို့သည် တောမြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြ၏။

မုရသေ့သည် ထိုမြို့ကလေးကို ဖြတ်သန်းလာခဲ့ရာ စားသောက်ဆိုင်တစ်ခုရှေ့ ဖြတ်မိသောအခါ ဗိုက်ဆာလာ၏။

"ဟေ့ တို့ ထမင်းဝင်စားကြရအောင်"

မုရသေ့က ရွှေလက်သမားတော်အား အဖော်ညှိလိုက်၏။

ရွှေလက်သမားတော် တစ်ချက် တွေဝေသွားသည်။ ပြီးမှ...

"ငါတို့ ရန်သူ နောက်ကို လိုက်ဖို့ အရေးကြီးတယ်"

"မင်းက ရန်သူလို့သာ ပြောတယ်၊ ဝမ်းဝေရှန်းကို မင်းမြင်ဖူးလို့လား"

မုရသေ့က ပြန်မေးသည်။

ထိုအမေးကြောင့် ရွှေလက်သမားတော် ငိုင်တွေသွား၏။

မုရသေ့က ဆက်ပြောလိုက်သည်။

"ငါလဲ မမြင်ဖူးဘူး၊ တို့ ဆက်သွားနေလဲ ဘာထူးမှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် တွေ့တာတောင် သိမှာ မဟုတ်ဘူး”

“အေး ဒါလဲ ဟုတ်တာပဲ၊ ငါတို့ ဘာဆက်လုပ်ကြမလဲ”

ရွှေလက်သမားတော်က ခေါင်းကုတ်ယင်း ပြန်ပြောသည်။

မုရသေ့က...

“အကြံဉာဏ်ထွက်ဖို့ဆိုယင် ဗိုက်ကို အလျှင်ဖြည့်ဖို့လိုတယ်၊ အရက်နည်းနည်းလောက် သောက်ရမှ ဖြစ်မယ်”

ရွှေလက်သမားတော် နှာခေါင်းရှုံ့လိုက်သည်။

“အေး မင်းခေါင်းက အကြံထွက်မလာယင် မင်းကို ငါ ကောင်းကောင်းထုရလိမ့်မယ်”

ယင်းသို့ ပြောပြီးနောက် သူတို့နှစ်ယောက်သား ဆိုင်အတွင်းသို့ ဝင်သွားကြလေသည်။

* * *



မုရသေ့က အရက်ကို မော့သောက်လိုက်သည်။

ထိုစဉ် လူငယ်တစ်ယောက် သူ့ထံသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

မုရသေ့ မျက်မှောင်ကြုတ်သွားသည်။

ထိုလူငယ်အား ကောင်းစွာ မြင်ဖူးသည်ဟု စိတ်ထဲက ထင်မိသည်။

သို့သော် မည်သည့်နေရာတွင် မြင်ဖူးကြောင်းကိုမူ တွေးမရဘဲ ဖြစ်နေသည်။

ထိုစဉ်မှာပင် လူငယ်သည် သူတို့ စားပွဲသို့ လျှောက်လာပြီး ဝင်ထိုင်လိုက်သည်။

“ဘာဘ အစ်ကိုထင်းလင်း ဘယ်မှာ ကျန်ခဲ့သလဲ”

လူငယ်၏အမေးကြောင့် မုရသေ့၏မျက်ခုံးမှာ အပေါ်သို့ မြင့်တက်သွား၏။

လူငယ်၏အသံသည် မိန်းကလေး အသံ ဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။

မုရသေ့က လူငယ်ကို အကဲခတ်ယင်း...

“မင်း ဘယ်သူလဲ၊ ယောက်ျားလား၊ မိန်းမလား”

ဟုမေးလိုက်သည်။

လူငယ် ရယ်မောပြီး ခေါင်းစည်းကို ဖြည်ချလိုက်သည်။

ရှည်လျားနက်မှောင်သော ဆံကေသာများ ဖွာခနဲ လွင့်ပျံသွား၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာလည်း ပီပြင်ထင်ရှားလာလေသည်။

မုရသေ့ ချက်ချင်း မှတ်မိသွားသည်။

"မင်း..."

"ဟုတ်ပါတယ်၊ ကျွန်မကြူးယွင်ပါ"

လူငယ်တစ်ဦးအသွင် ဆောင်ထားသူကား နတ်မိမယ်ကြူးယွင်ပင် ဖြစ်သည်။

မုရသေ့က ပြုံးယင်း...

"ထင်းလင်းကို ဘာကြောင့် မေးတာလဲ၊ ယှဉ်ပြိုင်ဦးမလို့လား၊ မလုပ်ပါနဲ့ကွာ"

ကြူးယွင်မှာ ရှက်စနိုး ဖြစ်သွားပြီး...

"မဟုတ်ပါဘူး၊ သူကော မပါဘူးလား၊ ဘယ်မှာ ကျန်ခဲ့သလဲ"

ဟုထပ်မေးလိုက်ပြန်သည်။

မုရသေ့က...

"သူ တို့နဲ့ လမ်းခွဲသွားတယ်၊ ဒါပေမယ့် နောက်နှစ်ရက်ဆိုယင် ကျန့်ကျူးမြို့မှာ ပြန်ဆုံကြမှာပါ၊ ဘာဖြစ်လို့လဲ"

"သူ့ကို သတိပေးစရာ ရှိလို့"

"ဘာသတိပေးမှာလဲ"

"သူ့ကို ဝမ်းဝေ့ရှန်းက အလစ်လုပ်ကြံလိမ့်မယ်"

ကြူးယွင်က တိုးတိုးပြောလိုက်သည်။

စိုးရိမ်ပူပန်မှု အရိပ်အရောင်များ သူမ၏မျက်နှာ၌ ထင်



ဟပ်နေ၏။

မုရသေ့ မျက်မှောင်ကြုတ်သွားကာ...

"ဝမ်းဝေ့ရှန်း ဟုတ်လား၊ မင်းကို ဒီသတင်း ဘယ်သူပြောတာလဲ"

ဟုမေးလိုက်သည်။

ကြူးယွင်က...

"ဝမ်းဝေ့ရှန်းကိုယ်တိုင် ပြောခဲ့တာ၊ ကျွန်မ သူ့ကို ရှင်းပစ်မလို့ဘဲ၊ ဒါပေမယ့် သူက သိပ်လျင်တာ၊ လွတ်သွားတယ်လေ၊ ဒါကြောင့် ကျွန်မက ထင်းလင်းအတွက် စိတ်ပူပြီး လိုက်လာတာ"

ထိုစကား ကြားသည့်အခါ မုရသေ့သည် ကျေနပ်အားရဟန်ဖြင့် ပြုံးလိုက်၏။

ထို့နောက် ရွှေလက်သမားတော်ဘက်လှည့်ကာ...

"ကဲ ငါ့အနေနဲ့ ဝမ်းဝေ့ရှန်းကို သိဖို့ မခဲယဉ်းတော့ဘူး၊ ငါသူနဲ့ လိုက်သွားမယ်၊ မင်းကတော့ သံမဏိအာဏာသားလုံခွမ်းကို အမြန်ဆက်သွယ်ပါ"

မုရသေ့သည် ရွှေလက်သမားတော်အား ပြောဆိုမှာကြားလိုက်သည်။

ယင်းနောက် ကြူးယွင်၏လက်ကိုဆွဲကာ ဆိုင်ထဲမှ အလျင်အမြန် ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ရာဇာသည် ဝမ်းဝေရှန်းနှင့် လမ်းခွဲပြီး တောလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။

အလင်းရောင်များ တစ်စထက်တစ်စ လျော့နည်းလာခဲ့ပြီဖြစ်၏။

နေ့တာကုန်၍ ညတာအစ ပြုနေပေပြီ။

သို့သော် လသာနေသည့်အတွက် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထု လွှမ်းမိုးနိုင်ခြင်း မရှိပါ။

လင်းလင်းချင်းချင်း မဟုတ်သည့်တိုင် ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်တွေ့နိုင်သည်။

အဆိပ်ရာဇာသည် ကိုယ်ဖော့ပညာကို အသုံးပြုကာ လျင်မြန်စွာ လျှောက်လာခဲ့သည်။

သူ၏ရင်ထဲ၌ တပည့်ဖြစ်သူအတွက် အမုန်းမိစ္ဆာကို သုတ်သင်ရှင်းလင်းပေးရန်သာ တွေးတောနေလေသည်။

စိတ်ထဲက ရန်သူ အကြောင်း တွေးတောယင်း ခြေလှမ်းအစုံက တောလမ်းအတိုင်း ခပ်မှန်မှန်ပင် လျှောက်လာရာမှ ရုတ်တရက် ဆိုသလို အန္တရာယ် အငွေ့အသက်ကို ခံစားလိုက်ရသည်။

ခြေလှမ်းများ အလိုအလျောက်ပင် ရပ်တန့်သွားသည်။

ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်လိုက်သည်။

ဤတွင် မလှမ်းမကမ်းရှိ ချုံနွယ်တစ်ခု ရိပ်ခနဲ လှုပ်ရှားသွားသည်ကို သတိပြုမိလိုက်သည်။

ထိုမှမကသေး အဆင့်မြင့်သိုင်းသမားတစ်ဦး သူ့အနီး ပတ်



ဝန်းကျင်တွင် ရှိနေကြောင်းကိုလည်း ခံစားလိုက်ရသည်။

"ဘယ်သူလဲ၊ ပုန်းမနေပါနဲ့ ထွက်ခဲ့ပါ"

အဆိပ်ရာဇာ အော်ဟစ်လိုက်သည်။

သူ၏အစကားအဆုံးတွင် ချုံနွယ်တစ်ခု လှုပ်ရှားသွား၏။

စကားသံကိုလည်း တဆက်တည်း ကြားလိုက်ရသည်။

"ရှင် မဆိုးဘူး၊ ဒါကြောင့်လဲ အဆိပ်ရာဇာလို့ နာမည်ကြီးခဲ့တာပဲ"

အဆိပ်ရာဇာ ရင်ထိတ်သွားသည်။

အမှောင်ထဲမှ အမျိုးသမီးသည် သူ့အား ကောင်းစွာ သိနေသည် မဟုတ်ပါလား။

အဆိပ်ရာဇာ ချက်ချင်း သတိရသွား၏။

အသံရှင်သည် အမုန်းမိစ္ဆာမှ လွဲ၍ အခြား မည်သူမျှ မဖြစ်နိုင်ပါ။

"သြော် လက်စသတ်တော့ အမုန်းမိစ္ဆာကိုး၊ ဘာလဲ ကျုပ်ကို အလစ်လုပ်ကြံမလို့ စောင့်နေတာလား"

သူ၏စကားအဆုံးတွင် ချုံနွယ်ကြားမှ အမျိုးသမီးတစ်ယောက် ထွက်ပေါ်လာလေသည်။

သူခန့်မှန်းထားသည့် အတိုင်းပင် ထိုအမျိုးသမီးသည် အမုန်းမိစ္ဆာ ဖြစ်နေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ရာဇာသည် အမုန်းမိစ္ဆာကို စိုက်ကြည့်လိုက်သည်။

အမုန်းမိစ္ဆာကလည်း သူ့အား အကဲခတ်နေသည်။

"မင်းကို ငါလိုက်ရှာနေတာ၊ မင်းက အသင့်စောင့်နေတော့ အတော်ပဲ"

"ဒီတစ်ခါ ရှင်ပြေးလို့လဲ မလွတ်တော့ဘူး၊ အကူအညီ ခေါ်စရာလဲ မရှိတော့ဘူး"

အမုန်းမိစ္ဆာက ရယ်ကျဲကျဲဖြင့် ပြောသည်။

အဆိပ်ရာဇာမှာ ထိုစကားကြောင့် အခံရခက်သွား၏။

ဒေါသလည်း ဖြစ်သွားသည်။

သူက ချက်ချင်းပင် တိုက်ခိုက်လိုက်သည်။

ကြောက်မက်ဖွယ်ရာ သိုင်းသုံးကွက်ကို တဆက်တည်း အသုံးပြု တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

အမုန်းမိစ္ဆာက ပခုံးကို အောက်နှိမ့်ချပြီး ခန္ဓာကိုယ်ကို စောင်းလျက် လွတ်ရုံရှောင်တိမ်းလိုက်သည်။

အဆိပ်ရာဇာသည် ချက်ချင်းပင် သူ၏တိုက်ခိုက်မှုကို ရုပ်သိမ်း၏။

ထိုတဒင်္ဂအတွင်းမှာပင် အမုန်းမိစ္ဆာသည် ဓားကို ဆွဲထုတ်လိုက်သည်။

အဆိပ်ရာဇာ ချက်ချင်းရှေ့သို့ ပြန်တက်လာပြီး ဆီးကြို တိုက်ခိုက်လိုက်သည်။

ဤတစ်ကြိမ်တွင်မူ အဆိပ်ရာဇာသည် ဓားပါးလေးတစ်



လက်ကို အသုံးပြုကာ တိုက်ခိုက်သည်။

သူ၏ဓားပါးလေးမှာ ရှစ်လက်မခန့် ရှည်ပြီး စိမ်းရောင်သမ်းနေသည့်အတွက် အဆိပ်လူးထားမှန်း သိသာလှပေသည်။

ကြောက်မက်ဖွယ်ကောင်းသော လက်နက်ပင် ဖြစ်၏။

သို့သော် အမုန်းမိစ္ဆာက အမှုမထားဟန်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်တော့သည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

သို့ရာတွင် ပြည့်ရွှန်းသော လပြည့်ဝန်းသည် ကောင်းကင်ပေါ်တွင် ရှိနေဆဲတည်း။

တိုက်ပွဲမှာ ပြင်းထန်နေဆဲ ဖြစ်သည်။

အဆိပ်ရာဇာနှင့် အမုန်းမိစ္ဆာတို့သည် သိုင်းကွက်ပေါင်း နှစ်ရာခန့်အထိ ယှဉ်ပြိုင်ခဲ့ကြပြီး ဖြစ်သည်။

သို့တိုင်အောင် မည်သူမျှ အသာစီး မရသေးချေ။

တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်နေ၏။

အဆိပ်ရာဇာနှင့် အမုန်းမိစ္ဆာတို့သည် အနိုင်မခံ အရှုံးမပေး ဆက်လက်ယှဉ်ပြိုင်နေကြသည်။

မိမိတတ်ကျွမ်းထားသော ပညာရပ်များကို အစွမ်းကုန် အိတ်သွန်ဖာမှောက် ထုတ်ဖော်ယှဉ်ပြိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဖြင့် သူတို့နှစ်ယောက်သည် သိုင်းကွက်ပေါင်း သုံးရာကျော်မျှ ယှဉ်ပြိုင်ခဲ့ပြီး ဖြစ်လေသည်။

အဆိပ်ရာဇာမှာ အသက်အရွယ် ကြီးရင့်မှုကြောင့် အချိန်ကြာလာသည်နှင့်အမျှ အတွင်းအားမှာလည်း တစ်စထက်တစ်စ လျော့ကျလာသည်။

တိုက်ခိုက်မှုလည်း လျော့ကျလာလေသည်။

အမှန်စင်စစ် သူသည် ဒေါသရှေ့ဆောင်နေသည့်အတွက် ဗရမ်းဗတာ တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုအခါမှ အမုန်းမိစ္ဆာက အတွင်းအားကို ချွေတာပြီး သူ့အား မောပန်းလာအောင် ခံစစ်သုံးနေသည်ကို သဘောပေါက်လာသည်။

သို့သော် နောက်ကျသွားချေပြီ။

* * *



အဆိပ်ရာဇာကား တစ်စထက်တစ်စ နွမ်းနယ်မောဟိုက်လာပြီ ဖြစ်သည်။

အမုန်းမိစ္ဆာက ကျေနပ်စွာ ပြုံးပြီး တိုက်စစ်ကို စတင်အသုံးပြုလိုက်လေသည်။

အဆိပ်ရာဇာ ရင်ထဲ လေးလံသွားသည်။

အမုန်းမိစ္ဆာ၏ပရိယာယ်ကို နားလည်သွားချိန်ဝယ် သူက မနည်းပင် ခုခံကာကွယ်ရတော့သည်။

ထပ်မံ၍ သိုင်းကွက်ငါးဆယ်ကျော်လာသောအခါ...

"ချွမ်း"

အဆိပ်ရာဇာ လက်ထဲမှဓားမှာ လွင့်ထွက်သွားသည်။

အဆိပ်ရာဇာ လက်နက်မဲ့ ဖြစ်သွားသောအခါ ပို၍ အခြေအနေ ဆိုးလာသည်။

နောက်ထပ် ငါးကွက်အတွင်း အဆိပ်ရာဇာမှာ ဓားနှစ်ချက်မျှ ထိမှန်ခံလိုက်ရသည်။

အဆိပ်ရာဇာအဖို့ ကျဉ်းထဲကျပ်ထဲ ရောက်နေ၍ လွတ်မြောက်ရန် လမ်းစကို အပြေးအလွှား ရှာဖွေ၏။

အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။

အမုန်းမိစ္ဆာ ခုတ်ချလာသော ဓားကို မရှောင်ဘဲ အတင်းရှေ့တိုး တိုက်ခိုက်လိုက်သည်။

"ဝုန်း"

"အား"

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ရာဇာ၏လက်ဝါးသည် အမုန်းမိစ္ဆာ၏ပခုံးကို ထိမှန်ကာ နောက်သို့ လွင့်စဉ်သွားစေသည်။

ထို့အတူ အဆိပ်ရာဇာမှာလည်း အမုန်းမိစ္ဆာ၏ဓားချက်ကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိသွားလေသည်။

သွေးများ ဒရဟော ယိုစီးကျလာ၏။

အဆိပ်ရာဇာက ဓားဒဏ်ရာကို လက်နှင့် အုပ်ကာ သစ်ပင်များကြားသို့ တိုးဝင်ပြေးသွားသည်။

အမုန်းမိစ္ဆာက မြေပေါ်မှ ကမန်းကတန်းထကာ အဆိပ်ရာဇာနောက်သို့ ပြေးလိုက်သွားလေတော့သည်။

* * *

## ဇာမဏီသွေး

ရွှေလက်သမားတော်သည် မုရသေ့နှင့် လမ်းခွဲကာ လုံ့ခွမ်းရှိမည့် နေရာများကို စုံစမ်းရှာဖွေသည်။

ကံအားလျော်စွာပင် လမ်းခုလတ်၌ သံမဏိအာဏာသားလုံ့ခွမ်းနှင့် ပက်ပင်းဆုံတွေ့မိလေသည်။

ရွှေလက်သမားတော်က သူတို့ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ပြောပြသည်။

လုံ့ခွမ်းလည်း ချက်ချင်းပင် သူ၏လက်ထောက်အချို့ကို အမိန့်ပေးလိုက်၏။

ကျန့်ကျူးမြို့မှ စတင်ကာ လမ်းအားလုံးကို ပိတ်ဆို့ထားရန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်ရွေးစင်မြင်းသည်တော်များကိုလည်း အမြန်ဆုံး လာရောက်ဆက်သွယ်ရန် အကြောင်းကြားလိုက်သည်။

ပြီးနောက် ရွှေလက်သမားတော်နှင့်အတူ အမြန်ဆုံး လိုက်ပါသွားလေတော့သည်။

* * *

ဘုံကျောင်းပျက်လေးတစ်ခု...

ထိုဘုံကျောင်းပျက်ကလေးရှေ့တွင် လူငယ်တစ်ယောက် ထိုင်နေ၏။

ထိုလူငယ်မှာ သက်ချွေးဓားဝမ်းဝေရှန်းပင် ဖြစ်ပါသည်။

ဝမ်းဝေရှန်းသည် အင်္ကျီလက်ကြားမှဓားကို ထုတ်ကာ တယုတယ ပွတ်သပ်လျက် ရှိသည်။

"ဖေဖေ၊ သား ဖေဖေ့အတွက် ရန်သူကို ဖော်ထုတ်ရှင်းလင်းပါ့မယ်"

ဝမ်းဝေရှန်း နှုတ်မှ တတွတ်တွတ် တီးတိုးရေရွတ်သည်။

မျက်လုံးများမှာမူ ဓားတိုကလေးကို အမြတ်တနိုးကြည့်သည်။

ဓားတိုလေး၏ဓားအိမ်မှာ ဟောင်းနွမ်းနေပြီ ဖြစ်၏။

သို့သော် ဓားအိမ်ပေါ်မှ ဇာမဏီငှက်ရုပ်ပုံကိုမူ ထင်ရှားစွာ တွေ့မြင်နေရသည်။



သူသည် ဆရာဖြစ်သူ၏ စကားများကိုလည်း ကြားယောင်လာမိသည်။

"တောလမ်းလေးတစ်ခုမှာ မင်းတို့သားအဖကို တွေ့ခဲ့တယ်၊ မင်းရဲ့ဖခင်က ငါ့လက်ထဲ မင်းကို အပ်ပြီးတဲ့ဘာနဲ့ သေဆုံးသွားတယ်၊ ဒါကြောင့် မင်းကို ငါက မွေးစားခဲ့တာပဲ၊ နောက်ပိုင်းမှ မင်းဖခင်ဟာ ဇာမဏီသိုင်းသမားထင်းကျူးလွှေဆိုတာ သိခဲ့ရတယ်၊ မင်းအဖေကို လုပ်ကြံခဲ့သူကတော့ အမုန်းမိစ္ဆာပဲ"

ဝမ်းဝေရှန်း အံတင်းတင်းကြိတ်လိုက်သည်။

"ဖေဖေ အမုန်းမိစ္ဆာကို မဖြစ်မနေ သုတ်သင်ပါ့မယ်လို့ သားကတိပြုပါတယ်"

သူက ဓားတိုကလေးကို ပြန်လည်သိမ်းဆည်းထားလိုက်၏။

ထိုစဉ် သူ၏မျက်လုံးအစုံက အဝေးမှ လျှောက်လှမ်းလာသော လူရိပ်တစ်ခုအား တွေ့မြင်သွား၏။

သူက ချက်ချင်းပင် ဘုံကျောင်းပျက်ထဲ ပြေးဝင်ကာ အခြေအနေကို အကဲခတ်စောင့်ကြည့်နေလိုက်တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လရောင်သည် လင်းလက်လျက် ရှိ၏။

အေးမြသော လရောင်အောက်တွင် ထင်းလင်း လမ်း လျှောက်လာသည်။

မကြာမီ သူက ဘုံကျောင်းပျက်အနီး ရောက်ရှိလာသည်။

ထိုဘုံကျောင်းပျက်၌ တစ်ည တည်းခိုရန် ဆုံးဖြတ်လိုက် သည်။

သူက ဘုံကျောင်းပျက်ရှေ့ရှိ မြက်ခင်းပေါ်ဝယ် လဲလျောင်း လိုက်ပြီး လမင်းကို မော့ကြည့်သည်။

လရောင်သည် အေးမြလှ၏။

ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေသည်။

ဤချမ်းမြေ့ဖွယ် သဘာဝအလှကို ခံစားနေရသည့်အခါ ထင်းလင်းသည် သိုင်းလောကကို ငြီးငွေ့သလို ဖြစ်လာ၏။

သူ့ဘဝကို အေးချမ်းစွာဖြင့်သာ ကုန်ဆုံးစေချင်တော့သည်။

ချမ်းမြေ့အေးချမ်းသော ဘဝ၌ ကြျူးယွင်ကိုလည်း အနား တွင် ရှိနေစေလိုသော ဆန္ဒများ တဆက်တည်း ဖြစ်ပေါ်ခံစားလာ လေသည်။

* * *



ဘုံကျောင်းပျက်သို့ ဦးတည်လာနေသူမှာ ထင်းလင်း ဖြစ်နေသည်ကို တွေ့လျှင် ဝမ်းဝေရှန်း အံ့သြသွားသည်။

ထင်းလင်းသည် မမျှော်လင့်ဘဲ သူ့ရှေ့မှောက် ရောက်လာခဲ့ပြီ ဖြစ်သည်။

ထင်းလင်းသည် မြက်ခင်းပြင်၌ အေးအေးလူလူ လဲလျောင်းနေပါသည်။

သူ့အား တိုက်ခိုက်မည်ဆိုလျှင် ယခုအချိန်သည် အကောင်းဆုံးပင် ဖြစ်သည်။

သူက အခွင့်အရေးကို လက်လွှတ်မခံလိုပါ။

ချက်ချင်းပင် ထင်းလင်းအား လက်နက်ပုန်းဖြင့် ပစ်ခတ်လိုက်တော့သည်။

"ဝှစ်..ဝှစ်..ဝှစ်"

ထင်းလင်းသည် အတွေးရေယဉ်ကျော၌ နစ်မျောနေခဲ့ရာမှ လေတိုးသံ ကြားသဖြင့် ဖျတ်ခနဲ သတိဝင်လာသည်။

ချက်ချင်းပင် အပေါ်သို့ ခုန်တက်ကာ ရှောင်တိမ်းလိုက်၏။

လက်နက်ပုန်းတစ်ခုသည် သူ၏ခါးကြားမှ ဖြတ်ကျော်သွားသည်။

ကျန်လက်နက်ပုန်းတစ်ခုမှာ ခေါင်းကို ရှပ်ကာ ထိမှန်သွားလေသည်။

ဝမ်းဝေရှန်းမှာ သူ၏လက်နက်ပုန်းတစ်ခု အသုံးဝင်သွားသည်ကို တွေ့ရသောအခါ ဝမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ဘုံကျောင်း အပြင်သို့ ခုန်ထွက်လာခဲ့သည်။

ထိုအချိန်တွင် ထင်းလင်းမှာ မြေပေါ် ပြန်ကျလာသည်။

သူက ရွှေလက်သမားတော်၏ အဆိပ်ဖြေဆေးတစ်လုံးကို ကမန်းကတန်း ထုတ်ယူသောက်ချလိုက်၏။

ထို့နောက် ဓားဆွဲထုတ်ကာ ရန်သူကို ရင်ဆိုင်လိုက်၏။

ရန်သူအား သေချာတွေ့မြင်သွားလျှင် မျက်နှာပျက်သွားမိသည်။

ရန်သူကား ဝမ်းဝေရှန်း ဖြစ်နေခြင်းကြောင့်ပင်။

"မင်း ဘာကြောင့် ငါ့အပေါ် မုန်းတီးနေရတာလဲ"

သူက စိတ်မသက်သာဟန်ဖြင့် မေးလိုက်သည်။

ဝမ်းဝေရှန်းက သဘောကျစွာ ပြုံးယင်း...

"မင်း မရှိယင် ငါလုပ်ချင်တာ လုပ်လို့ရပြီ၊ သိုင်းလောကမှာ ပထမ ဖြစ်ဖို့လဲ မဝေးတော့ဘူးလေ"

ထင်းလင်း ခေါင်းယမ်းလိုက်သည်။

"မင်း နောင်တရဖို့ ကောင်းပြီ၊ အခုဆို မင်းမှာ အန္တရာယ်တွေ ဝိုင်းနေပြီ၊ မင်း တစ်နေရာမှာ ဓာတ်မြှုပ်နေသင့်တယ်"

ဝမ်းဝေရှန်းက ဂရုမစိုက်ပါ။

"တကယ် အန္တရာယ်ရှိတာ မင်းပဲ၊ အခု မင်းသေရတော့မယ်"

"ငါ တစ်ခု ပြောမယ်၊ အခု ယှဉ်လို့ မင်းရှုံးယင် မင်းအနေ ဓာတ်မြှုပ်နေမလား"



ဝမ်းဝေရှန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ငါ ကတိပေးတယ်"

စကားဆုံးလျှင် စတင်တိုက်ခိုက်လာသည်။

ထင်းလင်းက ပြန်လည်တိုက်ခိုက်လိုက်သည်။

ဝမ်းဝေရှန်းမှာ ထင်းလင်း အဆိပ်ဖြေဆေး ကြိုသောက်ခဲ့သည်ကို မသိပေ။

လှုပ်ရှားမှု ပြင်းထန်လေ အဆိပ်က ပို၍တက်လေ ဖြစ်မည်ကို တွေးပြီး ဝမ်းသာလျက် ရှိနေလေသည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

သိုင်းကွက်တစ်ရာ ကျော်လာပြီ ဖြစ်သည်။

ထင်းလင်း၏တိုက်ခိုက်မှုမှာ အချိန်ကြာလေ ပို၍ ပြင်းထန်လာလေ ဖြစ်သောကြောင့် ဝမ်းဝေရှန်း ရင်ထိတ်လာ၏။

သူက ချက်ချင်းပင် ဝှက်ထားသော ဓားတိုကို ထုတ်ကာ တိုက်ခိုက်လိုက်သည်။

သို့သော် ထင်းလင်းအား မထိချေ။

သူက တိုက်ခိုက်ပြီး မကြာမီ ထင်းလင်းမှာ ဓာမဏိငှက်ရုပ်ပုံ ပါသော ဝမ်းဝေရှန်း၏ဓားအား သတိပြုမိသွား၏။

နှုတ်မှလည်း...

www.burmeseclassic.com

www.burmeseclassic.com



"ဓာမဏီဓား"

ဟုရေရွတ်လိုက်သည်။

ဤသို့ဆိုလျှင် ဝမ်းဝေရှန်းသည် သူ၏ညီပင် ဖြစ်ပေလိမ့်မည်။

ထင်းလင်းမှာ ဝမ်းသာအားရ ဖြစ်သွားကာ သတိလက်လွတ် ဝေးဝိုင်သွားသည်။

ဤသည်ကို ဝမ်းဝေရှန်းက အခွင့်ကောင်းယူကာ ဓားဖြင့်တိုက်ခိုက်လိုက်သည်။

ထင်းလင်း မရှောင်နိုင်ဘဲ ဓားချက်ထိကာ ယိုင်ထွက်သွား၏။

ဝမ်းဝေရှန်းက ဆက်လက်တိုက်ခိုက်ရန် ပြင်လိုက်၏။

ထင်းလင်းက ကပျာကယာ လက်ကာပြယင်း...

"ညီလေး မလုပ်နဲ့ မှားမယ်၊ မင်းဟာ ငါရှာနေတဲ့ ငါ့ရဲ့ညီ

ထိုစကားကြောင့် ဝမ်းဝေရှန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

"မင်း ဘာတွေ ပြောနေတာလဲ"

ထင်းလင်းက ဓားဒဏ်ရာတစ်ဝိုက်မှ သွေးကြောအချို့ထိုးပိတ်လိုက်ပြီး...

"မင်းလက်ထဲက ဓားဟာ ဓာမဏီဓားပဲ၊ မင်းဟာ ဖေဖေအတူ ပါသွားတဲ့ ငါ့ညီလေးပဲ"

ဝမ်းဝေရှန်း ဆတ်ခနဲ ဖြစ်သွားသည်။



"မင်း..မင်း တကယ် ပြောနေတာလား"

"ငါ တကယ် ပြောတာ မင်းရဲ့ကျောမှာ ဓာမဏီငှက်ပုံ ထိုးထားတဲ့ အစက်တွေ ရှိတယ် မဟုတ်လား"

ဆရာဖြစ်သူက ကျော၌ ထိုအစက်ကလေးများ ရှိကြောင်း ပြောပြထားခဲ့ဖူးသည်။

ထင်းလင်းက...

"ညီလေး၊ မင်း မမိုက်နဲ့တော့၊ ငါတို့မိဘတွေအတွက် အမုန်းမီးစွာကို လက်စားချေပြန်ဖို့အရေး မတရားမှုတွေ မလုပ်နဲ့တော့"

ထင်းလင်းမှာ သူ၏အကြောင်း အကုန်သိနေ၍ စိတ်ထဲလှုပ်ရှားလာသလို ယူကျုံးမရလည်း ဖြစ်လာသည်။

မောဟဖုံးလွှမ်းမှုကြောင့် အမှန်ကို မမြင်ဘဲ မိုက်မှားမိခဲ့၏။

အပြစ်ရှိသူတစ်ယောက်အတွက် အပြစ်မဲ့သူများကို ဒုက္ခပေးမိခဲ့သည်။

ယူကျုံးမရအောင် ဝမ်းနည်းလာမိသည်။

"အစ်ကိုကြီး"

လိုက်လှဲစွာ ခေါ်ယင်း ထင်းလင်းကို ပြေးပွေ့လိုက်သည်။

ထင်းလင်း၏ခန္ဓာကိုယ်တွင် သွေးများစွာ ထွက်နေသည်ကို တွေ့ရ၏။

"အစ်ကိုကြီး ဒဏ်ရာသိပ်ပြင်းထန်သလား၊ သွေးတွေ အရမ်းထွက်နေတယ်"

ဝမ်းဝေရှန်းထံမှ အစ်ကိုဟူသော စကားသံ ည် ဝေအစ်ကို

www.burmeseclassic.com

www.burmeseclassic.com



တခဏမျှ မေ့လျော့သွားစေလေသည်။

"ကိစ္စမရှိဘူး၊ ငါ့အိတ်ထဲမှာ သွေးတိတ်ဆေးမှုန့် ရှိတယ်"

ဝမ်းဝေ့ရှန်းသည် ချက်ချင်းပင် သွေးတိတ်ဆေးကို နှိုက်ယူကာ ဒဏ်ရာအပေါ် ဖိသိပ်လိုက်၏။

ထို့နောက် သူ၏အင်္ကျီကို ဆုတ်ဖြဲပြီး ပတ်တီးစည်းနှောင်ပေးလေသည်။

"ငါထင်တယ်၊ ဒါကြောင့် မင်းနဲ့ ရင်ဆိုင်တိုင်း ငါ့စိတ်တွေ တစ်မျိုး ဖြစ်နေတာ၊ ဒါသွေးက စကားပြောတာပဲ"

"ကျွန်တော် တကယ် မိုက်တယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ညီလေးမှာ အပြစ်မရှိပါဘူး၊ နောင်ကို ဆက်မမိုက်ဘဲ အစ်ကို့ စကားကို နားထောင်စေချင်တယ်"

"စိတ်ချပါ အစ်ကို၊ ကျွန်တော် နောင်တရပါပြီ"

သူတို့နှစ်ယောက် ပွေ့ဖက်ထားလိုက်၏။

ထိုတခဏအတွင်း၌ နှစ်ဦးစလုံး၏ရင်ထဲ၌ နွေးထွေးသွားလေသည်။

ထိုစဉ် အဝေးမှ ရှေ့ဆင့်နောက်ဆင့် ပြေးလွှားလာနေသော လူရိပ်နှစ်ခုကို တွေ့လိုက်ရသည်။

ဝမ်းဝေ့ရှန်း မျက်မှောင်ကြုတ်ကာ...

"ဘယ်သူတွေလဲ မသိဘူး၊ ကျွန်တော်တို့ ရှောင်နေယင်ကောင်းမယ်"

ပြောပြောဆိုဆို ထင်းလင်းအား ဖေးမကာ ဘုံကျောင်းပျက်



ထဲ တိုးဝင်သွားကြသည်။

သူတို့နှစ်ယောက် ဘုံကျောင်းထဲ ဝင်ရောက်သွားပြီး မကြာမီမှာပင် လူရိပ်နှစ်ရိပ်သည် ဘုံကျောင်းပျက်နားဆီသို့ ရောက်ရှိလာလေသည်။

ရှေ့မှ လူရိပ်သည် ဒဏ်ရာပြင်းထန်စွာ ရထားပုံ ရှိပြီး ခန္ဓာကိုယ်ယိမ်းတိုးနေ၏။

မကြာမီ လူလုံးကွဲလာသည်။

ရှေ့မှ လူကို ကွဲကွဲပြားပြား မြင်လိုက်ရသောအခါ ဝမ်းဝေ့ရှန်း မျက်နှာပျက်သွားသည်။

"ရှေ့က လူဟာ ကျွန်တော့်ဆရာပဲ"

ဝမ်းဝေ့ရှန်း လွှတ်ခနဲ ပြောလိုက်သည်။

တစ်ဆက်တည်းပင် ထင်းလင်းဘက်လှည့်ကာ...

"အစ်ကိုကြီး ခဏနေဦး ဆရာ့ကို သွားကူလိုက်ဦးမယ်"

"ငါလဲ လိုက်မယ်"

"အစ်ကို့မှာ ဒဏ်ရာနဲ့"

"ဒါပေမယ့် တိုက်ခိုက်နိုင်ပါသေးတယ်"

ဝမ်းဝေ့ရှန်း ပါးစပ်ပိတ်ထားလိုက်တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အပြစ်ဒဏ်

အဆိပ်ရာဇာသည် ပြေးမလွတ်မှန်းသိလျှင် ဘုံကျောင်းပျက်ရှေ့၌ ရပ်တန့်လိုက်၏။

ထို့ကြောင့် အမုန်းမိစ္ဆာက မီလာသည်။

သူမက သဘောကျစွာ ရယ်မောယင်း...

"ဘယ်လိုလဲ ရှင် မလွတ်ဘူး မဟုတ်လား"

အဆိပ်ရာဇာ အံကြိတ်လိုက်သည်။

"ငါသေသွားလဲ မင်းကို ငါ့တပည့်က လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

"ရှင်တောင်မှ မနိုင်တာ ရှင့်တပည့်က ရမတဲ့လား"

ထိုစဉ် လူရိပ်နှစ်ရိပ်သည် ဘုံကျောင်းထဲမှ ထွက်လာ၏။



"ခင်ဗျားကို မနိုင်ဘူးလို့ ဘယ်သူက ပြောလဲ"

စကားသံကြောင့် အမုန်းမိစ္ဆာ လှည့်ကြည့်လိုက်၏။

လူငယ်နှစ်ဦး ပြေးဝင်လာသည်ကို တွေ့ရသည်။

တစ်ယောက်မှာ သူမနှင့် ယှဉ်ပြိုင်ဖူး၍ ထင်းလင်း ဖြစ်မှန်း သိထား၏။

ကျန်တစ်ယောက်ကိုကား မသိချေ။

အဆိပ်ရာဇာမှာ မမျှော်လင့်ဘဲ ဝမ်းဝေရှန်းကို တွေ့မြင်လိုက်ရသောကြောင့် ဝမ်းသာသွားသည်။

"ဝမ်းဝေရှန်း"

ဝမ်းဝေရှန်းက ဆရာဖြစ်သူထံ သွားကာ ဖေးမလိုက်သည်။

အဆိပ်ရာဇာက...

"ဝမ်းဝေရှန်း၊ မင်းဖခင်ကို လုပ်ကြံခဲ့တဲ့ အမုန်းမိစ္ဆာပေ့ကျင်းကျင်းဆိုတာ သူပဲ"

ဝမ်းဝေရှန်း ဒေါသများ ဆူဝေလာသည်။

"ခင်ဗျား အပြစ်ပေးဆပ်ရမယ်"

အမုန်းမိစ္ဆာ တဖြည်းဖြည်း သဘောပေါက်လာသည်။

"လက်စသတ်တော့ ဇာမဏီဘားရဲ့ မျိုးဆက်တွေပါလား၊ ငါ မညှာနိုင်ဘူး ရှင်းပစ်ရမှာပဲ"

သူမ အနေဖြင့် သူသေကိုယ်သေ တိုက်ပွဲဆင်နွှဲရတော့မည် ဖြစ်ကြောင်း ကောင်းစွာ နားလည်လိုက်မိတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဘုံကျောင်းရှေ့ဝယ် ပြင်းထန်သော တိုက်ပွဲ ရုတ်ခြည်း ဖြစ်ပေါ်လာလေသည်။

ထင်းလင်းနှင့် ဝမ်းဝေရှန်းတို့က ရှေ့နောက်ညှပ်ကာ တိုက်ခိုက်နေ၏။

အမုန်းမိစ္ဆာကလည်း တရကြမ်း ပြန်လည်တိုက်ခိုက်နေ၏။

ထင်းလင်းမှာ သွေးထွက်လွန်နေခြင်းကြောင့် ထင်သလောက် မတိုက်ခိုက်နိုင်ပါချေ။

သိုင်းကွက်နှစ်ရာ ကျော်လာသောအခါ အလွန်မောပန်းလာပြီ ဖြစ်သည်။

တိုက်ခိုက်မှုလည်း နှေးကွေးလာသည်။

ဝမ်းဝေရှန်းမှာ အစ်ကိုဖြစ်သူအတွက် စိုးရိမ်ပူပန်လာ၏။

အံတင်းတင်းကြိတ်ကာ အမုန်းမိစ္ဆာအား အစွမ်းရှိသလောက် မီးကုန်ယမ်းကုန် တိုက်ခိုက်လေသည်။



သို့သော်...

သူတို့နှစ်ဦးစလုံးသည် အခြေအနေ မကောင်းတော့ချေ။

အမုန်းမိစ္ဆာ၏တိုက်စစ်အောက်သို့ ရောက်မှန်းမသိ ရောက်လာကြသည်။

အမုန်းမိစ္ဆာသည် အခြေအနေကို တွက်ဆလိုက်၏။

ယခု သူ၏တိုက်စစ်အောက်ဝယ် ထင်းကျုံးလွေ၏သားနှစ်ယောက် အကြပ်ရိုက်နေကြပြီ ဖြစ်သည်။

နောက်ထပ် သိုင်းကွက်တစ်ရာခန့်ဆိုလျှင် ကောင်းစွာ ရှင်းလင်းပစ်နိုင်တော့မည် ဖြစ်၏။

"မင်းတို့တွေ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရမှာ နမြောစရာပဲ"

အမုန်းမိစ္ဆာက သဘောကျစွာ ပြောယင်း ပို၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

အမုန်းမိစ္ဆာ၏တိုက်ခိုက်မှု ပြင်းထန်လာလေလေ ထင်းလင်းတို့မှာ အကြပ်ရိုက်လာလေပင် ဖြစ်သည်။

ထင်းလင်းနှင့် ဝမ်းဝေရှန်းတို့မှာ နှစ်ယောက် ပေါင်း၍ တိုက်ခိုက်နေရသော်လည်း ပြန်လည်တိုက်ခိုက်နိုင်စွမ်း မရှိတော့ပါ။

အမုန်းမိစ္ဆာ၏ တိုက်ခိုက်မှုအောက်တွင်သာ အလူးအလဲကာကွယ်ခုခံနေရလေသည်။

အဆိပ်ရာဇာမှာ နံဘေးမှ ရပ်ကြည့်ယင်း ရင်ထဲ၌ လေးလံလာ၏။

လက်ပိုက်ကြည့်နေ၍ မဖြစ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအားကို စုစည်းပြီးနောက် ရုတ်တရက် တိုက်ပွဲအတွင်းသို့ ခုန်ဝင်ကာ အမုန်းမိစ္ဆာ၏နောက်ကျောကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဟင်"

အမုန်းမိစ္ဆာမှာ ရုတ်တရက် နောက်မှလေတိုးသံ ကြားသည့်အတွက် ထိတ်လန့်သွား၏။

ကမန်းကတန်းပင် ဓားကို နောက်ပြန်တစ်ချက် ထိုးသွင်းလိုက်သည်။

"ဝုန်း"

"အား"

အဆိပ်ရာဇာ၏လက်ဝါးသည် အမုန်းမိစ္ဆာ၏နောက်ကျောကို ရိုက်ချမိသွား၏။

သို့သော် အမုန်းမိစ္ဆာ၏ဓားက အဆိပ်ရာဇာ၏ရင်ဝကို အယင် စိုက်ဝင်သွားသည်။

ထို့ကြောင့် အဆိပ်ရာဇာ၏လက်ဝါးရိုက်ချက်သည် ပြင်းထန်သင့်သလောက် မပြင်းထန်တော့ချေ။

မည်သို့ဆိုစေ အမုန်းမိစ္ဆာကိုမူ ဟန်ချက်ပျက်အောင် ယိမ်းယိုင်သွားစေခဲ့လေသည်။

အဆိပ်ရာဇာမှာ ပြင်းထန်သော ဓားချက်ကြောင့် သေဆုံးသွားပြီ ဖြစ်သည်။

ဝမ်းဝေရှန်း ဒေါသထွက်သွားကာ...



"သေပေတော့"

အော်ငေါက်ယင်း အဆိပ်အပ်နှစ်ချောင်း ထုတ်ယူကာ ပစ်ခတ်လိုက်သည်။

ဟန်ချက်ပျက်သွားသော အမုန်းမိစ္ဆာ ထိတ်လန့်သွားကာ ကပျာကယာ ရှောင်တိမ်းလိုက်၏။

သို့တိုင် အဆိပ်အပ်တစ်ချောင်းသာ ရှောင်တိမ်းနိုင်ပြီး ကျန်တစ်ချောင်းကား ဓားကိုင်လက်အား ထိမှန်သွား၏။

အမုန်းမိစ္ဆာ မျက်လုံးပြူးသွားပြီး အဆိပ်အပ်ထိသည့် နေရာအား ကုတ်ဆွဲချကာ သွေးကြောထိုးပိတ်လိုက်၏။

သူမက အချိန်မီ အဆိပ်ထုတ်နည်းအား အသုံးပြုလိုက်ခြင်း ဖြစ်သည်။

သို့တိုင် အဆိပ်မှာ ပြင်းထန်လွန်းရကား သူမ၏လက်မှာ အကြောများ ဆိုင်းသွားသလို ဖြစ်သွားပြီး လှုပ်ရှားမရတော့ချေ။

သူမ အထိတ်တလန့် ဖြစ်နေစဉ်မှာပင်...

"ယား"

ဝမ်းဝေရှန်းမှာ ထင်းလင်းတို့က ပြိုင်တူ ညာသံပေးကာ ခုန်ဝင်လာကြ၏။

အမုန်းမိစ္ဆာက အကောင်းယကတိ ရှိနေသော ဝဲဘက်လက်ဖြင့် ဝေ့ယမ်းတိုက်ခိုက်လိုက်သည်။

"ဝုန်း"

"အား"

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ထင်းလင်းနှင့် ဝမ်းဝေရှန်း လွင့်ထွက်သွားသည်။

အမုန်းမိစ္ဆာမှာလည်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရမည်။

သူမ၏ရင်ဝ၌ ဝမ်းဝေရှန်း၏ဓားကြောင့် ဒဏ်ရာတစ်ချက် ရရှိသွားပြီ ဖြစ်သည်။

သူမ ဒေါသခြောင်းခြောင်း ထွက်နေသည်။

"ငါသေယင်လဲ မင်းတို့ကို အရှင်မထားဘူး"

ကြုံးဝါးယင်း လဲကျနေသော ထင်းလင်းနှင့် ဝမ်းဝေရှန်းတို့ထံ ချဉ်းကပ်လာသည်။

ဝမ်းဝေရှန်းက ဒယီးဒယိုင်ဖြင့် ထရပ်ကာ ဒဏ်ရာပြင်းစွာ ရထားသော ထင်းလင်းအား အကာအကွယ်ပေးထားလိုက်၏။

သူသည်လည်း အတွင်းဒဏ်ရာ ရထား၍ အမုန်းမိစ္ဆာအား ယှဉ်နိုင်မည် မဟုတ်ပါ။

သို့သော် အားမလျှော့ဘဲ အသေခံတိုက်ရန် ဆုံးဖြတ်ထားပေသည်။

အမုန်းမိစ္ဆာမှာ တဖြည်းဖြည်း ချဉ်းကပ်ကာ တိုက်ခိုက်ရန် ပြင်လာ၏။

ထိုအချိန်မှာပင် လူရိပ်နှစ်ရိပ် ရောက်ရှိကာ ကြားဖြတ် တိုက်ခိုက်လာသောကြောင့် နောက်ဆုတ်သွားရသည်။

တိုက်ခိုက်လာသူနှစ်ယောက်ကား ကြူးယွင်နှင့် မုရသေ့တို့



ပင် ဖြစ်လေတော့သည်။

* * *

မိမိ အလုပ်အား ဝင်ရှုပ်၍ အမုန်းမိစ္ဆာ ဒေါသခြောင်းခြောင်းထွက်နေသည်။

သူမက ကြူးယွင်နှင့် မုရသေ့တို့အား မီးကုန်ယမ်းကုန်ပင် တိုက်ခိုက်နေသည်။

ကြူးယွင်နှင့် မုရသေ့တို့မှာ အသာမရဘဲ ရှိနေ၏။

အကြောင်းမှာ အမုန်းမိစ္ဆာသည် ကျားနာခဲ ခဲသလို သူသေကိုယ်သေ တိုက်ခိုက်နေသောကြောင့် ဖြစ်သည်။

ကြူးယွင်သည် ထင်းလင်းအတွက် အလွန်ပင် စိုးရိမ်နေ၏။

အမုန်းမိစ္ဆာအား ရှင်းနိုင်မှ ဖြစ်မည်ဟု တွေးမိပြီး အစွမ်းအထက်ဆုံး သိုင်းကွက်အား ထုတ်ဖော်တိုက်ခိုက်လိုက်၏။

သူမ၏တိုက်ကွက်အား မြင်လျှင် အမုန်းမိစ္ဆာ မျက်မှောင်ကြုတ်သွားသည်။

"အလှမယ်ချင်းလျှံနဲ့ ဘယ်လိုပတ်သက်နေသလဲ"

တအံ့တသြဖြင့် မေးလိုက်၏။

ကြူးယွင်က...

"သူဟာ ကျွန်မဆရာပဲ"

အမုန်းမိစ္ဆာ အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်က တရကြမ်း တိုက်ခိုက်လာသဖြင့် နောက်ဆုတ်ပေးလိုက်ရသည်။

မုရသေ့က အခွင့်အရေးအား လက်လွှတ်မခံဘဲ လက်ဝါးဖြင့် ရိုက်ထုတ်လိုက်သည်။

"ဝုန်း"

အမုန်းမိစ္ဆာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရသည်။

သူမ အလွန်ပင် ဒေါသထွက်သွားသည်။

မုရသေ့ထံသို့ တရကြမ်း ပြေးဝင်လာသည်။

အမုန်းမိစ္ဆာ ဤမျှအထိ ခံနိုင်ရည် ရှိသည်ကို ကြည့်ပြီး ကြောင်အမ်းအမ်း ဖြစ်နေသည်။

အမုန်းမိစ္ဆာက လက်ဝါးဆန့်ထုတ်လာသည်။

"သတိထား"

ကြူးယွင်က သတိပေးယင်း ခုန်ဝင်တိုက်ခိုက်လာသည်။

အမုန်းမိစ္ဆာက ကြူးယွင်အား ပြန်လည်တိုက်ခိုက်လိုက်ရသည်။

လက်ဝါးချင်းဆုံမိလျှင်...

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ ကြူးယွင် လေးငါးလှမ်းမျှ ဆုတ်သွားရသည်။

အမုန်းမိစ္ဆာမှာလည်း ယိမ်းယိုင်သွားသည်။

ထိုအချိန် ခဏလေးအတွင်းမှာပင် ဝင်းလက်သော အလင်းရောင်တန်းတစ်ချက် ထွက်ပေါ်လာသည်။



"အင့်"

အမုန်းမိစ္ဆာ့ထံမှ မသဲမကွဲ ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည်။

သူမက ရင်ဝအား ငုံ့ကြည့်လိုက်၏။

သူမ၏ရင်ဝ၌ ဓားမဏီဓား စိုက်ဝင်နေ၏။

ဝမ်းဝေရှန်းက အခွင့်ကောင်းအား အသုံးချလိုက်ခြင်းပင် ဖြစ်ပေသည်။

BURMESE CLASSIC .com

အမုန်းမိစ္ဆာက...

"မင်း...မင်း"

မကျေမချမ်း ရေရွတ်ယင်း တအိအိ လဲပြိုကျသွား၏။

သူမ လဲမကျမီ အချိန်လေး၌ ဗျွလက်သမားတော်၊ လုံခွမ်းနှင့် အာဏာသားများ ရောက်ရှိလာသည်ကို နောက်ဆုံး မြင်တွေ့လိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

သိုင်းလောကအား မွှေနှောက်ဒုက္ခပေးခဲ့သော အမုန်းမိစ္ဆာကား သေဆုံးသွားချေပြီ။

အဆိပ်ရာဇာနှင့် ဝမ်ဝေရှန်းတို့၏ ဒုစရိုက်မှုများကိုလည်း ဖော်ထုတ်နိုင်ခဲ့ချေပြီ။

အရာအားလုံးသည် ပကတိ ပြန်လည်တည်ငြိမ်ကာ အေးချမ်းသွားပြီဟု ဆိုရပေမည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိပါချေ တကား။

* * *



တောင်ကုန်းလေးတစ်ခု...

တောင်ကုန်းလေးတစ်ခုပေါ်ဝယ် လူနှစ်ယောက် ရပ်နေ၏။

ထင်းလင်းနှင့် ကြူးယွင်တို့ပင် ဖြစ်သည်။

ထင်းလင်း၏ခန္ဓာကိုယ် အနှံ့အပြားတွင် ပတ်တီးများ စည်းနှောင်ထားသည်။

ကြူးယွင်၏ကူညီမှု၊ ရွှေလက်သမားတော် အချိန်မီ ဆေးကုသနိုင်မှုတို့ကြောင့် အသက်ချမ်းသာရာ ရခဲ့ခြင်းပင် ဖြစ်ပေသည်။

ထင်းလင်း၏မျက်ဝန်းအစုံသည် အဝေးသို့ ငေးမျှော်ကြည့်နေ၏။

ကြူးယွင်က ကြင်နာစွာဖြင့် သူ့အား ဖေးမထားပါသည်။

ထင်းလင်းမှာ အဝေးသို့ မျှော်ကြည့်ယင်း ညီဖြစ်သူ ဝမ်းဝေရှန်း၏မျက်နှာအား မြင်ယောင်လာသည်။

ဝမ်းဝေရှန်းသည် ကျူးလွန်ခဲ့သော အပြစ်များအတွက် တရားဥပဒေ၏ အဆုံးအမကို ခံယူရန် လုံခွမ်းနှင့် လိုက်ပါသွားခဲ့ချေပြီ။

တစ်ချိန်တွင် စိတ်သစ်၊ လူသစ်၊ ဘဝသစ်ဖြင့် ပြန်ရောက်လာမည့် ညီငယ်အား သူတို့မိသားစု အိမ်ကလေး၌ နွေးထွေးစွာ စောင့်ကြိုနေမည် ဖြစ်သည်။

အရာရာသည် သူ့အတွက် အေးချမ်းကာ တည်ငြိမ်သွားပြီဟု ထင်းလင်း နားလည်ထား၏။

အကြောင်းမှာ သူ၏အနီးတွင် ကြူးယွင်က အမြဲ ရှိနေသော

www.burmeseclassic.com

www.burmeseclassic.com



မည် ဖြစ်သောကြောင့်ပင်။

မကြာမီ သူသည် ညီငယ် ပြန်လာမည့် အချိန်အား ချစ်ရသူ ကြူးယွင်၏လက်ကို တွဲကာ ကြိုဆိုနိုင်ပေတော့မည်။

သူက အဝေးသို့ ငေးနေရာမှ ကြူးယွင်ဘက် လှည့်လိုက်၏။

ကြူးယွင်ကား သူ့အား ပြုံး၍ ကြည့်နေသည်။

သူမ၏မျက်နှာပေါ်တွင် မုန်းတီးခြင်း၊ ရန်လိုခြင်းတို့ မရှိဘဲ ပကတိ ရိုးသားဖြူစင်ကာ မေတ္တာတရား၏ အေးမြမှု ထင်ဟပ်နေသည်ကို သူက ကောင်းစွာ နားလည်မိထားလေတော့သည်။

ပြီးပါပြီ။

BURMESE CLASSIC .com

www.burmeseclassic.com